ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည်လည်းကောင်း၊ ကိလေသာအနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၃ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 11 August 2021 ၁၀၄၆၂

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အချိန်ကာလအားဖြင့် ခေတ္တတာဝန်ယူ ဆောင်ရွက်သည်ဆိုသော်လည်း ပြည်သူများ စားရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေး ကိစ္စများအား မဖြစ်မနေဆောင်ရွက်ပေးရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၁)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

ကြေးမုံ ယနေ့ ဖတ်စရာ



**များများစစ်၊ မြန်မြန်တွေ့၊ စောစောကုသမှုခံယူခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျှော့ချကြပါစို့**
စာမျက်နှာ » ၆

**ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ် လေ့လာခြင်း (ပါကစ္စတန်နိုင်ငံ)**
စာမျက်နှာ » ၈

**ဩဂုတ် ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၄၃၄ ဦး တွေ့ရှိ**
စာမျက်နှာ » ၂၀

ကြေးမုံ

# ပြည်သူများ၏ လူမှုဘဝလိုအပ်ချက်များဖြည့်ဆည်း

“ကူးစက်ဖြစ်ပွားမှုနှုန်းကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်သည်ဆိုသော်လည်း စိတ်ချရသည့်အနေအထားတွင် မရှိသေးကြောင်း၊ ကူးစက်ရောဂါ ဖြစ်ပွားမှုနှုန်းကို ယခုဩဂုတ်လတွင် တစ်ဝက်၊ ခေါက်ချိုးကျသည်အထိ ဆွဲချနိုင်ရေး ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခင်က ၄၀၀၀ ခန့်ဖြစ်ပွားမှုကို ၂၀၀၀ အထိ လျော့ကျနိုင်ရေးလုပ်ဆောင်သွားမည်ဖြစ်ပြီး နောက်လများတွင် ထိုထက်ပိုမိုကျဆင်းအောင် ဆက်လက်ကြိုးပမ်းလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ သတ္တမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

မြန်မာနိုင်ငံတွင် ယခုဩဂုတ်လ ၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူ ၃၄၀၀ ကျော်ရှိခဲ့ပြီး ဩဂုတ်လ ၈ ရက်နေ့တွင် ကူးစက်ဖြစ်ပွားသူ ၃၂၀၀ ကျော်ဖြစ်ကာ ဩဂုတ်လ ၉ ရက်နေ့တွင် ၃၆၀၀ ကျော်ဖြစ်ခဲ့သည်။ ထို့ကြောင့် ကူးစက်ဖြစ်ပွားမှုသည် လက်ရှိတွင် အတက်အကျအနည်းငယ်ဖြင့် တန်းနေသည့်သဘောရှိသည်။ ထိုသို့ဖြစ်ပွားမှုသည် ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်း ပတ်ဝန်းကျင်တွင်ရှိနေပြီး ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် ရောဂါကူးစက်ဖြစ်ပွားမှုများကို အမြန်ဆုံးဆွဲချပေးနိုင်ခဲ့သည်။ လူဦးရေထူထပ်များပြားသည့် တိုင်းဒေသကြီးများတွင် အထူးဂရုစိုက်ရန်လိုအပ်ပြီး ယခုကဲ့သို့ ရောဂါဖြစ်ပွားနှုန်း ကျဆင်းလာစေရန် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ရောဂါဖြစ်ပွားနှုန်း နည်းပါးသောဒေသများတွင် ရောဂါအလျှင်းမရှိအောင် ဆက်လက်လုပ်ဆောင်ရမည်ဖြစ်သည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုဗစ်နှင့်ပတ်သက်၍ အချက်ငါးချက်ကို ပြောကြားခဲ့သည်။ ရောဂါသည် အရှင်းပျောက်မည့်အခြေအနေမဟုတ်သောကြောင့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုခြင်း၊ တစ်ဦးချင်း ကိုယ်ခံစွမ်းအားကောင်းမွန်အောင်၊ ကျန်းမာကြံ့ခိုင်အောင် ပြုလုပ်ခြင်း၊ စားနပ်ရိက္ခာ ဖူလုံပေါများခြင်း၊ ကာကွယ်ကုသဆေးများ ပြည့်စုံအောင် ပြုလုပ်ပေးခြင်းနှင့် ပြည်သူများ ဝင်ငွေကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းတို့ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အဆိုပါအချက်ငါးချက်သည် ပြည်သူလူထုအားလုံးအတွက် မဖြစ်မနေ လုပ်ဆောင်ပေးရမည့်အချက်များဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်တွင် ကိုဗစ်ရောဂါဖြစ်ပွားနေမှုအခြေအနေများနှင့် နိုင်ငံရေးအရ မတည်ငြိမ်မှုများကြားတွင် ပြည်သူလူထုလိုအပ်ချက်များကို စေတနာရှေ့ထား၍ မဖြစ်မနေကြိုးပမ်းဆောင်ရွက်နေသည်။

လက်ရှိအခြေအနေတွင် တိုင်းပြည်၌ မည်သို့သောအခြေအနေများရှိသော်လည်း ပြည်သူလူထုအတွက် အရေးအကြီးဆုံးအချက်မှာ လူမှုဘဝတွင်စိတ်အေးချမ်းသာနေနိုင်စေရန် ကျန်းမာရေး၊ စီးပွားရေးကောင်းမွန်ရေးဖြစ်၍ ထိုလိုအပ်ချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူသည့်ကာလအတွင်း အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။ အဓိကကျသောဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရေးအတွက် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးမှာ အထူးအရေးကြီးသဖြင့် တည်ငြိမ်အေးချမ်းသော ပတ်ဝန်းကျင်ကောင်းဖြစ်အောင် ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ လိုမည်ဖြစ်သည်။ ပြည်သူလူထုအများစုသည် တည်ငြိမ်အေးချမ်းမှုကို လိုလားကြသူများဖြစ်ရာ မြို့ရွာများ တည်ငြိမ်အေးချမ်းမှသာ ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ နိုင်ငံတော်တွင် ဘဏ္ဍာရေးလိုအပ်ချက်များ၊ လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်လျက်ရှိပြီး အလားအလာကောင်းများလည်းရှိနေပြီဖြစ်၍ ပြည်သူလူထုလိုအပ်ချက်များဖြစ်သည့် ကျန်းမာရေး၊ ဝန်းကျင်ကောင်းများဖြစ်ရေး၊ စားသောက်ရေး၊ ဆေးဝါးလိုအပ်ချက်ပြည့်စုံရေးနှင့် ဝင်ငွေတိုးတက်ရရှိရေးအတွက် ဖန်တီးနိုင်မည်ဟု မျှော်လင့်သည်။

တိုင်းပြည်တွင် တည်ငြိမ်အေးချမ်းရေးထက် ရောဂါဖြစ်ပွားမှုသည် ပိုမိုအရေးကြီးသော အချက်ဖြစ်နေသည်ကိုတွေ့ရသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်သူများ၏လူမှုရေး၊ စီးပွားရေးဘဝများ ထိခိုက်မှုရှိလာပြီး ကာလရှည်ကြာ အခက်အခဲဖြစ်နေသည်ကိုတွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် ပြည်သူများ လူမှုဘဝမြင့်မားတိုးတက်ရေးကို ကြိုးပမ်းအားထုတ်ဆောင်ရွက်ရာတွင် ဆင်းရဲမှုနှုန်းကို လျှော့ချရေး ကြိုးပမ်းရာ၌ လိုအပ်ချက်များ ရှိနေ၍ ဆင်းရဲမှုလျှော့ချရေး အောင်မြင်မှုနှင့်အလှမ်းဝေးနေသေးသည်။ ၂၀၂၀၊ ၂၀၂၁ ခုနှစ် ဖြစ်စဉ်များကြောင့် ပြည်သူများဆင်းရဲမှု၊ ကျပ်တည်းမှုများ ပိုများလာရာ အဆိုပါလိုအပ်ချက်ကို မဖြစ်မနေဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ပြည်သူများ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကို လျော့ကျနိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေးပြီး မြန်မာနိုင်ငံတွင် ရေခံမြေခံရှိပြီးသားဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှတစ်ဆင့် ပြည်သူများ ဝင်ငွေတိုးတက်ရရှိလာအောင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

# ကျောင်းကုန်းမြို့နယ်ပြည်သူ့ဆေးရုံသို့ အလှူငွေ၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ နှင့် အောက်ဆီဂျင်အိုးများ လှူဒါန်း

ကျောင်းကုန်း ဩဂုတ် ၁၀

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ အလှူငွေ၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံနှင့် အောက်ဆီဂျင်အိုးများ လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါဆေးရုံ၌ ပြုလုပ်သည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၁၀၀ ပေးအပ်ရာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်က လက်ခံရယူခဲ့ပြီး အလှူငွေကျပ် ငါးသိန်းပေးအပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းက လက်ခံရယူသည်။

ဆက်လက်၍ ပြည်သူ့ဆေးရုံဝင်းအတွင်း၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုအား ကြည့်ရှုကာ အောက်ဆီဂျင်လီတာ ၄၀ ဆံ့အိုးအလုံး ၂၀ ပေးအပ်သည်။




ထို့နောက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ စုရပ်(၁) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုခဲ့ပြီး ကာကွယ်ဆေး လာရောက်ထိုးနှံသူများကို အားပေးစကား ပြောကြားကြောင်း သိရသည်။

ဝင်းကြိုင်

(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဩဂုတ် ၁၀

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၁၀ - ၈ -၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၀၀၀ | ၉,၀၀၀ | ၁,၀၅၈ | ၉,၅၂၂,၀၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၁,၃၅၇ | ၄,၄၁၀,၆၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၄၀ | ၃၀၈,၀၀၀ |
| FPB | ၂၀,၀၀၀ | ၂၀,၀၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၆၀၀ | ၃၅၀ | ၉၁၅,၀၀၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၉ | ၂၇,၉၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၅ | ၂၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဩဂုတ် ၁၀

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၆၄၆.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၃၀.၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၃.၉၆ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၉.၁၆၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၈၉.၂၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၂.၁၂၁ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၀၇.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၁၁.၉ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၉၀.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၃.၀၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

○ ရှေ့ဖုံးမှ
ဒုတိယ ဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယ ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဒေါက်တာငွေးအောင်၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် ချိတ်ဆက် တက်ရောက်ကြသည်။

**အားလုံးစုပေါင်းဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် ဩဂုတ် ၁ ရက်နေ့မှစ၍ အိမ်စောင့်အစိုးရအဖြစ် ပြင်ဆင်ဖွဲ့စည်းပြီး အစိုးရအဖွဲ့အကြီးအကဲ ဝန်ကြီးချုပ်အနေဖြင့် မိမိက တာဝန်ယူ၍ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးတက်ရာတိုးတက်ကြောင်း ကိစ္စရပ်များအား အားလုံးစုပေါင်း ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ အစိုးရတစ်ရပ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးလုပ်ဆောင်ပေးရန် တာဝန်ရှိကြောင်း၊ မိမိတို့သည် နိုင်ငံရေးအစိုးရ၊ ပါတီမူဝါဒများဖြင့်ဆောင်ရွက်သည့်အစိုးရ မဟုတ်ဘဲ နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီ၏ နိုင်ငံတော်အတွက် ဆောင်ရွက်ရန် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့အား မူဝါဒအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါမူဝါဒများအား အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့တာဝန်ယူရမည့် ကာလသည် အချိန်ကာလခဏသာဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်မှု(၆)လပြည့် မိန့်ခွန်းတွင် မိမိအနေဖြင့် ပြောကြားပြီးဖြစ်ကြောင်း၊ အရေးပေါ်ကာလသတ်မှတ်ခြင်းနှင့်ဆောင်ရွက်၍ မပြီးပါက ဥပဒေအရခွင့်ပြုနိုင်သည်များရှိသည်ကို အရေးပေါ်ကာလပြဋ္ဌာန်းချက်ဥပဒေအခန်းတွင် ပါရှိပြီးဖြစ်ကြောင်း၊ မိမိတို့အစိုးရ၏ စီမံခန့်ခွဲမှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်မှုအပေါ်တွင် မူတည်၍ လုပ်ငန်းရပ်များ ဆောင်ရွက်ရသည့် ကာလများ အပြောင်းအလဲဖြစ်လာနိုင်ကြောင်း၊ အချိန်ကာလအားဖြင့် ခေတ္တတာဝန်ယူ ဆောင်ရွက်သည် ဆိုသော်လည်း ပြည်သူများ စားရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေး ကိစ္စများအား မဖြစ်မနေဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများရှိအောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ရွေးကောက်ပွဲအား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရမည်**

ပြည်သူများ၏ စားဝတ်နေရေးကိစ္စများ ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် ဆောင်ရွက်ရန်ရှိသည့် ကိစ္စများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်မှစ၍ ဒီမိုကရေစီအသွင်ကူးပြောင်းကာ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့ပြီး သမ္မတကြီးဦးသိန်းစိန်လက်ထက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈-ခုနှစ်)အရ ဆောင်ရွက်၍ရသည်များကို ဆောင်ရွက်ပေးခဲ့သကဲ့သို့ ၂၀၁၆ ခုနှစ်တွင် တက်လာသည့်အစိုးရအနေဖြင့်လည်း နိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား တတ်နိုင်သမျှဆောင်ရွက်ပေးခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရာတွင် ပြည့်စုံမှုမရှိသေးဘဲ ဆောင်ရွက်ရန်ရှိသည်များ များစွာရှိနေသေးကြောင်း၊ ပြီးခဲ့သည့် ၆ လတာကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် အခြေအနေအရပ်ရပ်အား သုံးသပ်ကြည့်ပါက ဒီမိုကရေစီနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များ များစွာရှိသေးသည်ကို သင်ခန်းစာတစ်ခုအနေဖြင့် ရရှိကြောင်း၊ ဒီမိုကရေစီ၏ အခြေခံမူနှင့် ကိုက်ညီအောင်လည်း ဖော်ဆောင်ပေးရမည့် လုပ်ငန်းရပ်များရှိကြောင်း၊ အဆိုပါလုပ်ငန်းရပ်များမှာ ဥပဒေ၊ စည်းကမ်းများအား ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့သွားနေသည့် နိုင်ငံရေးလမ်းကြောင်းသည် ပြည်သူများ၏ ဆန္ဒဖြစ်သော်လည်း နိုင်ငံ၏ပကတိအခြေအနေများနှင့် ကိုက်ညီရန်လိုအပ်ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် ဒီမိုကရေစီတောင်းဆိုမှုများရှိခဲ့သော်လည်း ဒီမိုကရေစီနှင့်ပတ်သက်၍ ထဲထဲဝင်ဝင်သိရှိနားလည်သူများ နည်းပါးသည်ကို မှတ်တမ်းမှတ်ရာများအရ လေ့လာသိရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီတည်ဆောက်မှုကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**မြန်မာ့ယဉ်ကျေးမှု စရိုက်လက္ခဏာများစွာရှိ**

မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး အများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြကြောင်း၊ ထို့ကြောင့် ဗုဒ္ဓအဆုံးအမ၏ ယဉ်ကျေးမှုအောက်တွင် မြန်မာ့ယဉ်ကျေးမှု စရိုက်လက္ခဏာများစွာရှိကြောင်း၊ ရှေးရိုးစွဲခြင်းမဟုတ်ဘဲ နိုင်ငံတစ်ခုကို တည်ဆောက်ရာတွင် အမျိုးသားရေးစရိုက်လက္ခဏာ (National Characteristics ) ကို ပထမဆုံး ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသား လူမျိုးပေါင်း ၁၃၅ မျိုးခန့်ရှိကြောင်း၊ ပြည်သူများ၊ တိုင်းရင်းသားအားလုံးအနေဖြင့် ပါတီစုံဒီမိုကရေစီ စနစ်လမ်းကြောင်းကို လက်ခံကြကြောင်း၊ တိုင်းရင်းသားအားလုံးဖွံ့ဖြိုးတိုးတက်မှု၊ ညီညွတ်မှု၊ သာယာဝပြောမှု စသည့်အကျိုးများကို ခံစားချင်ကြသူများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး အများအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ကြကြောင်း၊ မိမိတို့နိုင်ငံတွင် သင့်တင့်သည့် ရာသီဥတုများရှိပြီး မြောက်မှ တောင်သို့ စီးဆင်းနေသည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း၊ လေးမြို့၊ ကုလားတန်စသည့် မြစ်ကြီးများနှင့် အခြားမြစ်များရှိကြောင်း၊ အဆိုပါမြစ်ကြီးများပေါ်တွင် အခြေခံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံအတွင်း ပညာတတ်များပေါ်များရန် လိုအပ်မှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် ပညာတတ်များပေါ်ကြွယ်ဝရေးအတွက် ကြိုးပမ်းဆောင်ရွက်နေရသကဲ့သို့ ဆင်းရဲမွဲတေမှုများကို လျှော့ချနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံရေးအခြေအနေများနှင့် ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် စီးပွားရေးကျဆင်းမှုများကြောင့် ပိုမို ရုန်းကန်နေရသည်များရှိကြောင်း၊ နိုင်ငံအတွင်း အလုပ်အကိုင်အခက်အခဲများကြောင့် ပြည်ပနိုင်ငံများသို့ သွားရောက်၍ အလုပ်အကိုင်များ ဆောင်ရွက်နေသူများရှိကြောင်း၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိသည့်အချိန်ကတည်းက တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခသည် ယနေ့အချိန်အထိ နှစ်ပေါင်း ၇၅ နှစ်နီးပါးခန့်ရှိနေသေးကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံအချို့နှင့် လူဝင်မှုပြဿနာများကြောင့် နိုင်ငံသားပြဿနာများရှိသည့်အပြင် အသက် (၁၈)နှစ်ပြည့်ပြီး နိုင်ငံသားမှတ်ပုံတင်မရရှိသေးသည့် နိုင်ငံသားဦးရေ ၄ သန်းခန့် ရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ အဆိုပါအချက်များသည် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများပင် ဖြစ်ကြောင်း၊ အဆိုပါ အချက်များအပေါ်တွင် မူတည်၍ မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံကို မည်ကဲ့သို့ တိုးတက်အောင် ဆောင်ရွက်ရမည်ကို စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာ ကြွယ်ဝရေးသည် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေခံ ဥပဒေတွင် နိုင်ငံသားတိုင်းသည် ဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်ဟု ပါဝင်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့ဒေသအလိုက်ပြည်သူများ၏ပညာရည်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ စီမံဆောင်ရွက်ရန် လိုကြောင်း၊ စာသင်ကျောင်းများ ဥပဓိရုပ်များ ကောင်းမွန်ပြည့်စုံရေး၊ သင်ကြားရေး အထောက်အကူပြုပစ္စည်းများ ပြည့်စုံရေး၊ အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများရရှိရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးတွင် စာမတတ်သူပပျောက်ရေးမှတစ်ဆင့် ပြည်သူများ အခြေခံပညာအလယ်တန်းပြီးဆုံးသည်အထိ ရည်မှန်းချက်ထားဆောင်ရွက်ကြရန်လိုကြောင်း။

**ပညာရှင်များပေါ်များရေး**

အလားတူ စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာရှင်များပေါ်များရေးသည် အခြေခံ လိုအပ်ချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာရှင်များ ပေါ်များရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ စီးပွားရေးပညာရှင်များ၊ ဥပဒေပညာရှင်များ၊ နည်းပညာရှင်များ၊ ဆောက်လုပ်ရေးပညာရှင်များ၊ ဆရာဝန်များ၊ သူနာပြုများလည်း ပေါ်များရန် လိုအပ်ကြောင်း၊ ဒေသအလိုက် ပညာတတ်များ ပေါ်ထွက်လာစေရေး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပညာတတ်များ ပေါ်ကြွယ်ဝခြင်းသည် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ဖြစ်ကြောင်း၊ နိုင်ငံအတွင်းပညာတတ်များ ပေါ်များအောင် ဆောင်ရွက်ရေးသည် မိမိတို့အစိုးရအဖွဲ့၏ ပထမဦးဆုံး ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ○

**ပြီးခဲ့သည့် ၆ လတာကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် အခြေအနေအရပ်ရပ်အား သုံးသပ်ကြည့်ပါက ဒီမိုကရေစီနှင့် ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များ များစွာရှိသေးသည်ကို သင်ခန်းစာတစ်ခုအနေဖြင့် ရရှိကြောင်း၊ ဒီမိုကရေစီ၏အခြေခံမူနှင့် ကိုက်ညီအောင်လည်း ဖော်ဆောင်ပေးရမည့် လုပ်ငန်းရပ်များရှိကြောင်း၊ အဆိုပါလုပ်ငန်းရပ်များမှာ ဥပဒေ၊ စည်းကမ်းများအား ယခုထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့သွားနေသည့် နိုင်ငံရေးလမ်းကြောင်းသည် ပြည်သူများ၏ ဆန္ဒဖြစ်သော်လည်း နိုင်ငံ၏ပကတိအခြေအနေများနှင့် ကိုက်ညီရန်လိုအပ်ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် ဒီမိုကရေစီ တောင်းဆိုမှုများရှိခဲ့သော်လည်း ဒီမိုကရေစီနှင့်ပတ်သက်၍ ထဲထဲဝင်ဝင်သိရှိနားလည်သူများ နည်းပါးသည်ကို မှတ်တမ်းမှတ်ရာများအရ လေ့လာသိရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီတည်ဆောက်မှုကို ဆောင်ရွက်ရမည်**

**နိုင်ငံရေးအခြေအနေများနှင့် ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် စီးပွားရေးကျဆင်းမှုများကြောင့် ပိုမိုရုန်းကန်နေရသည်များရှိကြောင်း၊ နိုင်ငံအတွင်း အလုပ်အကိုင်အခက်အခဲများကြောင့် ပြည်ပနိုင်ငံများသို့ သွားရောက်၍ အလုပ်အကိုင်များ ဆောင်ရွက်နေသူများရှိကြောင်း၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိသည့်အချိန်ကတည်းက တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခသည် ယနေ့အချိန်အထိ နှစ်ပေါင်း ၇၅ နှစ်နီးပါးခန့် ရှိနေသေးကြောင်း၊ အလားတူ အိမ်နီးချင်းနိုင်ငံအချို့နှင့် လူဝင်မှုပြဿနာများကြောင့် နိုင်ငံသားပြဿနာများရှိသည့်အပြင် အသက် (၁၈) နှစ်ပြည့်ပြီး နိုင်ငံသားမှတ်ပုံတင်မရရှိသေးသည့် နိုင်ငံသားဦးရေ ၄ သန်းခန့်ရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ အဆိုပါအချက်များသည် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများပင်ဖြစ်ကြောင်း၊ အဆိုပါအချက်များအပေါ်တွင် မူတည်၍ မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံကို မည်ကဲ့သို့ တိုးတက်အောင် ဆောင်ရွက်ရမည်ကို စဉ်းစားဆောင်ရွက်ရမည်**

○ စာမျက်နှာ ၃ မှ

စီးပွားရေးမြှင့်တင်မှုနှင့်ပတ်သက်၍ လူတစ်ဦးချင်း၏ ဝင်ငွေရရှိရေးအတွက် နိုင်ငံသားများ ပြည်တွင်း၌ အလုပ်အကိုင်များ ခိုင်ခိုင်မာမာရရှိအောင် ဖန်တီးဆောင်ရွက်ပေးရန်လိုကြောင်း၊ ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဆိုပါက အဆိုပါလုပ်ငန်းများပေါ်တွင် မူတည်၍ စက်ရုံအလုပ်ရုံလုပ်ငန်းများ ဖွင့်လှစ်နိုင်ခြင်းဖြင့် အလုပ်အကိုင်များ ပေါများလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ အရည်အသွေးပြည့်မီရေးနှင့် ဈေးကွက်ရရှိရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်ပြီး သင့်တင့်မျှတသည့်ဈေးနှုန်းဖြင့် ရောင်းချနိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ဈေးကွက်ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ အလားတူ ဒေသအလိုက် ဝမ်းစာဖူလုံရေးအတွက် သီးနှံများ အထွက်နှုန်းတိုးစေရေး ဆောင်ရွက်နိုင်ပါက ဒေသအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သီးနှံအထွက်နှုန်းသည် နိုင်ငံတကာထက် လျော့နည်းနေသေးကြောင်း၊ ဝမ်းစာဖူလုံမှုမရှိသည့် ဒေသများတွင် ဆန်နှင့်ဂျုံများအား ဦးစားပေးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသပြင်ပမှ ဝယ်ယူစားသုံးမှုမပြုရခြင်း၊ ပြည်ပမှဝယ်ယူစားသုံးခြင်းများမပြုရပါက ဒေသအတွင်း၊ နိုင်ငံအတွင်း ငွေကြေးလည်ပတ်သုံးစွဲမှုများပြားလာပြီး နိုင်ငံချမ်းသာခြင်းပင်ဖြစ်ကြောင်း။

**ပြည်ပသွင်းကုန်များ လျှော့ချရေး**

ပြည်ပသွင်းကုန်များ လျှော့ချရေးနှင့်ပတ်သက်၍ ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများ ပြည့်ပြည့်စုံစုံဖြင့် ဆောင်ရွက်ရန်လိုအပ်ပြီး ပြည်ပသွင်းကုန်များ လျှော့ချရေးသည် မိမိတို့နိုင်ငံအတွက် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကုန်သွယ်မှုနှင့် ဘတ်ဂျက်လိုငွေများရှိကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ များပြားအောင် ဆောင်ရွက်ပြီး ပြည်ပသွင်းကုန်များ လျှော့ချရန်လိုကြောင်း၊ အထူးသဖြင့် ပြည်ပနိုင်ငံများမှ စားသုံးကုန်များ တင်သွင်းနေရကြောင်း၊ ဥပမာအားဖြင့် စားသုံးဆီများအား ပြည်ပမှ ငွေကြေးသန်းပေါင်းများစွာဖြင့် တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ ပန်းနှမ်း၊ မြေပဲ၊ ဆီအုန်းများကို စိုက်ပျိုးကြကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ဆီအုန်းစိုက်ဧက ၃၉၁၀၀၀ ကျော် ခွင့်ပြုပေးထားကြောင်း၊ အဆိုပါစိုက်ဧကများအား အပြည့်အဝစိုက်ပျိုးနိုင်မည်ဆိုပါက ဆီတန်ချိန် ၄ ဒသမ ၅ သိန်းခန့်အထိ ထွက်ရှိနိုင်သည်ကို ပညာရှင်များ၏ တွက်ချက်မှုအရ သိရှိရကြောင်း၊ ဆီအုန်းမှဆီထွက်ရှိမှုသည် အခြားဆီထွက်သီးနှံများထက် များပြားသည်ကို တွေ့ရှိရသဖြင့် တနင်္သာရီတိုင်းဒေသကြီးအား မိမိတို့နိုင်ငံ၏ ဆီအိုးကြီးအဖြစ် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်သူများနှင့် လုပ်ငန်းရှင်များအနေဖြင့် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ပါက ပြည်ပမှစားအုန်းဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်နှင့်ပတ်သက်၍ နိုင်ငံခြားငွေရရှိရန် တရားဝင်လမ်းကြောင်းမှ ပြည်ပပို့ကုန်များ တင်ပို့နိုင်ရေးကို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ အဝတ်အထည်များ ထုတ်လုပ်ရေးအတွက် ပြည်ပမှတစ်နှစ်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ဖိုးခန့် တင်သွင်းနေရကြောင်း၊ နိုင်ငံတွင်ဝါစက်ရုံများရှိပြီး စက်ရုံများအပြည့်အဝ လည်ပတ်နိုင်ရေးအတွက် ဝါကုန်ကြမ်းများလုံလောက်စွာရရှိရေး ပြည်တွင်း၌ လုံလောက်စွာ စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဝါစိုက်ပျိုးဧကလေးသိန်းကျော်ရှိပြီး အထွက်နှုန်း နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ဝါများအထွက်နှုန်း တိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်း၊ ပြည်ပမှ ဝါကုန်ကြမ်းများ တင်သွင်းမှုကို လျှော့ချနိုင်ခြင်းနှင့် ပြည်တွင်းအထည်ချုပ်လုပ်ငန်းများကို အဆင်ပြေစွာဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ ပြည်ပနိုင်ငံများမှ ဘိလပ်မြေများ တစ်နှစ်လျှင် တန်ချိန် တစ်သန်းခန့် တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံများမှ တစ်နှစ်လျှင် တန်ချိန် ခုနစ်သန်းခန့်သာ ထုတ်လုပ်နိုင်ကြောင်း၊ စက်ရုံများ စွမ်းအားပြည့်အပြည့်အဝလည်ပတ်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်ချက်အား လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဖြစ်၍ ပြည်ပငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စက်ရုံများ စက်စွမ်းရည်ပြည့်ဝစွာ ထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘိလပ်မြေများ၏ အရည်အသွေးပြည့်မီရေးအတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းက သတ်မှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

**ချည်ထည်စက်ရုံ၊ သံမဏိစက်ရုံ၊ ဘိလပ်မြေစက်ရုံတို့အပြင် ဆပ်ပြာ၊ သွားတိုက်ဆေးစသည့် လူသုံးကုန်ထုတ်လုပ်သည့် စက်မှုလက်မှုလုပ်ငန်းများ ဖန်တီးဖော်ဆောင်ပေးခြင်းဖြင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံသားများ မိဝေးဖဝေးဖြင့် ပြည်ပသို့ထွက်ခွာ၍ အလုပ်အကိုင်ရှာဖွေရခြင်းမရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံသူ နိုင်ငံသားများကို စောင့်ရှောက်မှုပေးနိုင်ခြင်း၊ အရိပ်အာဝါသ ပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံပိုင်စက်ရုံများကို Public-Private Partnerships စနစ်ဖြင့်လည်း ဖော်ဆောင်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရတစ်ခုတည်း ဆောင်ရွက်၍ မရဘဲ ပုဂ္ဂလိကကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်**

**စက်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရန်လိုအပ်**

သံမဏိထုတ်လုပ်ရေးလုပ်ငန်းနှင့် ပတ်သက်၍ စက်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရန် လိုအပ်ကြောင်း၊ နိုင်ငံတွင် သံမဏိလိုအပ်ချက်များစွာရှိ၍ ပြည်ပမှတင်သွင်းရခြင်းကြောင့် နိုင်ငံခြားငွေဆုံးရှုံးမှုများဖြစ်ပေါ်ကြောင်း၊ အချို့စက်ရုံများမှာ တည်ဆောက်နေဆဲဖြစ်ပြီး ရပ်တန့်ထားရသဖြင့် နိုင်ငံအတွက် ဆုံးရှုံးခြင်းများဖြစ်ရကြောင်း၊ ပင်းပက်သံမဏိစက်ရုံနှင့် မြင်းခြံသံမဏိစက်ရုံများကို ပြန်လည်လည်ပတ်နိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်တန့်ထားသည့် စက်ရုံများအား စွမ်းအားပြည့် ပြန်လည်လည်ပတ်စေခြင်းနှင့် နည်းပညာကို Upgrade ပြုလုပ်၍ အရည်အသွေးပြည့်ဝသည့် ထုတ်ကုန်များ ထွက်ရှိအောင် ဆောင်ရွက်ခြင်းတို့ ပြုလုပ်ရမည်ဖြစ်ကြောင်း။

ချည်ထည်စက်ရုံ၊ သံမဏိစက်ရုံ၊ ဘိလပ်မြေစက်ရုံတို့အပြင် ဆပ်ပြာ၊ သွားတိုက်ဆေးစသည့် လူသုံးကုန်ထုတ်လုပ်သည့် စက်မှုလက်မှုလုပ်ငန်းများ ဖန်တီးဖော်ဆောင်ပေးခြင်းဖြင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံသားများ မိဝေးဖဝေးဖြင့် ပြည်ပသို့ ထွက်ခွာ၍ အလုပ်အကိုင်ရှာဖွေရခြင်းမရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံသူ နိုင်ငံသားများကို စောင့်ရှောက်မှုပေးနိုင်ခြင်း၊ အရိပ်အာဝါသပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံပိုင်စက်ရုံများကို Public–Private Partnerships စနစ်ဖြင့်လည်း ဖော်ဆောင်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရတစ်ခုတည်း ဆောင်ရွက်၍မရဘဲ ပုဂ္ဂလိကကဏ္ဍကိုလည်းမြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ပုဂ္ဂလိကအနေဖြင့် လုပ်နိုင်သည့် နယ်ပယ်များစွာရှိ၍ လုပ်နိုင်သည့် အခြေအနေများကို ဖန်တီးပေးရန်လိုကြောင်း၊ တစ်ဖက်မှလည်း တိုင်းရင်းသားများ၏ SME လုပ်ငန်းများကို အားပေးမြှင့်တင်ရန် လိုအပ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို ဦးမော့လာစေပြီး ကောင်းမွန်သော နိုင်ငံပုံရိပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

**လျှပ်စစ်ကဏ္ဍ**

လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်မှ လျှပ်စစ်

**လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးလျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိ ရေအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှဖန်တီးပေးသော အသုံးချနိုင်သည့် အထင်ကရမြစ်ကြီးများ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင်ရှိကြောင်း၊ သဘာဝအလှအပေါ် ချစ်ခင်မြတ်နိုးသကဲ့သို့ နိုင်ငံနှင့်ဒေသနေပြည်သူတို့အတွက် မည်သို့အကျိုးရှိအောင် အသုံးချနိုင်မည်ကိုလည်း စဉ်းစားရန်လိုကြောင်း၊ ဒေသအလိုက် မြစ်ချောင်းများကို လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး တစ်ဖက်မှလည်း စိုက်ပျိုးရေးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းများအတွက် အသုံးချနိုင်ရန် ဆောင်ရွက်သွားရမည်**

ဓာတ်အားထုတ်လုပ်မှုကို အားပေးလျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိ ရေအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှဖန်တီးပေးသော အသုံးချနိုင်သည့် အထင်ကရမြစ်ကြီးများ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင်ရှိကြောင်း၊ သဘာဝအလှအပေါ် ချစ်ခင်မြတ်နိုးသကဲ့သို့ နိုင်ငံနှင့်ဒေသနေပြည်သူတို့အတွက် မည်သို့အကျိုးရှိအောင် အသုံးချနိုင်မည်ကိုလည်း စဉ်းစားရန်လိုကြောင်း၊ ဒေသအလိုက် မြစ်ချောင်းများကို လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် ဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး တစ်ဖက်မှလည်း စိုက်ပျိုးရေးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းများအတွက် အသုံးချနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေး သယံဇာတများရှိ၍ စက်ရုံများ၏ စွမ်းအင်လိုအပ်ချက်အတွက် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင်ချိန်ဆ၍ နိုင်ငံတော်အတွက် အကျိုးရှိအောင် အသုံးချသွားရမည်ဖြစ်ကြောင်း။

အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ကွာဟချက်များကို အတတ်နိုင်ဆုံး လျှော့ချနိုင်အောင် ကြိုးစားလျက်ရှိကြောင်း၊ အထူးသဖြင့် ကျေးရွာများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ၏ အခြေခံသည် ကျေးလက်ဒေသများဖြစ်သည့်အတွက် ဖွံ့ဖြိုးမှု၏ အရင်းအမြစ်သည် ကျေးလက်ဒေသများသာဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် တရားဥပဒေစိုးမိုးမှုရှိပြီး နိုင်ငံရေးနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှု ရှိလာမည်ဖြစ်ကြောင်း။

**အားကစားကဏ္ဍ**

မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍ ကျဆင်းလာသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ အားကစားကို အားပေးဆောင်ရွက်ရန်လိုအပ်ပြီး အားကစားသည် အချိန်ယူလေ့ကျင့်ပျိုးထောင်ရခြင်း ဖြစ်ကြောင်း၊ ပြည်သူများကျန်းမာရေးအတွက် အထောက်အကူပြုသည့် အားကစားကဏ္ဍများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားသည် နိုင်ငံတည်ဆောက်ရေးတွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ရေးအတွက် အရေးကြီးသည့် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပွဲကြည့်စင်ပါမိုးလုံလေလုံအားကစားကွင်းများ တည်ဆောက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း။

တိုင်းရင်းသားတိုင်း၊ နိုင်ငံသားဖြစ်ခွင့်ရှိသူတိုင်း မှတ်ပုံတင်ရရှိရေးကို မှန်မှန်ကန်ကန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းများရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပြီး ရွေးကောက်ပွဲမတိုင်မီ နိုင်ငံသားတိုင်း မှတ်ပုံတင်ရရှိရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများအနေဖြင့် အချိန်မီပြီးစီးရေးနှင့် မှန်မှန်ကန်ကန်ရရှိရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုမှာကြားသည့် အချက်များသည် နိုင်ငံအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် အခြေခံအချက်များပင်ဖြစ်၍ တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

စာမျက်နှာ ၅ သို့ ✪

# အမြဲမပြတ် သတိထားဆောင်ရွက်နေရန်လို

ကိုဗစ်-၁၉ ရောဂါသည် ကာလတစ်ခုအထိ ဆက်လက်ဖြစ်ပွားနေနိုင်သဖြင့် အမြဲမပြတ် သတိထားဆောင်ရွက်နေရန်လိုကြောင်း၊ လူတစ်ဦးချင်းသည် ကျန်းမာရေးနှင့် ညီညွတ်သည့် လှုပ်ရှားသွားလာမှုများရှိရန် လိုအပ်သည်ဟု ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများက အသိပေးထုတ်ပြန်ထားကြောင်း၊ အောက်ဆီဂျင်ရရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးရှိ အောက်ဆီဂျင်ထုတ်လုပ်၍ ရနိုင်သည့် စက်ရုံများအားလုံးမှ အမြဲမပြတ်ထုတ်လုပ်၍ ပြည်သူများ လိုအပ်သည့်အချိန်တွင် အချိန်မီရရှိရေး ဆောင်ရွက်နေရန်လိုကြောင်း၊ အလားတူ ကာကွယ်ဆေးနှင့်ပတ်သက်၍ ပြည်သူများ စဉ်ဆက်မပြတ် ထိုးနှံနိုင်ရေး ဆောင်ရွက်နေရန်လိုပြီး ကုသဆေးများလည်း အမြဲမပြတ်ရရှိရေး ပြည်ပမှတင်သွင်းနေရန် လိုအပ်သကဲ့သို့ ပြည်တွင်း၌လည်း လုံလောက်စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် တွေ့ဆုံ၊ ဆွေးနွေးမှုများ အမြဲမပြတ်ပြုလုပ်၍ စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက်ရှိပြီး အဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ Quarantine Center များကိုလည်း တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပြီး ဆေးရုံများတွင်လည်း ပြင်ဆင်မှုများ အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၈-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၃/၂၀၂၁) တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

❂ စာမျက်နှာ ၄ မှ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

**အခွန်ငွေကောက်ခံရရှိမှုများ နည်းပါးလျက်ရှိ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရ၏ ဝင်ငွေသည် အခွန်ငွေဖြစ်ပြီး စီးပွားရေးကျဆင်းမှုနှင့် လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများရှိသည့်အတွက် အခွန်ငွေကောက်ခံရရှိမှုများ နည်းပါးလျက်ရှိကြောင်း၊ ဘဏ္ဍာငွေသုံးစွဲမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် မဖြစ်မနေသုံးစွဲရမည့် လုပ်ငန်းကိစ္စရပ်များမှအပ အခြားကိစ္စရပ်များတွင် တတ်နိုင်သမျှချွေတာသုံးစွဲရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် သောက်သုံးရေနှင့် လျှပ်စစ်မီးသုံးစွဲမှုများကို လေလွင့်မှုများမရှိအောင် စနစ်တကျသုံးစွဲကြရန် လိုအပ်ကြောင်း။

ပြီးခဲ့သည့်နှစ်က မိုးခေါင်မှုဖြစ်ပေါ်ခဲ့သည့်အတွက် နိုင်ငံအတွင်း သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုနှစ်တွင် သတ်မှတ်မိုးရေချိန် ပြည့်မီသည့်အတွက် သောက်သုံးရေအတွက် အခက်အခဲမရှိပါကြောင်း၊ သို့သော်လည်း ဆည်တမံများ ထိခိုက်ပျက်စီးမှုမရှိစေရန်နှင့် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရန် ကြိုတင်စီမံဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း။

**ကျဆင်းလာ**

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး အပတ်စဉ် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး ရောဂါကူးစက်ပြန့်ပွားမှုကျဆင်းစေရန် လမ်းညွှန်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်နှင့် ယခုလ ပထမအပတ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အခက်အခဲများကို ကြိုးပမ်းကျော်လွှားနိုင်ခဲ့ကြောင်း၊ ယခုရက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုသည် ၃၀ ရာခိုင်နှုန်းအောက် ကျဆင်းလာသည်ကို တွေ့ရကြောင်း၊ ယင်းအခြေအနေကို ကျေနပ်နေ၍မရဘဲ ရောဂါကူးစက်ပြန့်ပွားမှုကို ထပ်မံကျဆင်းအောင် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်း စည်းကမ်းများကို ပြည်သူများလိုက်နာရန် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ဖက်ကလည်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာမှုရှိစေရန် ပညာပေးလုပ်ငန်းများဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

**ဝိုင်းဝန်းဆောင်ရွက်**

သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ပတ်ဝန်းကျင်ရှိ ပြည်သူများကိုလည်း အဆင့်ဆင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးရန် လိုအပ်ကြောင်း၊ ထို့ပြင် ကူးစက်ပြန့်ပွားမှုကို ဆက်လက်ကျဆင်းသွားစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် လုံးဝပျောက်ကွယ်သွားမည့် ရောဂါမဟုတ်ကြောင်း ပညာရှင်များက သုံးသပ်ထားကြောင်း၊ ထို့အတွက် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်သွားလာကြရန် လိုအပ်ကြောင်း၊ လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ ကုသဆေးတို့ကို ပြည်ပမှ ဝယ်ယူနေရသည့်အတွက် ရေရှည်တွင် အခက်အခဲဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ဆေးနှင့် ကုသဆေးများ ထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောတွင် မျိုးရိုးဗီဇမတူညီသည့် ဗီဇကွဲ ပိုးနှစ်မျိုးကို အခြားနိုင်ငံအချို့တွင် ထပ်မံတွေ့ရှိနေသည်ကို ကြားသိရကြောင်း၊ သို့ဖြစ်၍ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ ပေါ့ပေါ့ဆဆ မနေထိုင်ဘဲ အထူးဂရုပြုနေထိုင်ကြရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေး၊ ကုသဆေးနှင့် ဆက်စပ်ဆေးဝါးပစ္စည်းများကို အဆင်ပြေလွယ်ကူစွာ ပြည်သူလူထုလက်ဝယ်ရောက်ရှိရေးအတွက် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများက ကူညီပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

အများပြည်သူ အခက်အခဲဖြစ်ပေါ်စေရန် ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသဆေးနှင့် ဆက်စပ်ဆေးဝါးပစ္စည်းများကို လက်ဝယ်ထားရှိကိုင်ဆောင်ပြီး ကိုယ်ကျိုးစီးပွားအတွက် ဆောင်ရွက်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မကွေးလေတပ်စခန်းဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင်များကို တွေ့ဆုံ၊ စိုက်ပျိုးမွေးမြူရေးခြံများ ကြည့်ရှု

နေပြည်တော် ဩဂုတ် ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်သည် ယနေ့ မွန်းလွဲပိုင်းတွင် မကွေးလေတပ်စခန်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များကို မကွေးလေတပ်စခန်းဌာနချုပ်၌ တွေ့ဆုံအားပေးစကားပြောကြားရာ မကွေးလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(လေ)က လက်ရှိနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ ထုတ်ပြန်ထားသည့် စည်းကမ်းများ၊ လမ်းညွှန်ချက်များ၊ နိုင်ငံရေးကိစ္စရပ်များ၊ လုံခြုံရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မိသားစုဝင်များကို အားပေးစကားပြောကြားနှုတ်ဆက်သည်။

**လိုက်လံစစ်ဆေး**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် တာဝန်ရှိသူများသည် မကွေးလေတပ်စခန်းဌာနချုပ်ရှိ တပ်မတော်လေယာဉ်နှင့် လေယာဉ်ရုံများကို လိုက်လံစစ်ဆေးသည်။

**ဖြည့်စွက်မှာကြား**

ဆက်လက်၍ မိသားစုဝင်များအား ထောက်ပံ့နိုင်ရေးအတွက် စိုက်ပျိုးမွေးမြူထားသည့် ဥစားကြက်ခြံ၊ အသားတိုးကြက်ခြံ၊ နို့စားနွားခြံ၊ ဆိတ်မွေးမြူရေးခြံ၊ DYL ဝက်မွေးမြူရေးခြံ၊ Green House စိုက်ပျိုးရေးခြံများကို လိုက်လံကြည့်ရှုရာ တာဝန်ခံအသီးသီးက ရှင်းလင်းပြောကြားပြီး ကာကွယ်ရေးဦးစီးချုပ်(လေ)က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# များများစစ်၊ မြန်မြန်တွေ့၊ စောစောကုသမှုခံယူခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုလျှော့ချကြပါစို့

-------- ကိုဇေ --------



ကျောက်မဲမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ RDT Test Kit ဖြင့် စစ်ဆေးပေးနေစဉ်။
မိုင်းထွန်း(ပြန်/ဆက်)

အခုဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရဲ့ ဗီဇပြောင်းမျိုးကွဲအသစ် ဒယ်လ်တာ (Delta) မျိုးကွဲဟာ ယခင်ဗိုင်းရပ်စ်မျိုးကွဲတွေဖြစ်တဲ့ အယ်လ်ဖာ/ဘီတာ (Alpha/Beta) တို့ထက် ကူးစက်မှု၊ ပြင်းထန်မှု၊ သေဆုံးမှုတွေ ပိုမြင့်နေတယ်လို့ လေ့လာချက်တွေအရ သိရှိရပါတယ်။ ၎င်းမျိုးကွဲဟာဆိုရင် ပုံတူမျိုးပွားနိုင်စွမ်း အလွန်မြန်တယ်။ ခန္ဓာကိုယ်ခုခံစွမ်းအားကို ကျော်လွှားသွားနိုင်တယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကတော့ ဒယ်လ်တာမျိုးကွဲကို အလျင်မြန်ဆုံးနဲ့ အကြံ့ခိုင်ဆုံးမျိုးကွဲ “fastest and fittest” variant လို့ဆိုပါတယ်။ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကို အကောင်းဆုံးထိန်းချုပ်နိုင်ဖို့ကတော့ နှာခေါင်းစည်းတပ်ဆင်တာအပါအဝင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်တွေကို လိုက်နာကြဖို့ လိုအပ်ပါတယ်။ ဒ့ါအပြင် မိမိမှာ ရောဂါပိုး ရှိ/မရှိ စောစောစစ်ဆေးဖို့လည်း လိုအပ်သလို အဲဒီလိုစောစောစစ်ဆေးမှသာလျှင်လည်း စောစောဆေးကုသမှုခံယူနိုင်မှာဖြစ်ပြီး ရောဂါပြင်းထန်စွာခံစားရတာ၊ အသက်ဆုံးရှုံးရတာတွေကနေ ကာကွယ်နိုင်မှာဖြစ်ပါတယ်။

**ဘယ်လိုလူတွေ ကိုဗစ်-၁၉ စစ်ဆေးသင့်သလဲ**

ဖျားနာတာ၊ ကိုယ်လက်ကိုက်ခဲတာ၊ ချောင်းဆိုးတာ၊ လည်ချောင်းနာတာ၊ နှာရည်ယို/နှာပိတ်တာ၊ အနံ့အရသာပျောက်တာ၊ ဝမ်းလျှောတာ၊ သရိုးသရီဖြစ်တာ စတဲ့ ကိုဗစ်-၁၉ ရောဂါလက္ခဏာတွေ စတင်ခံစားနေရပြီဆိုရင် ကိုဗစ်-၁၉ ရှိ/မရှိ ဆေးစစ်မှုကို ချက်ချင်းဆောင်ရွက်သင့်ပါတယ်။ ကိုဗစ်-၁၉ အတည်ပြုလူနာ (သို့မဟုတ်) ကိုဗစ်-၁၉ ကူးစက်ခံထားရတယ်လို့ ယူဆရတဲ့ သံသယလူနာတွေနဲ့ ထိစပ်မိပြီဆိုရင်လည်း ကိုဗစ်-၁၉ ရှိ/မရှိ ဆေးစစ်မှုကို ချက်ချင်းဆောင်ရွက်သင့်ပါတယ်။ ဆေးစစ်ဖို့ စောင့်ဆိုင်းနေစဉ်ကာလမှာ လူစုလူဝေးသွားတာ ရှောင်ရှားသင့်ပြီး ဆေးစစ်မှုအဖြေက Negative မထွက်မချင်း အိမ်ထဲမှာ နေရင်တောင် နှာခေါင်းစည်း တပ်ထားသင့်ပါတယ်။ တကယ်လို့ ဆေးမစစ်ဖြစ်ရင်တော့ နေအိမ်မှာ မိမိဘာသာသီးသန့်ခွဲခြားနေထိုင်ခြင်းအနေနဲ့ ၁၄ ရက်အိမ်ထဲမှာ နေသင့်ပါတယ်။ ကာကွယ်ဆေးထိုးထားသည်ဖြစ်စေ၊ မထိုးရသေးသည်ဖြစ်စေ ကိုဗစ်-၁၉ ရောဂါပိုး မိမိမှာ ကူးစက်ခံထားရခြင်း ရှိ/မရှိ ဆိုတာကို ဆောလျင်စွာ စစ်ဆေးဖို့ဟာ အင်မတန်အရေးကြီးပါတယ်။

**ဘာကြောင့် ဆောလျင်စွာ ဆေးစစ်မှုခံယူသင့်သလဲ**

မိမိကိုယ်မိမိ ကိုဗစ်-၁၉ ရောဂါ သံသယရှိပြီဆိုတာနဲ့ စစ်ဆေးမှုခံယူခြင်းဖြင့် ကုသရေးအဆင့်ကို အချိန်မလွန်ခင် ဆောင်ရွက်နိုင်မှာဖြစ်သလို ရောဂါပြင်းထန်စွာ ခံစားရတာတွေကိုလည်း ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ဗိုင်းရပ်စ်ကို အတည်ပြုနိုင်မှသာလျှင် ဒီဗိုင်းရပ်စ်ပိုးရဲ့ ပြန့်ပွားမှုကိုလည်း ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ အကယ်၍ မိမိမှာ ကူးစက်ခံထားရသည့်တိုင် ရောဂါပြင်းထန်စွာ မခံစားရစေဦးတော့ မိမိကတစ်ဆင့် မိမိနဲ့အတူနေ မိသားစုတွေ၊ သက်ကြီးရွယ်အိုတွေ၊ ရောဂါအခံရှိသူတွေကို ထပ်မံကူးစက်သွားနိုင်ပါတယ်။ အထူးသဖြင့် အဆိုပါ သက်ကြီးရွယ်အို မိဘဘိုးဘွားတွေ၊ နာတာရှည် ရောဂါအခံရှိသူတွေဟာ ရောဂါပိုးကူးစက်ခြင်းဖြင့် ဆိုးရွားတဲ့ကျန်းမာရေးအကျိုးဆက်တွေအပြင် အသက်ဆုံးရှုံးရမှုတွေပါ ဖြစ်လာနိုင်တာဖြစ်တဲ့အတွက် မိမိကိုယ်တိုင်နဲ့ မိမိပတ်ဝန်းကျင်ကို ကာကွယ်ဖို့အတွက် ဆောလျင်စွာ ဆေးစစ်ဖို့ လိုအပ်ပါတယ်။

**ဘယ်နေရာတွေမှာ စစ်ဆေးမှုခံယူသင့်သလဲ**

နှာခေါင်းတို့ဖတ် နမူနာယူ စစ်ဆေးတယ်ဆိုပေမယ့်လည်း စစ်ဆေးတဲ့ နည်းစနစ်ကျနဖို့ လိုပါတယ်။ နှာခေါင်းအတွင်းမှ နမူနာအရည်အကျိအချွဲယူတဲ့အခါမှာ လုံလောက်တဲ့ပမာဏ မပါတဲ့အခါပဲဖြစ်ဖြစ်၊ တခြားစစ်ဆေးတဲ့အဆင့်တွေမှာ နည်းလမ်းမကျတာပဲဖြစ်ဖြစ် မှန်ကန်တဲ့ရလဒ် မထွက်နိုင်ပါဘူး။ ဒါကြောင့်မို့ နီးစပ်ရာ ကိုဗစ်-၁၉ စစ်ဆေးရေးစင်တာတွေမှာ တတ်ကျွမ်းတဲ့ ကျန်းမာရေးပညာရှင်တွေရဲ့ အကူအညီနဲ့ စနစ်တကျဆေးစစ်မှု ခံယူသင့်ပါတယ်။ မိမိနေအိမ်မှာပဲ Rapid Test Kit တွေနဲ့ စမ်းသပ်စစ်ဆေးတာဟာ ဆေးစစ်မှုရလဒ်အဖြေကို အမြန်သိရပြီး ထိန်းချုပ်ကုသရေးကိုလည်း အမြန်ဆောင်ရွက်ခွင့်ရစေနိုင်တယ် ဆိုပေမယ့် ဆေးစစ်မှုရလဒ် တိကျမှု ရှိ/မရှိ ဆိုတာမှာတော့ အနည်းနဲ့အများ ကွာခြားချက်ရှိတာ တွေ့ရပါတယ်။ ဒါကြောင့် ရောဂါရှိသူနဲ့ ထိစပ်မှုရှိခဲ့ပြီး ရောဂါလက္ခဏာမပြသူတွေရော သံသယလက္ခဏာခံစားနေရသူတွေပါ တိကျမှန်ကန်တဲ့ အဖြေကိုရရှိဖို့ဆိုရင် နီးစပ်ရာ ကိုဗစ်-၁၉ စစ်ဆေးရေးစင်တာတွေမှာ တတ်ကျွမ်းတဲ့ ကျန်းမာရေးပညာရှင်တွေရဲ့ အကူအညီနဲ့ စနစ်တကျဆေးစစ်မှု ခံယူသင့်ပါတယ်။

**ရန်ကုန်မြို့မှာ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးပေးနေသည့်နေရာများ**

ရန်ကုန်မြို့မှာဆိုရင် ကျန်းမာရေးဝန်ကြီးဌာနရဲ့လမ်းညွှန်ချက်နဲ့အညီ မြန်မာနိုင်ငံ အမျိုးသားဓာတ်ခွဲခန်းကနေပြီးတော့ ဗိုလ်ချုပ်လမ်း၊ သူနာပြုတက္ကသိုလ်မှာ Test Center ဖွင့်ထားပြီး စစ်ဆေးပေးနေတာရှိသလို ကျန်းမာရေးဦးစီးဌာနအနေနဲ့လည်း ဒဂုံမြို့သစ်မြောက်ပိုင်း မြို့ဦးစေတီမွှေ့ာရုံနဲ့ ဒဂုံမြို့သစ်တောင်ပိုင်းမှာဆိုရင် အောင်မြင့်မိုရ်အိမ်ရာမွှေ့ာရုံတို့မှာ ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးမှုတွေ ပြုလုပ်နေတယ်လို့ သိရှိရပါတယ်။ ဒ့ါအပြင် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့ဟာလည်း မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့ဘုရားနဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ သာသနာ့ဗိမာန်နဲ့ သန်လျင်မြို့နယ် သာသနာ့ဗိမာန်တို့မှာ ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးမှုတွေကို ဆောင်ရွက်ပေးနေတယ်လို့ သိရပါတယ်။ အဆိုပါစစ်ဆေးမှု စင်တာတွေမှာ ကျွမ်းကျင်ကျန်းမာရေးဝန်ထမ်းတွေနဲ့ အခမဲ့စစ်ဆေးမှုတွေ ဆောင်ရွက်ပေးနေတာဖြစ်တဲ့အတွက် သွားရောက်စစ်ဆေးခံကြဖို့ တိုက်တွန်းလိုပါတယ်။

သံသယရှိသူတွေအနေနဲ့ များများစစ်ဆေးတာ၊ ပိုးတွေ့သူတွေကို မြန်မြန်ခွဲထုတ်နိုင်တာ၊ ဆောလျင်စွာ ကုသမှုခံယူကြခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါပိုး ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်မှာဖြစ်သလို ကူးစက်ခံထားရတဲ့လူနာတွေရဲ့ အသက်ပေါင်းများစွာကို ပိုမိုထိရောက်စွာ ကယ်တင်လာနိုင်မှာ ဖြစ်ပါတယ်။

နှာခေါင်းစည်းတပ်တာ၊ ရောဂါကို ဆောလျင်စွာ စစ်ဆေးအတည်ပြုတာနဲ့ ဆောလျင်စွာ ကုသမှုခံယူတာတို့ဟာ ကိုဗစ်-၁၉ ရောဂါပိုး ပြန့်ပွားမှုကို အကောင်းဆုံးထိန်းချုပ်နိုင်တဲ့ မဟာဗျူဟာတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် မိမိကစ ကာကွယ်ပါ၊ မိမိကစ စစ်ဆေးပါ၊ မိမိကစ ကုသမှု ခံယူပါလို့ တိုက်တွန်းလိုက်ပါရစေ။ ။

☆ **မိမိကိုယ်မိမိ ကိုဗစ်-၁၉ ရောဂါ သံသယရှိပြီဆိုတာနဲ့ စစ်ဆေးမှုခံယူခြင်းဖြင့် ကုသရေးအဆင့်ကို အချိန်မလွန်ခင် ဆောင်ရွက်နိုင်မှာဖြစ်သလို ရောဂါပြင်းထန်စွာ ခံစားရတာတွေကိုလည်း ကာကွယ်နိုင်မှာ ဖြစ်ပါတယ်။ ဗိုင်းရပ်စ်ကို အတည်ပြုနိုင်မှသာလျှင် ဒီဗိုင်းရပ်စ်ပိုးရဲ့ပြန့်ပွားမှုကိုလည်း ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။ အကယ်၍ မိမိမှာကူးစက်ခံထားရသည့်တိုင် ရောဂါပြင်းထန်စွာ မခံစားရစေဦးတော့ မိမိကတစ်ဆင့် မိမိနဲ့အတူနေ မိသားစုတွေ၊ သက်ကြီးရွယ်အိုတွေ၊ ရောဂါအခံရှိသူတွေကို ထပ်မံကူးစက်သွားနိုင်**

☆ **မိမိကိုယ်တိုင်နဲ့ မိမိပတ်ဝန်းကျင်ကို ကာကွယ်ဖို့အတွက် ဆောလျင်စွာဆေးစစ်ဖို့ လိုအပ်**

# မုဒုံမြို့ အဇင်းဆည်အတွင်း ငါးမျိုးများစိုက်ထည့်



**မုဒုံ ဩဂုတ် ၁၀**

ငါးသယံဇာတပေါများရေးနှင့် ငါးမျိုးများပြန့်ပွားစေရေးအတွက် မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ အဇင်းဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ မုဒုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်ဇော်နှင့် အဖွဲ့ဝင်များ၊ မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှမင်းဇော်နှင့် ဝန်ထမ်းများ၊ ငါးမျိုးစိုက်ထည့်ကြီးကြပ်ကွပ်ကဲရေးကော်မတီများ တက်ရောက်ကြပြီး အဇင်းဆည်အတွင်းသို့ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၂၀၀၀၀ နှင့် ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ၅၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၅၀၀၀ အား မျိုးစိုက်ထည့်ကြသည်။

မော်လမြိုင်ခရိုင်အတွင်း၌ ငါးမျိုးစိုက်ထည့်ရေးစီမံချက်အရ မြစ်၊ ချောင်း၊ သဘာဝရေပြင်များရှိ နေရာ ၁၃ ခု၌ ငါးသားပေါက်ကောင်ရေ ၇ ဒသမ ၃၅ သိန်းကိုလည်းကောင်း၊ ရေလှောင်ဆည်နှင့် ကန်များရှိ နေရာရှစ်ခု၌ ငါးသားပေါက်ကောင်ရေ ၂ ဒသမ ၆၀ သိန်းကိုလည်းကောင်း မျိုးစိုက်ထည့်ရန် လျာထားခဲ့ပြီး ယနေ့အထိ ငါးသားပေါက်ကောင်ရေ ၇ ဒသမ ၉၀ သိန်းကို မျိုးစိုက်ထည့်ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ စီမံကိန်း ၂၂ ခုအတွက် တရုတ်နိုင်ငံမှ ရန်ပုံငွေလွှဲပြောင်းပေးအပ်

**နေပြည်တော် ဩဂုတ် ၁၀**

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် မြန်မာနိုင်ငံ ဝန်ကြီးဌာန ၁၁ ခုမှ အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိသော စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်းဟိုင်တို့က လက်မှတ်ရေးထိုးသည်။






**ပါဝင်တက်ရောက်**

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်းလက်ခံရရှိသည့်ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ အဆင့်မြင့်အရာရှိကြီးများနှင့် ရန်ကုန်မြို့ရှိ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၁)တွင် မြန်မာနိုင်ငံမှ စီမံကိန်း ၂၂ ခုရရှိခဲ့သော်လည်း "Biosafety level-3 Lab" တည်ဆောက်ရေးစီမံကိန်းအတွက် ရန်ပုံငွေကိုပြည်တွင်းလုပ်ငန်းစဉ်များ ပြီးစီးသည့်အချိန်တွင် လွှဲပြောင်းပေးသွားမည်ဖြစ်ပြီး ကျန်စီမံကိန်း ၂၁ ခုအတွက် အမေရိကန်ဒေါ်လာ ၆ ဒသမ ၁ သန်းကျော်ကို လွှဲပြောင်းပေးအပ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် သမားရိုးကျမဟုတ်သောလုံခြုံရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ဆေးထုတ်လုပ်မှု၊ ယဉ်ကျေးမှု၊ စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ သိပ္ပံနှင့်နည်းပညာ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သစ်တော၊ နယ်စပ်ကုန်သွယ်ရေး၊ ခရီးသွားလာရေး၊ ဘဏ္ဍာရေးနယ်ပယ်တို့တွင် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မဲခေါင်နိုင်ငံများအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုမည့် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်အောက်တွင် အထူးရန်ပုံငွေကို ၂၀၁၇ ခုနှစ်တွင် ထူထောင်ပေးအပ်ခဲ့ပြီး နှစ်စဉ်မဲခေါင်နိုင်ငံများသို့ နိုင်ငံအလိုက် စီမံကိန်းများ ခွင့်ပြုပေးခဲ့သည်။ မြန်မာနိုင်ငံသည် ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ကာလအတွင်း စီမံကိန်း ၅၁ ခု၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၃ သန်းကို လက်ခံရရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် Mr. Li Keqiang ၏ စတင်အဆိုပြုချက်အရ မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးမှုကွာဟချက်လျှော့ချရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်လျက် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ အောက်ဆီဂျင်အိုးကြီး အလုံး ၆၀ နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများနှင့် နေပြည်တော်အိမ်ရာတည်ဆောက်ရေးအဖွဲ့များက နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ အောက်ဆီဂျင်အိုးကြီး (40 Liter) အလုံး ၆၀ နှင့် အလှူငွေကျပ် ၁၂၅ သိန်း စုစုပေါင်းတန်ဖိုးငွေကျပ် ၂၇၅ သိန်း ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဆေးရုံကြီး အုပ်ချုပ်မှုဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး Oxygen Cylinder (40 Liter ) အိုး ၆၀ နှင့်




အလှူငွေကျပ် ၁၂၅ သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေစံက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရန် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လို

**နေပြည်တော် ဩဂုတ် ၁၀**

ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနနှင့်အတူ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အပါအဝင် ညီနောင်အသင်းအဖွဲ့များက ယုံကြည်မှုဖြင့် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းများ ပြန်လည်ရှင်သန်ရေးအတွက် ဆောင်ရွက်ရာတွင် အခက်အခဲများစွာရှိနိုင်ကြောင်း၊ သို့ရာတွင် ရရှိလာသည့်အခွင့်အရေးများကို လက်လွတ်မှုမရှိအောင် ရယူဆောင်ရွက်ခြင်းနှင့် အခက်အခဲများကို ဝိုင်းဝန်းလက်တွဲ ဖြေရှင်းခြင်းဖြင့် ဆောင်ရွက်ရန်လိုအပ်ကြောင်း ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာငြေးအောင်က မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများကို အွန်လိုင်းစနစ်ဖြင့် တွေ့ဆုံစဉ် ပြောကြားသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက လတ်တလောတွင် အထူးလေယာဉ်ဖြင့် ကော့သောင်းလေဆိပ်သို့လာရောက်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းစဉ်များနှင့်အညီ ကျွန်းစုများသို့ တိုက်ရိုက်သွားရောက်လည်ပတ်မည့် စက်တပ်ရွက်လှေခရီးစဉ်များကို လာမည့်အောက်တိုဘာလမှ စတင်၍ ဆောင်ရွက်နိုင်ရေးအတွက် အထက်ဌာနသို့ တင်ပြပြီး သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယင်းခရီးစဉ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်တန့်နေသော စက်တပ်ရွက်လှေ ခရီးသွားလုပ်ငန်းများ ပြန်လည်ရှင်သန်ရေး အစီအစဉ်ကောင်းတစ်ရပ်ဖြစ်ပြီး ဒေသခံများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မျက်ခြည်မပြတ် ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ဩဂုတ် ၂၄ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် CLMVT Forum 2021 Webinar သို့ ပုဂ္ဂလိကအသင်းအဖွဲ့များမှ ပါဝင်တက်ရောက်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အွန်လိုင်းမှ တက်ရောက်လာကြသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အပါအဝင် ညီနောင်အသင်းအဖွဲ့များမှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ခရီးစဉ်ဒေသဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့ Destination Management Organizations (DMOs) များတွင် မြန်မာနိုင်ငံ စားသောက်ဆိုင် လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းရန် လိုအပ်မှုအခြေအနေ၊ ခရီးသွားလုပ်ငန်း ပြန်လည်စတင်နိုင်ရေးအတွက် သင့်တော်သည့် ခရီးစဉ်ဒေသရွေးချယ်ရန် လိုအပ်မှုအခြေအနေ၊ တိုင်းဒေသကြီး/ ပြည်နယ်များတွင် နေ့ချင်းပြန်ခရီးစဉ်များ ဖော်ဆောင်နိုင်ရေးအခြေအနေ၊ ခရီးသွားကုမ္ပဏီများ ပြန်လည်ထူထောင်ရပ်တည်နိုင်ရေး လိုအပ်မှုအခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေပြုရေးဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (ပါကစ္စတန်နိုင်ငံ)

**သိန်းဦး**

**နိဒါန်း**

ပါကစ္စတန်နိုင်ငံ၏တရားဝင်အမည်မှာ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံဖြစ်ပြီး တောင်အာရှတွင်တည်ရှိပါသည်။ ဧရိယာအားဖြင့် ၃၄၀၅၀၉ စတုရန်းမိုင်ကျယ်ဝန်း၍ လူဦးရေမှာ ၂၀၁၇ ခုနှစ် သန်းခေါင်စာရင်းအရ ၂၁၂ သန်းကျော်ရှိသည်။ မူဆလင်လူမျိုး ၉၅ ရာခိုင်နှုန်းနှင့် အခြားငါးရာခိုင်နှုန်းရှိသည်။ တောင်ဘက်တွင် အာရေဗီယန်ပင်လယ်နှင့် အိုမန်ပင်လယ်ကွေ့တို့ရှိပြီး မိုင် ၆၅၀ ရှည်လျားသော ကမ်းရိုးတန်းရှိပါသည်။ အနောက်ဘက်တွင် အာဖဂန်နစ္စတန်နိုင်ငံနှင့် အီရန်နိုင်ငံ၊ အရှေ့ဘက်တွင် အိန္ဒိယနိုင်ငံ၊ အရှေ့မြောက်ဘက်အဖျားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။

၁၉၄၇ ခုနှစ် အိန္ဒိယလွတ်လပ်ရေးအက်ဥပဒေအရ အိန္ဒိယပြည်မကြီးအား ကိုးကွယ်ရာအယူဝါဒကိုလိုက်၍ နှစ်စုခွဲလိုက်ရာ ၁၉၄၇ ခုနှစ် ဩဂုတ်လ ၁၄ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံပေါ်ပေါက်လာခဲ့သည်။ အိန္ဒိယနိုင်ငံမှ စတင်ခွဲထွက်စဉ်က အရှေ့ပါကစ္စတန်နှင့် အနောက်ပါကစ္စတန်ဟူ၍ ရှိခဲ့သည်။ ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေကို အတည်ပြုခဲ့ပြီးနောက် မတ်လ ၂၃ ရက်နေ့တွင် အစ္စလာမ်အယူဝါဒကို အခြေခံပြုသော ပါကစ္စတန်သမ္မတနိုင်ငံဖြစ်ကြောင်း ကြေညာခဲ့သည်။ ၁၉၇၁ ခုနှစ် ရွေးကောက်ပွဲကျင်းပပြီးနောက် အရှေ့ပါကစ္စတန်၏ ဘင်္ဂါလီအမျိုးသားရေးလှုပ်ရှားမှုမှ အစပြု၍ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီး အရှေ့ပါကစ္စတန်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအဖြစ် လည်းကောင်း၊ အနောက်ပါကစ္စတန်သည် ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံအဖြစ်လည်းကောင်း နှစ်နိုင်ငံဖြစ်တည်ခဲ့သည်။ ပါကစ္စတန်နိုင်ငံသည် ဗြိတိသျှဓနသဟာယအဖွဲ့ဝင်နိုင်ငံလည်း ဖြစ်ပါသည်။

ပါကစ္စတန်နိုင်ငံ၏ နိုင်ငံရေးသမိုင်းတစ်လျှောက်လုံးတွင် ပါကစ္စတန်တပ်မတော်သည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ၁၉၅၈ ခုနှစ်မှ ၁၉၇၁ ခုနှစ်အတွင်း၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း၊ ၁၉၉၉ ခုနှစ်မှ ၂၀၀၈ ခုနှစ်များတွင် တပ်မတော်မှ အာဏာသိမ်းမှုနှင့် စစ်အုပ်ချုပ်ရေးဥပဒေများပြဋ္ဌာန်းခဲ့သည်။ ယနေ့တွင် ပါကစ္စတန်၌ ပါတီစုံပါလီမန်စနစ်ကို ကျင့်သုံးပြီး အာဏာခွဲဝေမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများတွင် မျှတမှုများရှိပြီးဖြစ်သည်။ ပထမဆုံးအောင်မြင်သော ဒီမိုကရေစီ အသွင်ကူးပြောင်းမှုသည် ၂၀၁၃ ခုနှစ် မေလတွင်ဖြစ်ပေါ်ခဲ့သည်။ ပါကစ္စတန်၏နိုင်ငံရေးသည် ဆိုရှယ်လစ်စနစ်၊ ရှေးရိုးစွဲဝါဒနှင့် အယူအဆပေါင်းများစွာပါဝင်သည့် နိုင်ငံတွင်းလူမှုရေးအတွေးအခေါ်များပေါ် မူတည်နေသည်။

**နိုင်ငံတော်သမ္မတ**

သမ္မတသည် နိုင်ငံတော်၏အကြီးအကဲဖြစ်ပြီး အထက်လွှတ်တော်ဖွဲ့စည်းမှုတွင် ပါဝင်ပါသည်။ ၎င်းအပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်း ဖြစ်သည်။ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ ပြစ်ဒဏ်လျှော့ပေါ့ခွင့်ပေးခြင်းနှင့် တပ်မတော်အား ကွပ်ကဲခြင်းအာဏာတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတထံတွင် အပ်နှင်းထားသည်။ သို့သော် တပ်မတော်ထိပ်ပိုင်းအရာရှိများ ခန့်အပ်ခြင်းကို လိုအပ်ချက်ရှိသည့် အခြေအနေမျိုးတွင်သာ ဆောင်ရွက်ပိုင်ခွင့်ရှိပြီး ယင်းသို့ခန့်အပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်နှင့် ညှိနှိုင်းဆွေးနွေးကာ သဘောတူညီချက် ရယူရမည်ဖြစ်သည်။ ဥပဒေပြုရေးဆိုင်ရာ အဆိုတင်သွင်းမှုများအပါအဝင် ပြည်တွင်းရေးရာမူဝါဒနှင့် နိုင်ငံခြားရေးရာမူဝါဒချမှတ်ခြင်းများတွင် ဝန်ကြီးချုပ်သည် သမ္မတထံ တင်ပြဆောင်ရွက်ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတအား အစိုးရအဖွဲ့အပေါ် စီမံအုပ်ချုပ်ခွင့်အာဏာကျင့်သုံးခြင်းကို တားမြစ်ထားသည်။

**သမ္မတသည် နိုင်ငံတော်၏အကြီးအကဲဖြစ်ပြီး အထက်လွှတ်တော်ဖွဲ့စည်းမှုတွင် ပါဝင်ပါသည်။ ၎င်းအပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်လည်း ဖြစ်သည်။ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်း၊ ပြစ်ဒဏ်လျှော့ပေါ့ခွင့်ပေးခြင်းနှင့် တပ်မတော်အား ကွပ်ကဲခြင်းအာဏာတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတထံတွင် အပ်နှင်းထားသည်။ သို့သော် တပ်မတော်ထိပ်ပိုင်းအရာရှိများ ခန့်အပ်ခြင်းကို လိုအပ်ချက်ရှိသည့် အခြေအနေမျိုးတွင်သာ ဆောင်ရွက်ပိုင်ခွင့်ရှိပြီး ယင်းသို့ခန့်အပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်နှင့် ညှိနှိုင်းဆွေးနွေးကာ သဘောတူညီချက် ရယူရမည်**

ပါကစ္စတန်ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံမည့်သူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်ဖြစ်ပါသည်–

- နိုင်ငံသားဖြစ်သူ၊
- မူဆလင်ဖြစ်သူ၊
- အသက် ၄၅ နှစ်ပြည့်ပြီးသူ၊
- အောက်လွှတ်တော် (ဝါ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် အရည်အချင်းများနှင့်ပြည့်စုံသူ။

သမ္မတရွေးကောက်တင်မြှောက်ခြင်းကို ပါလီမန်လွှတ်တော်နှစ်ရပ် (အထက်လွှတ်တော်နှင့် အောက်လွှတ်တော်)နှင့် ပြည်နယ်လွှတ်တော် လေးခုတို့ဖြင့် ဖွဲ့စည်းထားသော သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ (Electoral College) မှ တိုက်ရိုက်မဟုတ်သောနည်းဖြင့် ရွေးကောက်တင်မြှောက်ပြီး သက်တမ်းအားဖြင့် ငါးနှစ်သတ်မှတ်ထားပါသည်။ အထက်လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်၏ အဖွဲ့ဝင်ဖြစ်ပါကလည်း သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံနိုင်ပြီး ရွေးကောက်ခံရသူသည် သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်သည့်နေ့ရက်မှစ၍ ယခင်တာဝန်ဝတ္တရားများကို နုတ်ထွက်ရမည်ဖြစ်ပါသည်။ တာဝန်ထမ်းဆောင်လျက်ရှိသော သမ္မတသည် ကျင်းပရန်ရှိသည့် သမ္မတရွေးကောက်ပွဲတွင် ထပ်မံဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည်။ သို့သော် သမ္မတသက်တမ်းနှစ်ကြိမ်ထက်ပို၍ တစ်ဆက်တစ်စပ်တည်း တာဝန်ထမ်းဆောင်ခွင့်မရှိပေ။ သမ္မတသည် ရာထူးတာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက အထက်လွှတ်တော်ဥက္ကဋ္ဌသည် သမ္မတပြန်လည်တာဝန်ယူချိန်အထိ သို့မဟုတ် သမ္မတအသစ်ရွေးချယ်ပြီးချိန်အထိ သမ္မတတာဝန်ကို ထမ်းဆောင်ရမည်ဖြစ်သည်။

**ဝန်ကြီးချုပ်**

ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏အကြီးအကဲဖြစ်ပြီး နိုင်ငံ၏အမှုဆောင်အရာရှိချုပ်လည်းဖြစ်သည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့၏အုပ်ချုပ်ရေးယန္တရားကို ဦးဆောင်မှုပြုခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအား စောင့်ကြပ်ကြည့်ရှုခြင်း၊ အောက်လွှတ်တော် (ဝါ) အမျိုးသားလွှတ်တော်အား ဦးစီးဦးဆောင်ပြုခြင်း၊ ပြည်သူ့ရေးရာကောင်စီအား ဦးဆောင်မှုပြုသကဲ့သို့ အစိုးရအဖွဲ့အား ဦးဆောင်မှုပြုခြင်းတို့ကို ဆောင်ရွက်ခွင့်ရှိသည့်အပြင် နျူကလီးယားလက်နက် အသုံးပြုခွင့်အာဏာလည်းရှိပါသည်။ ဝန်ကြီးချုပ်ကို အောက်လွှတ်တော် (ဝါ) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ရွေးကောက်တင်မြှောက်ပေးရခြင်း ဖြစ်သည့်အတွက် အများအားဖြင့် လွှတ်တော်တွင်း အင်အားကြီးပါတီ၏ ခေါင်းဆောင်သာ ဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ခံရလေ့ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အုပ်ချုပ်ရေးအာဏာကို ဝန်ကြီးချုပ်ထံတွင် အပ်နှင်းထားပြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အား ရွေးချယ်ခန့်ထားနိုင်သကဲ့သို့ အစိုးရအဖွဲ့အား ဦးဆောင်ခြင်း၊ စီမံအုပ်ချုပ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ကိုလည်း ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝန်ကြီးချုပ်သည် ပြစ်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သမ္မတ၏ အတိုင်ပင်ခံချုပ်အဖြစ် ဆောင်ရွက်ပါသည်။ တပ်မတော်၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာ ကဏ္ဍတစ်ခုချင်းစီတွင် ရာထူးခန့်ထားခြင်းနှင့် စပ်လျဉ်း၍လည်း ဝန်ကြီးချုပ်သည် အရေးပါသည့်နေရာမှ ပါဝင်လျက်ရှိသည်။

**သမ္မတရွေးကောက်ပွဲ**

ပါကစ္စတန်နိုင်ငံ၏ သမ္မတရွေးကောက်ပွဲကို ၁၉၇၃ ခုနှစ် ပါကစ္စတန်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်အရ တာဝန်ထမ်းဆောင်လျက်ရှိသော သမ္မတ၏သက်တမ်းမကုန်ဆုံးမီ တစ်လအလိုတွင် ကျင်းပပြုလုပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့ (President's Electoral College) ကို လွှတ်တော်နှစ်ရပ် (အထက်လွှတ်တော်နှင့် အောက်လွှတ်တော်) မှ ကိုယ်စားလှယ်များနှင့် ပြည်နယ်လွှတ်တော်များမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ သမ္မတရွေးကောက်ပွဲကို ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင် (ECP) က တာဝန်ယူဆောင်ရွက်ရသည်။ ယင်းရွေးကောက်ပွဲတွင် ရွေးကောက်ပွဲအရာရှိအဖြစ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ဆောင်ရွက်သည်။ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း၊ စိစစ်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် လိုအပ်ပါက မဲခွဲဆုံးဖြတ်ပေးခြင်းတို့ ဆောင်ရွက်မည့်နေရာနှင့် နေ့ရက်တို့ကို အများပြည်သူသို့ အသိပေးချက်ထုတ်ပြန်ဆောင်ရွက်သည်။ ပါလီမန် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဦးသည် အရည်အချင်းပြည့်မီသည့်သူ တစ်ဦးဦး၏အမည်ကို ကြီးကြပ်ရေးအရာရှိထံသို့ အမည်စာရင်းတင်သွင်းလွှာတင်သွင်းနိုင်သည်။ ထိုသို့တင်သွင်းရာတွင် အဆိုပြုတင်သွင်းသူအဖြစ် ၎င်းကိုယ်စားလှယ်ကိုယ်တိုင် လက်မှတ်ရေးထိုး၍လည်းကောင်း၊ ဒုတိယအဆိုပြုတင်သွင်းသူအဖြစ် အခြားသော ပါလီမန်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက လက်မှတ်ရေးထိုး၍လည်းကောင်း အမည်စာရင်းတင်သွင်းခြင်းခံရသူကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်နှင့်အတူ တစ်ပါတည်းတင်သွင်းရမည်ဖြစ်သည်။

စိစစ်ပြီးပါက ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌသည် ကိုယ်စားလှယ်လောင်းအဖြစ် အရည်အချင်းပြည့်မီသူများကို အများပြည်သူသို့ အသိပေးထုတ်ပြန်သည်။ ကြီးကြပ်ရေးအရာရှိအသီးသီးက ပါလီမန်လွှတ်တော်များနှင့် ပြည်နယ်အဆင့် လွှတ်တော်အစည်းအဝေးများတွင် ဆန္ဒမဲပေးခြင်းကို ကြီးကြပ်ဆောင်ရွက်သည်။ ကြီးကြပ်ရေးအရာရှိများကို ရွေးကောက်ပွဲကော်မရှင် (ECP) က ခန့်အပ်သည်။ မဲပေးရာတွင် လျှို့ဝှက်ဆန္ဒမဲပေးစနစ်အသုံးပြု၍ မဲလက်မှတ်တွင် ကိုယ်စားလှယ်လောင်းအမည်များကို အက္ခရာစဉ်အလိုက် ရိုက်နှိပ်ဖော်ပြထားသည်။ ကိုယ်စားလှယ်များသည် မိမိရွေးချယ်လိုသည့် ကိုယ်စားလှယ်လောင်းအမည်တွင် အမှတ်အသားပြုလုပ်၍ ရွေးချယ်ပေးရမည်ဖြစ်ပါသည်။

**လွှတ်တော်ဖွဲ့စည်းမှု**

ပါကစ္စတန်နိုင်ငံ၏ ပါလီမန်တွင် အထက်လွှတ်တော် (Senate) နှင့် အောက်လွှတ်တော် (National Assembly) ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပါသည်။ အထက်လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ် ၁၀၄ ဦးဖြင့် ဖွဲ့စည်းထားပြီး အောက်လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ် ၃၄၂ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ လွှတ်တော်နှစ်ရပ်အတွက် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရန် အောက်ပါရွေးကောက်ပွဲဆိုင်ရာ စီရင်စုနယ်မြေခြောက်ခု သတ်မှတ်ထားပါသည်–

(၁) Khyber Pakhtunkhwa ပြည်နယ်
(၂) Punjab ပြည်နယ်
(၃) Sindh ပြည်နယ်
(၄) Balochistan ပြည်နယ်
(၅) ဖက်ဒရယ်အုပ်ချုပ်ရေးလူမျိုးစုဒေသများ (FATA)
(၆) ဖက်ဒရယ်မြို့တော်

စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှ

**အထက်လွှတ်တော်(Senate)**

အထက်လွှတ်တော်သည် နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်နေသည့် အမြဲတမ်းဥပဒေပြုအဖွဲ့ဖြစ်ပါသည်။ အထက်လွှတ်တော်၏သက်တမ်းမှာ ခြောက်နှစ်ဖြစ်သည်။ သို့သော် အထက်လွှတ်တော်၏ အဖွဲ့ဝင်တစ်ဝက်သည် သုံးနှစ်တာဝန်ထမ်းဆောင်ပြီးနောက် အနားယူနုတ်ထွက်ရသည်။ နုတ်ထွက်ခြင်း၊ သေဆုံးခြင်း၊ အရည်အချင်းမပြည့်မီခြင်းနှင့် ထုတ်ပယ်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော လစ်လပ်ကိုယ်စားလှယ်နေရာများကို သက်ဆိုင်သည့်ရွေးကောက်ပွဲဆိုင်ရာအဖွဲ့အစည်းမှ ရွေးကောက်တင်မြှောက်ခြင်းဖြင့် ရွေးချယ်ပေးပြီး တင်မြှောက်ခံရသည့်အဖွဲ့ဝင်သည် ရာထူးသက်တမ်း ကုန်ဆုံးသည့်အဖွဲ့ဝင်နေရာအတွက် ဖြည့်ဆည်းပေးခြင်းဖြစ်ပါသည်။

အထက်လွှတ်တော်၏ လွှတ်တော်ကိုယ်စားလှယ်များအားလုံးသည် ကိစ္စရပ်များကို ဆုံးဖြတ်အတည်ပြုရာတွင် တန်းတူအခွင့်အရေးရှိသည်နှင့်အညီ အောက်လွှတ်တော်တွင် အတည်မပြုနိုင်သော ကိစ္စရပ်များပေါ်ပေါက်လာပါက ယင်းကိစ္စရပ်များအားဆုံးဖြတ်ရာတွင် အထက်လွှတ်တော်၏အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

အထက်လွှတ်တော်သို့ရွေးကောက်တင်မြှောက်ခံမည့်သူသည် အသက် ၃၀ နှစ်အောက်မငယ်သူဖြစ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာစီရင်စု၌ မဲဆန္ဒရှင်အဖြစ် မှတ်ပုံတင်ထားသူဖြစ်ရပါမည်။

အထက်လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ် ၁၀၄ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ ကိုယ်စားလှယ်နေရာများကို စီရင်စုနယ်မြေ ခြောက်နေရာအား ခွဲဝေသတ်မှတ်ပေးထားပြီး General Seat ကိုယ်စားလှယ်နေရာ၊ ပညာရှင်များအတွက် (အစ္စလာမ္မာဘတ်အပါအဝင်) ကိုယ်စားလှယ်နေရာ၊ အမျိုးသမီးများနှင့် မူဆလင်မဟုတ်သူများအတွက် ကိုယ်စားလှယ်နေရာများ သတ်မှတ်ပေးထားပါသည်။ ပြည်နယ်များအတွက် ကိုယ်စားလှယ်နေရာများကို ပြည်နယ်များမှ ရွေးကောက်တင်မြှောက်ပြီး ဖက်ဒရယ်မြို့တော်နှင့် ဖက်ဒရယ်အုပ်ချုပ်ရေးနယ်မြေကိုယ်စားလှယ်များကို သမ္မတ၏အမိန့်အာဏာဖြင့် ရွေးကောက်တင်မြှောက်သည်။ ရွေးကောက်တင်မြှောက်မှုစနစ်မှာ Single Transferable Vote System ဖြစ်ပါသည်။

*မူဆလင်မဟုတ်သူများအတွက် ကိုယ်စားလှယ်လေးနေရာ သတ်မှတ်ချက်ကို ၂၀၁၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်တွင် တိုးမြှင့်သတ်မှတ်ရန် ပြဋ္ဌာန်းခဲ့သဖြင့် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အထက်လွှတ်တော်ရွေးကောက်ပွဲတွင် အကျိုးသက်ရောက်မည်ဖြစ်သည်။

**အောက်လွှတ်တော်(National Assembly)**

ပါကစ္စတန်နိုင်ငံ၏ အမျိုးသားလွှတ်တော် (National Assembly) သည် ပါလီမန်၏ အောက်လွှတ်တော် ဖြစ်ပါသည်။ လွှတ်တော်သက်တမ်းသည် ငါးနှစ်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်သည် အသက် ၂၅ နှစ် ပြည့်ပြီးသူဖြစ်ရမည်။ အောက်လွှတ်တော်သည် ဖက်ဒရယ်အဖွဲ့အစည်းအတွက် ဥပဒေပြဋ္ဌာန်းပေးခြင်း၊ အုပ်ချုပ်ရေးလုပ်ငန်းတာဝန်များကို ဆွေးနွေးခြင်း၊ ရွှေ့ဆိုင်းခြင်း၊ မေးခွန်းမေးမြန်းခြင်းတို့တွင် နိုင်ငံသားများ၏ အခြေခံအခွင့်အရေးများ ချိုးဖောက်မှုမရှိစေရန် အမြဲတမ်းကော်မတီမှတစ်ဆင့် စစ်ဆေးခြင်း၊ ပြည်သူ့ငွေစာရင်းကော်မတီမှ ပြည်သူ့အသုံးစရိတ်များကို စိစစ်ပြီး အစိုးရ၏အသုံးစရိတ်ငွေစာရင်းများ ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်သည်။

**အောက်လွှတ်တော်ကိုယ်စားလှယ်နေရာခွဲဝေမှု**

| Provinces/ Territories | General | Women | Total |
|---|---|---|---|
| Sindh | ၆၁ | ၁၄ | ၇၅ |
| Punjab | ၁၄၈ | ၃၅ | ၁၈၃ |
| Balochistan | ၁၄ | ၃ | ၁၇ |
| Khyber Pakhtunkhwa | ၃၅ | ၈ | ၄၃ |
| FATA | ၁၂ | - | ၁၂ |
| Federal Capital | ၂ | - | ၂ |
| TOTAL | ၂၇၂ | ၆၀ | ၃၃၂ |

အောက်လွှတ်တော်ကို ပါတီစုံဖက်ဒရယ်ပါလီမန်စနစ်အရ ဖွဲ့စည်းထားသည်။ အောက်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာ ၃၄၂ နေရာ သတ်မှတ်ထားပြီး နည်းလမ်းနှစ်မျိုးအသုံးပြု၍ အပိုင်းသုံးပိုင်းခွဲကာ ရွေးကောက်တင်မြှောက်ပါသည်။ ကိုယ်စားလှယ် ၂၇၂ ဦးအား မဲဆန္ဒနယ်တစ်နယ်လျှင် ကိုယ်စားလှယ်တစ်ဦးနှုန်းဖြင့် FPTP စနစ် အသုံးပြု၍ ဆန္ဒမဲအများဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းအား တိုက်ရိုက်ရွေးကောက်တင်မြှောက်ပါသည်။ ကိုယ်စားလှယ်နေရာ ၆၀ နေရာအား အမျိုးသမီးများအတွက် ခွဲတမ်းနေရာ (Reserve Seat) အဖြစ် သတ်မှတ်ပေးထားပြီး ကိုယ်စားလှယ်နေရာ ၁၀ နေရာကိုလည်း ဘာသာရေးဆိုင်ရာ လူနည်းစုများအတွက် ခွဲတမ်းနေရာအဖြစ် သတ်မှတ်ပေးထားပါသည်။ အဆိုပါခွဲတမ်းနေရာများအတွက် ကိုယ်စားလှယ်များအား ရွေးချယ်တင်မြှောက်ရာတွင် အချိုးကျကိုယ်စားပြုစနစ်ကိုကျင့်သုံးပြီး အနည်းဆုံးရရှိရမည့် ဆန္ဒမဲအရေအတွက် (Threshold) အဖြစ် ငါးရာခိုင်နှုန်း သတ်မှတ်ထားပါသည်။ အချိုးကျကိုယ်စားပြုစနစ်အသုံးပြု၍ ခွဲတမ်းနေရာ သတ်မှတ်ခြင်းကို ရရှိသည့် ဆန္ဒမဲအရေအတွက်ပေါ် အခြေခံခြင်းမပြုဘဲ အနိုင်ရရှိသည့် ကိုယ်စားလှယ်နေရာ အရေအတွက်ပေါ်တွင် အခြေခံ၍ သတ်မှတ်ပေးခြင်းဖြစ်ပါသည်။ အများဆုံး အနိုင်ရရှိမှုအနေဖြင့် နိုင်ငံရေးပါတီတစ်ခုသည် ကိုယ်စားလှယ်နေရာ ၁၃၇ နေရာ အနိုင်ရရှိနိုင်ပါသည်။

**အထက်လွှတ်တော်ကိုယ်စားလှယ်နေရာခွဲဝေမှု**

| Provinces/ Territories | General | Techno-crats/ Ulema | Women | Non-Mus-lims | Total |
|---|---|---|---|---|---|
| Sindh | ၁၄ | ၄ | ၄ | ၁ | ၂၃ |
| Punjab | ၁၄ | ၄ | ၄ | ၁ | ၂၃ |
| Balochistan | ၁၄ | ၄ | ၄ | ၁ | ၂၃ |
| Khyber Pakh-tunkhwa | ၁၄ | ၄ | ၄ | ၁ | ၂၃ |
| Federal Capital | ၂ | ၁ | ၁ | - | ၄ |
| FATA | ၈ | - | - | - | ၈ |
| TOTAL | ၆၆ | ၁၇ | ၁၇ | ၄* | ၁၀၄ |

အောက်လွှတ်တော်၏ ကိုယ်စားလှယ်နေရာ သတ်မှတ်ခြင်းကို ပြည်နယ်တစ်ခုစီနှင့် ဖက်ဒရယ်အုပ်ချုပ်ရေးနယ်မြေ၊ မြို့တော်နယ်မြေအသီးသီးရှိ တရားဝင်နောက်ဆုံးထုတ်ပြန်ထားသည့် လူဦးရေသန်းခေါင်စာရင်းပေါ်မူတည်၍ ခွဲဝေသတ်မှတ်ပါသည်။

သက်ဆိုင်ရာပြည်နယ်အလိုက် ခွဲဝေသတ်မှတ်ပေးထားသော အမျိုးသမီးကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ရာတွင် ပြည်နယ်တစ်ခုလုံးအား မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်ပြီး မူဆလင်မဟုတ်သည့် ပါကစ္စတန်နိုင်ငံသားများအတွက် ကိုယ်စားလှယ် ၁၀ နေရာကိုမူ တစ်နိုင်ငံလုံးအား မဲဆန္ဒနယ်တစ်နယ်အဖြစ် သတ်မှတ်သည်။ နိုင်ငံရေးပါတီတစ်ခုသည် အနည်းဆုံးထောက်ခံမဲအရေအတွက် (Threshold) ငါးရာခိုင်နှုန်းအောက် လျော့နည်းရရှိပါက ယင်းပါတီအနေဖြင့် အမျိုးသမီးကိုယ်စားလှယ်နေရာနှင့် မူဆလင်မဟုတ်သည့် ပါကစ္စတန်နိုင်ငံသားများအတွက် သတ်မှတ်ထားသော ကိုယ်စားလှယ်နေရာများကို ရရှိခွင့်မရှိပေ။

၂၀၁၇ ခုနှစ်တွင် ပါကစ္စတန်ပါလီမန်က ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် မဲဆန္ဒနယ်မြေပြန်လည်ခွဲဝေခြင်းအား ဆောင်ရွက်ခွင့်မရှိသည့် အချက်ကို ပြင်ဆင်ခဲ့ပြီးနောက် ၂၀၁၈ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်မြေများကို ၂၀၁၇ ခုနှစ် သန်းခေါင်စာရင်းနှင့်အညီ ပြင်ဆင်သတ်မှတ်ခဲ့သည်။ မဲဆန္ဒနယ်မြေပြင်ဆင်မှုအရ General Seat ကိုယ်စားလှယ်နေရာနှင့် အမျိုးသမီးကိုယ်စားလှယ်နေရာ ခွဲဝေသတ်မှတ်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**ပြည်နယ်လွှတ်တော်များ (Provincial Assemblies)**

ပါကစ္စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၉၇၃ အရ ပါကစ္စတန်ဖက်ဒရေးရှင်းကို ပြည်နယ်လေးခုဖြစ်သော Balochistan၊ Khyber Pakhtunkhwa၊

| Provinces/ Territories | General | Women | Total |
|---|---|---|---|
| Sindh | ၆၁ | ၁၄ | ၇၅ |
| Punjab | ၁၄၁ | ၃၂ | ၁၇၃ |
| Balochistan | ၁၆ | ၄ | ၂၀ |
| Khyber Pakhtunkhwa | ၃၉ | ၁၀ | ၄၉ |
| FATA | ၁၂ | - | ၁၂ |
| Federal Capital | ၃ | - | ၃ |
| TOTAL | ၂၇၂ | ၆၀ | ၃၃၂ |

Punjab နှင့် Sindh ပြည်နယ်တို့ဖြင့် ဖွဲ့စည်းထားပါသည်။ ပြည်နယ်တစ်ခုချင်းစီတွင် ၎င်းတို့ကိုယ်တိုင် ရွေးကောက်တင်မြှောက်ထားသည့် ပြည်နယ်လွှတ်တော်ဟုခေါ်ဆိုသည့် ဥပဒေပြုအဖွဲ့အစည်းတစ်ရပ်စီကို ဖွဲ့စည်းထားပြီး ပြည်နယ်၏မြို့တော်များတွင် ထားရှိပါသည်။ ပြည်နယ်အစိုးရအဖွဲ့ကို ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအနက် ရွေးချယ်ထားသည့် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး ပြည်နယ်အစိုးရအဖွဲ့၏ အကြီးအကဲဖြစ်သည့် ဝန်ကြီးချုပ်ကိုလည်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ခန့်အပ်သည်။

ပြည်နယ်လွှတ်တော် တစ်ခုချင်းစီ၏ ကိုယ်စားလှယ်နေရာများကို ယင်းပြည်နယ်တွင် နေထိုင်သည့် လူဦးရေအပေါ်တွင် မူတည်သတ်မှတ်သည်။ ခွဲဝေကိုယ်စားလှယ်နေရာ (General Seat) များအပြင် အမျိုးသမီးများနှင့် မူဆလင်မဟုတ်သူများအတွက်လည်း ကိုယ်စားလှယ်နေရာများကို သတ်မှတ်ပေးထားသည်။ ၂၀၁၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်နယ်တစ်ခုချင်းစီအလိုက် ကိုယ်စားလှယ်နေရာများကို ဇယားပါအတိုင်း ခွဲဝေသတ်မှတ်ခဲ့သည် -

၂၀၁၈ ခုနှစ် မေလတွင် လွှတ်တော်မှ အတည်ပြုခဲ့သည့် (၂၅)ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အရ Khyber Pakhtunkhwa နှင့် FATA ကို ပေါင်းစည်းခဲ့သဖြင့် Khyber Pakhtunkhwa ၏ ပြည်နယ်အဆင့် ကိုယ်စားလှယ်နေရာအရေအတွက်ကို General Seats ၁၁၅ နေရာ၊ Women ၂၆ နေရာ၊ Non-Muslims လေးနေရာ စုစုပေါင်း ၁၄၅ နေရာ တိုးမြှင့်ပြင်ဆင်သတ်မှတ်ခဲ့သည်။ ယင်းပြောင်းလဲမှုသည် ၂၀၁၈ ခုနှစ် အထွေထွေရွေးကောက်ပွဲပြီးနောက်တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်သည်။

**ပြည်နယ်လွှတ်တော်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၈ ကြိမ်မြောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုအရ ပြည်နယ်များသည် ပြည်နယ်အစိုးရဖွဲ့စည်း၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်အာဏာကို ရရှိခဲ့ပြီး နိုင်ငံရေး၊ စီမံအုပ်ချုပ်ရေး၊ ဘဏ္ဍာရေးပိုင်းများနှင့် စပ်လျဉ်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်အာဏာများကို ရွေးကောက်ခံ ကိုယ်စားလှယ်များအပေါ်တွင် အပ်နှင်းထားသည်။ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် စီမံအုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာများတွင် ပြည်နယ်များသည် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရရှိခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်လွှတ်တော်များသည် အောက်ဖော်ပြပါတာဝန်များကို ဆောင်ရွက်ရသည် -

- လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်များအား ရွေးကောက်တင်မြှောက်ခြင်း၊
- သမ္မတနှင့် သက်ဆိုင်ရာပြည်နယ်အလိုက် အထက်လွှတ်တော် ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်နိုင်ရေးအတွက် ရွေးကောက်တင်မြှောက်ရေးအဖွဲ့ ( Electoral College ) အဖြစ် ဆောင်ရွက်ပေးခြင်း၊
- ပြည်နယ်လွှတ်တော်သည် ဖက်ဒရယ်ဥပဒေစာရင်းတွင် မပါဝင်သည့် ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံး၊ သက်သေခံချက်နှင့်စပ်လျဉ်း၍ ပြည်နယ်အတွက် ဥပဒေပြုခြင်း၊

စာမျက်နှာ ၁၀ သို့ ❍

○ စာမျက်နှာ ၉ မှ

**ပြည်နယ်တစ်ခုချင်းစီအလိုက် ကိုယ်စားလှယ်နေရာခွဲဝေမှု**

| Provinces | General | Women | Non-Muslins | Total |
|---|---|---|---|---|
| Sindh | ၁၃၀ | ၂၉ | ၉ | ၁၆၈ |
| Punjab | ၂၉၇ | ၆၆ | ၈ | ၃၇၁ |
| Balochistan | ၅၁ | ၁၁ | ၃ | ၆၅ |
| Khyber Pakhtunkhwa | ၉၉ | ၂၂ | ၃ | ၁၂၄ |
| TOTAL | ၅၇၇ | ၁၂၈ | ၂၃ | ၇၂၈ |

(သို့ရာတွင် ကုရ်အာန်ကျမ်းနှင့် ဆွန်နီတွင် ဖော်ပြထားသည့် အစ္စလာမ်၏တားမြစ်ချက်များကို ကျော်လွန်၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်ကို ကျော်လွန်၍လည်းကောင်း၊ ဖက်ဒရယ်ဥပဒေနှင့်မကိုက်သည့် ဥပဒေများကိုလည်းကောင်း၊ အခြေခံအခွင့်အရေးနှင့် မူဝါဒစည်းမျဉ်းစည်းကမ်းများကို ကျော်လွန်၍လည်းကောင်း မည်သည့်ဥပဒေကိုမျှ ဥပဒေပြုခွင့်မရှိပေ)၊

- ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များဖြစ်သော ပြည်နယ်များအတွက် နှစ်စဉ်ဘဏ္ဍာငွေအရ အသုံးအပါအဝင် ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊
- အစိုးရအဖွဲ့အား စောင့်ကြပ်ခြင်း၊

**ပြည်နယ်လွှတ်တော်များ၏ သက်တမ်း**

ပြည်နယ်လွှတ်တော်၏ သက်တမ်းကို ပြည်နယ်လွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်နေ့မှ ငါးနှစ်ပြည့်မြောက်သည်အထိ သတ်မှတ်ထားသည်။ အထွေထွေရွေးကောက်ပွဲကို ပြည်နယ်များတွင် တစ်ရက်တည်း၌ တစ်ပြိုင်နက်ကျင်းပခြင်းဖြစ်သည့်အတွက် ပြည်နယ်လေးခု၏ လွှတ်တော်အစည်းအဝေးများကို တစ်ချိန်တည်းတွင် စတင်ရသည်။ လွှတ်တော်သက်တမ်းပြည့်မြောက်ပါကလည်း ဖျက်သိမ်းခြင်းကို တစ်ချိန်တည်းဆောင်ရွက်သည်။

**ပြည်နယ်လွှတ်တော်များအတွက် ရွေးကောက်ပွဲစနစ်**

ပြည်နယ်လွှတ်တော်များ၏ ခွဲဝေနေရာ (General Seat) အတွက် ကိုယ်စားလှယ်ရွေးချယ်ခြင်းကို မဲဆန္ဒနယ်တစ်နယ်လျှင် ကိုယ်စားလှယ်တစ်ဦးနှုန်းဖြင့် ဆန္ဒမဲအများဆုံးရရှိသူအား တိုက်ရိုက်ရွေးကောက်တင်မြှောက်ခြင်းဖြစ်ပါသည်။ အမျိုးသမီးများနှင့် မူဆလင်မဟုတ်သူများ အတွက် သတ်မှတ်ထားသည့် ကိုယ်စားလှယ်နေရာများ ရွေးချယ်ခြင်းကို ပါတီမှတင်သွင်းသည့် ကိုယ်စားလှယ်စာရင်းပေါ်မူတည်၍ အချိုးကျကိုယ်စားပြုစနစ်ဖြင့် ရွေးကောက်တင်မြှောက်ပါသည်။ အောက်လွှတ်တော်မှာကဲ့သို့ပင် အမျိုးသမီးများနှင့် မူဆလင်မဟုတ်သူများအတွက် သတ်မှတ်ထားသည့် ကိုယ်စားလှယ်နေရာများ ခွဲဝေရာတွင် နိုင်ငံရေးပါတီများမှ အနိုင်ရရှိသည့် ခွဲဝေကိုယ်စားလှယ်နေရာ (General Seat) ပေါ်တွင်မူတည်၍ ခွဲဝေပေးခြင်းဖြစ်ပါသည်။

**ပါကစ္စတန်နိုင်ငံရွေးကောက်ပွဲကော်မရှင်**
**(Election Commission of Pakistan – ECP)**

ပါကစ္စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင် (ECP) သည်၁၉၅၆ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပထမဦးဆုံးပေါ်ပေါက်လာသည့် အဖွဲ့အစည်းဖြစ်ပြီး ၁၉၅၆ ခုနှစ် မေလ ၂၃ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ သမိုင်းတစ်လျှောက် နိုင်ငံရေးဖြစ်စဉ်များအပေါ်မူတည်၍ ဒီမိုကရေစီကျသော ကိုယ်စားပြုစနစ် အားကောင်းလာစေရန်အတွက် ပွင့်လင်းမြင်သာမှုနှင့် လိုက်လျောညီထွေမှုရှိသော အဖွဲ့ အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းရန် ပြုပြင်ပြောင်းလဲမှုများ၊ ပြင်ဆင်ဖွဲ့စည်းခြင်းများရှိခဲ့သည်။

ပါကစ္စတန်နိုင်ငံ ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍အမှီအခိုကင်းစွာ စနစ်တကျဖွဲ့စည်းထားသည့် ဖက်ဒရယ်အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်တာဝန်ရှိသည်။ ပါကစ္စတန်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အထွေထွေရွေးကောက်ပွဲကို ငါးနှစ်လျှင် တစ်ကြိမ်ကျင်းပသည်။ သမ္မတရွေးကောက်ပွဲ၊ အထက်လွှတ်တော်ရွေးကောက်ပွဲ၊ အောက်လွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များ ရွေးကောက်ပွဲ (General Election )၊ ဒေသအာဏာပိုင်အစိုးရအဖွဲ့များ ရွေးကောက်ပွဲတို့ကို တာဝန်ယူကျင်းပပေးရသည်။

ရွေးကောက်ပွဲကော်မရှင်ကို ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ (ကော်မရှင်နာ) နှင့် အဖွဲ့ဝင်လေးဦး (ပြည်နယ်တစ်ခုလျှင် တစ်ဦးနှုန်း) ဖြင့် ဖွဲ့စည်းထားသည်။ ၎င်းတို့ကို သမ္မတကခန့်အပ်ပြီး သက်တမ်းမှာ ငါးနှစ်ဖြစ်သည်။ အဖွဲ့ဝင်လေးဦးအနက် နှစ်ဦးသည် ပထမနှစ်နှစ်ခွဲ သက်တမ်းပြည့်မြောက်ပါက တာဝန်ကုန်ဆုံးမည်ဖြစ်ပြီး ကျန်နှစ်ဦးသည် နောက်နှစ်နှစ်ခွဲ သက်တမ်းတွင် တာဝန်ကုန်ဆုံးမည်ဖြစ်သည်။ ရွေးကောက်ပွဲကော်မရှင် စတင်တာဝန်ထမ်းဆောင်ချိန်တွင် အဖွဲ့ဝင်လေးဦးအနက် ပထမသက်တမ်း နှစ်နှစ်ခွဲသာ တာဝန်ထမ်းဆောင်ရမည့် အဖွဲ့ဝင်နှစ်ဦးကို မဲနှိုက်ရွေးချယ်သည်။ လစ်လပ်သွားသည့် အဖွဲ့ဝင်နှစ်ဦးနေရာတွင် ခန့်အပ်လိုက်သည့် အဖွဲ့ဝင်သစ်နှစ်ဦး၏ သက်တမ်းသည် တာဝန်ထမ်းဆောင်လျက်ရှိသည့် အဖွဲ့ဝင်နှစ်ဦး၏ ကျန်ရှိသက်တမ်းနှင့်အညီဖြစ်သည်။ အဖွဲ့ဝင်များသည် တရားရုံးချုပ်တွင် တရားသူကြီးအဖြစ်ဖြစ်စေ သို့မဟုတ် အဆင့်မြင့်အရာရှိအဖြစ်ဖြစ်စေ သို့မဟုတ် စက်မှု/လက်မှု/ သိပ္ပံပညာရှင်အဖြစ်ဖြစ်စေ ထမ်းဆောင်ဖူးရန် သတ်မှတ်ထားပြီး ဥက္ကဋ္ဌသည် အသက် ၆၈ နှစ်နှင့် အဖွဲ့ဝင်များသည် အသက် ၆၅ နှစ်ထက် မကြီးသူများဖြစ်ရမည်။ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ပါကစ္စတန်နိုင်ငံ၏ အဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူ၊ လစာ၊ စရိတ်၊ ကြေးငွေရသော အခြားရာထူးတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူမဖြစ်ရပါ။ ရာထူးပြီးဆုံးပြီးနောက်လည်း နှစ်နှစ်အတွင်း ပါကစ္စတန်ရှိ အဖွဲ့အစည်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်ခွင့်မရှိပေ။

**ရွေးကောက်ပွဲများ ကျင်းပခြင်း**

ပါကစ္စတန်နိုင်ငံသည် ၁၉၄၇ ခုနှစ် ဗြိတိသျှတို့ထံမှ လွတ်လပ်ရေးရပြီးနောက် ၁၅ နှစ်အတွင်း မည်သည့်ရွေးကောက်ပွဲမျှ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။ ပထမဆုံးသောရွေးကောက်ပွဲကို ၁၉၆၂ ခုနှစ်တွင် ကျင်းပခဲ့သည်။ ဒီမိုကရေစီစနစ်အထွေထွေရွေးကောက်ပွဲများကို ၁၉၇၀ ပြည့်နှစ်၊ ၁၉၇၇ ခုနှစ်၊ ၁၉၈၅ ခုနှစ်၊ ၁၉၈၈ ခုနှစ်၊ ၁၉၉၀ ပြည့်နှစ်၊ ၁၉၉၃ ခုနှစ်၊ ၁၉၉၇ ခုနှစ်၊ ၂၀၀၂ ခုနှစ်၊ ၂၀၀၈ ခုနှစ် ၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် စုစုပေါင်း (၁၁) ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။

အထွေထွေရွေးကောက်ပွဲကို လွှတ်တော်များ ပြီးဆုံးရန် သတ်မှတ်ထားသည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ အတွင်း ကျင်းပပေးရပြီး ရွေးကောက်ပွဲရလဒ်ကို လွှတ်တော်ပြီးဆုံးမည့်နေ့ရက်မတိုင်မီ အနည်းဆုံး ၁၄ ရက် ကြိုတင်၍ ကြေညာပေးရသည်။ လွှတ်တော်များကို ဖျက်သိမ်းခဲ့ပါက ရက်ပေါင်း ၉၀ အတွင်း ကျင်းပပေးရပြီး ရွေးကောက်ပွဲရလဒ်ကို မဲပေးပြီးနောက် ၁၄ ရက်ထက် နောက်မကျဘဲ ကြေညာပေးရသည်။ လွှတ်တော်ကိုယ်စားလှယ်နေရာသည် လွှတ်တော်သက်တမ်းမကုန်ဆုံးမီ ၁၂၀ အတွင်း လစ်လပ်ပါက လစ်လပ်နေရာများအတွက် ရွေးကောက်ပွဲကို လစ်လပ်သည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကျင်းပပေးရသည်။ အထက်လွှတ်တော်တွင် ကိုယ်စားလှယ်နေရာလစ်လပ်ပါက လစ်လပ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကျင်းပပေးရသည်။

**ပါလီမန်လွှတ်တော်ကိုယ်စားလှယ်များ၏ အရည်အချင်းသတ်မှတ်ချက်များ**

၁၉၇၄ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေအရ သက်ဆိုင်ရာမဲစာရင်းတွင် မဲဆန္ဒရှင်အဖြစ်ပါဝင်သူ ပါကစ္စတန်နိုင်ငံသားဖြစ်ရမည်။ အောက်လွှတ်တော် (National Assembly) နှင့် ပြည်နယ်လွှတ်တော်အတွက် အသက် ၂၅ နှစ် ပြည့်ပြီးသူဖြစ်ရမည်ဖြစ်ပြီး အထက်လွှတ်တော်(Senate) အတွက် အသက် ၃၀ နှစ်ပြည့်ပြီးသူဖြစ်၍ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ အစ္စလာမ်ဘာသာ၏ တားမြစ်ချက်များကို ချိုးဖောက်သူမဖြစ်ရပါ။ အစ္စလာမ္မစ်၏ အလေ့အကျင့်နှင့်ပတ်သက်၍ လုံလောက်သော ဗဟုသုတရှိရမည်။ ရိုးသားဖြောင့်မတ်သူဖြစ်ရမည်။ ကိုယ်ကျင့်တရားပျက်ပြားသူအဖြစ် ပြစ်မှုစီရင်ခြင်းခံရသူမဖြစ်စေရ။ ဘွဲ့ရရှိရမည်ဖြစ်ပြီး တိုင်းပြည်၏ စည်းမျဉ်း၊ စည်းကမ်းများကို ဆန့်ကျင်သူမဖြစ်ရပါ။

**မဲဆန္ဒရှင်အရည်အချင်းသတ်မှတ်ခြင်း**

မဲဆန္ဒရှင်သည် ပါကစ္စတန်နိုင်ငံသားဖြစ်ပြီး နှစ်တစ်နှစ်၏ ဇန်နဝါရီလ ပထမရက်တွင် အသက် ၁၈ နှစ်ပြည့်ပြီးသူဖြစ်ရမည်။ တရားရုံး၏ ပြစ်ဒဏ်ကျခံနေရသူ၊ စိတ်ပေါ့သွပ်နေသည်ဟု တရားရုံးက သတ်မှတ်ခြင်းခံရသူမဖြစ်ရပါ။ ရွေးကောက်ပွဲဧရိယာအတွင်းနေထိုင်သော မဲဆန္ဒရှင်လည်းဖြစ်ရမည်။ မဲစာရင်းတွင်ပါဝင်သော နိုင်ငံသားသာလျှင် မဲပေးခွင့်ရှိသည်။ မဲဆန္ဒရှင်သည် National Database & Registration Authority (NADRA) က ထုတ်ပေးသော Computerized National Identity Card (CNIC) ရရှိထားသူဖြစ်ရမည်။ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို NADRA က CNIC စနစ်အရ ပြုစုထားသောစာရင်းမှ အသက် ၁၈ နှစ်ပြည့်ပြီးသူများစာရင်းအား ရွေးကောက်ပွဲကော်မရှင်သို့ ပြုစုပေးသည်။

**၂၀၁၈ခုနှစ်အထွေထွေရွေးကောက်ပွဲ**

၂၀၁၈ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ ၎င်းရွေးကောက်ပွဲတွင် အောက်လွှတ်တော် ၂၇၂ နေရာနှင့် ပြည်နယ်လွှတ်တော် ၅၇၇ နေရာတို့အတွက် ကိုယ်စားလှယ်နေရာများကို ရွေးကောက်တင်မြှောက်ခဲ့သည်။ မဲပေးမှုမှာ ၅၁ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သည်။ ရွေးကောက်ပွဲဆိုင်ရာ တာဝန်များအတွက် ဝန်ထမ်း ၈၁၁၄၉၁ ဦး ခန့်အပ်ထားပြီး ရွေးကောက်ပွဲအရာရှိများ၊ လက်ထောက်ရွေးကောက် ပွဲအရာရှိများ၊ မဲရုံမှူးများ၊ ရဲများ၊ ဥပဒေစိုးမိုးရေးအေဂျင်စီများနှင့် လုံခြုံရေးတာဝန် ပေးအပ်ထားသည့် လက်နက်ကိုင်တပ်ဖွဲ့ဝင် ၃၇၁၀၀၀ ပါဝင်သည်။ မဲရုံ (Polling Stations) ၈၅၃၁၇ ရုံရှိပြီး မဲရုံငယ် (Polling Booths) ၂၄၂၀၀၀ ရုံ ပါဝင်သည်။

နိုင်ငံရေးပါတီ ၇၉ ပါတီနှင့် တစ်သီးပုဂ္ဂလများဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အောက်လွှတ်တော်အတွက် နိုင်ငံရေးပါတီများ အနိုင်ရရှိမှုမှာ အောက်ပါအတိုင်းဖြစ်သည် –

| | | General | Women | Minority | Total |
|---|---|---|---|---|---|
| 1. PakistanTehreek–e–Insaf | 16,903,70231.82 | 116 | 28 | 5 | 149 |
| 2. Pakistan Muslim league(N) | 12,934,58924.35 | 64 | 16 | 2 | 82 |
| 3. Pakistan People Party | 6,924,35613.03 | 43 | 9 | 2 | 54 |
| 4. MuttahidaMajlis–e–Amal | 2,573,9394.85 | 12 | 2 | 1 | 15 |
| 5. Grand Democratic Alliance | 1260,1472.37 | 2 | 1 | 0 | 3 |
| 6. Awami National Party | 815,9981.54 | 1 | 0 | 0 | 1 |
| 7. MuttahidaQaumi Movement | 733,245 1.38 | 6 | 1 | 0 | 7 |
| 8. Pakistan Muslim League (Q) | 417,408 0.97 | 4 | 1 | 0 | 5 |
| 9. Balochiston Awai Party | 319,348 0.60 | 3 | 1 | 0 | 4 |
| 10.Balchiston National Party(Mengal) | 238,817 0.45 | 3 | 1 | 0 | 4 |
| 11. AwaiMusilam League | 119,362 0.22 | 1 | 0 | 0 | 1 |
| 12. JamhooriWattan Party | 23,2740.04 | 1 | 0 | 0 | 1 |
| Indenpendents | | 13 | 0 | 0 | 13 |
| Postponed | | 2 | – | – | 2 |
| Total | | 272 | 60 | 10 | 342 |

**နိဂုံး**

ပါကစ္စတန်နိုင်ငံ၏ နိုင်ငံရေးသမိုင်းတွင် တပ်မတော်၏ ပါဝင်မှုကဏ္ဍသည် အရေးပါသည့်အပိုင်းတွင် ရှိခဲ့သည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း တပ်မတော်မှ အာဏာသိမ်းမှုအကြိမ်ကြိမ်ဖြစ်ခဲ့ပြီး စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့သော်လည်း ဒီမိုကရေစီစနစ်သို့ ပြောင်းလဲရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို အဆင့်ဆင့်ပြုပြင်ပြောင်းလဲမှုများပြုလုပ်ခဲ့သည်။ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာ၌ အဓိကအခန်းကဏ္ဍတွင် ပါဝင်သော ရွေးကောက်ပွဲကော်မရှင်သည် အချိုးကျကိုယ်စားပြုစနစ်ကို ပွင့်လင်းမြင်သာမျှတမှုရှိစေရန် လိုအပ်သောပြင်ဆင်ဆောင်ရွက်မှုများရှိခဲ့ခြင်း၊ နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ်တို့၏ လုပ်ပိုင်ခွင့်အာဏာများကို ခွဲဝေသတ်မှတ်ထားခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းမှုပြုနိုင်ရန် ပြဋ္ဌာန်းထားခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုအဆင့်လွှတ်တော်များနှင့် ပြည်နယ်အစိုးရများအကြား ခွဲဝေကျင့်သုံးခြင်းတို့က ဒီမိုကရေစီစနစ်ကို ပိုမိုခိုင်မာစေသည်ကို တွေ့ရှိရပါသည်။ ဗဟိုအစိုးရထက် ပြည်နယ်အစိုးရသည် ပြည်သူပြည်သားများ၏ လိုအပ်ချက်များကို မြန်ဆန်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်သည်ဖြစ်ရာ ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုနှင့် ပြည်နယ်အစိုးရများအကြား ခွဲဝေကျင့်သုံးခြင်းက နိုင်ငံနယ်နိမိတ်ကျယ်ဝန်းသော ပါကစ္စတန်နိုင်ငံအတွက် မှန်ကန်သင့်လျော်သော ရွေးချယ်မှုစနစ် ဖြစ်ပါကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။


**ကိုးကား**

- Election Commission of Pakistan
- Presidential Elections by IFES
- Election in Pakistan (Wikipedia)
- Basic Facts About Pakistan
- https://www.ecp.gov.pk/default.aspx
- http://www.na.gov.pk/en/composition.php
- 2018 Pakistani general election

# တိုကျိုအိုလံပစ်ပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်သည့်အတွက် ဂျပန်ဝန်ကြီးချုပ် ဆူဂါအား အမေရိကန်သမ္မတ ဘိုင်ဒင် ချီးကျူး



ဂျပန်ဝန်ကြီးချုပ် ဆူဂါ



အမေရိကန်သမ္မတ ဘိုင်ဒင်

**တိုကျို ဩဂုတ် ၁၀**

ပြီးခဲ့သည့် ဩဂုတ် ၈ ရက်က ပြီးဆုံးခဲ့သည် တိုကျို အိုလံပစ်အားကစားပြိုင်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် အမေရိကန်နိုင်ငံသမ္မတ ဂျိုးဘိုင်ဒင်က ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆူဂါအား ချီးကျူးစကားပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံသမ္မတ ဂျိုးဘိုင်ဒင်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆူဂါတို့ ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် ဖုန်းဖြင့် ဆက်သွယ်ပြောကြားစဉ် ဂျိုးဘိုင်ဒင်က ဆူဂါအား ချီးကျူးခဲ့ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံ၌ ကျင်းပခဲ့သည့် တိုကျိုအိုလံပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဂျိုးဘိုင်ဒင်၏ဇနီး ဂျေးဘိုင်ဒင်လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါကလည်း အမေရိကန်နိုင်ငံ၏ အမြဲတမ်းပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားခဲ့သည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် အခက်အခဲများဖြစ်ပေါ်ခဲ့ကာ အိုလံပစ်ပြိုင်ပွဲကို တစ်နှစ်ရွှေ့ဆိုင်းခဲ့ရကြောင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်အမျိုးမျိုးကြားမှ အိုလံပစ်ပြိုင်ပွဲကို ကျင်းပခဲ့ရကြောင်းနှင့် အိမ်ရှင်နိုင်ငံဖြစ်သည်နှင့်အညီ အိမ်ရှင်နိုင်ငံ၏ တာဝန်များကို ကျေပွန်စွာဆောင်ရွက်နိုင်ခဲ့ပါကြောင်း ဝန်ကြီးချုပ် ဆူဂါက ပြောကြားသည်။

ဩဂုတ် ၂၄ ရက်တွင် စတင်ကျင်းပမည့် တိုကျို မသန်စွမ်းအားကစားပြိုင်ပွဲကိုလည်း ဘေးကင်းလုံခြုံစွာကျင်းပနိုင်ရန် ရည်ရွယ်ထားပါကြောင်း ဝန်ကြီးချုပ်ဆူဂါက ထုတ်ဖော်ပြောကြားသည်။

နှစ်နိုင်ငံ၏ မဟာမိတ်ပြုမှုကို ပိုမိုတောင့်တင်းစေမည်ဖြစ်ကြောင်းနှင့် လွတ်လပ်ပြီးပွင့်လင်းသည့် အင်ဒို-ပစိဖိတ်ဒေသကို ရရှိစေရန် အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ် ဆူဂါနှင့် သမ္မတ ဘိုင်ဒင်တို့က အတည်ပြုပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၅၆၀ ထပ်မံတွေ့ရှိ

**မနီလာ ဩဂုတ် ၁၀**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၈၅၆၀ ကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၆၇၆၁၅၆ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၉၂ ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၉၂၂၀ ရှိလာကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။ လူဦးရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် လူဦးရေ ၁၆ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုများကို ဆောင်ရွက်ပြီးဖြစ်သည်။ နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်လာခြင်းကို တားဆီးသည့်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများအား အစိုးရက အရှိန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအတွင်း ဒယ်လ်တာ ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၅၀ ကို တွေ့ရှိရပြီး ၎င်းတို့အနက်မှ ၁၀ ဦးသေဆုံးသည်။ မနီလာမြို့တော်အပါအဝင် နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများပြားသောဒေသများ၌ ဩဂုတ် ၆ ရက်မှစတင်၍ သီတင်းနှစ်ပတ်ကြာ အသွားအလာ ကန့်သတ်မှုများကို ချမှတ်ခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သီးခြားစောင့်ကြည့်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်နေခြင်းသည် နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုများ လျှော့ချရန်နှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာ ကန့်သတ်မှုများ ပြန်လည်ချမှတ်ရမည့်အရေးအား တားဆီးနိုင်ရန်အတွက်ဖြစ်ကြောင်း လူမှုစီးပွား စီမံကိန်းဆိုင်ရာဝန်ကြီး ကားလ် ကန်ဒရက်ချူးက အွန်လိုင်းမှကျင်းပသော အစည်းအဝေးတွင် ပြောကြားသည်။

နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူထားရန် ၎င်းကတိုက်တွန်းလိုက်ပြီး ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွင်း ဒယ်လ်တာဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်နိုင်သည့်အချိန်တွင် စီးပွားရေးလုပ်ငန်းများကို လုံခြုံစိတ်ချစွာ ပြန်လည်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၁၃၉ ဦးရှိ

**တီဟီရန် ဩဂုတ် ၁၀**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၁၃၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၂၃၈၆၇၆ ဦး ရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၁၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အီရန်ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၀၈ ဦးရှိခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၉၅၁၁၁ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၆၇၄၉ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၅၉၁၃၁၃ ဦးရှိလာကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ဩဂုတ် ၁၀ ရက်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံး တစ်ကြိမ်ထိုးနှံပြီးသူ ၁၃၅၂၀၁၂၇ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၃၂၇၄၉၈၀ ရှိကြောင်း သိရသည်။

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားချိန်မှစတင်ကာ လက်ရှိအချိန်အထိ ပြည်သူ ၂၆၆၈၃၆၈၆ ဦးအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# ဗီယက်နမ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၃၉၀ ရှိ

**ဟနွိုင်း ဩဂုတ် ၁၀**

ဗီယက်နမ်နိုင်ငံ၌ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၃၈၅ ဦးနှင့် ပြည်ပမှ ပြန်လာသူများအနက်မှ ကူးစက်ခံရသူ ငါးဦးအပါအဝင် ဩဂုတ် ၁၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၃၉၀ ထပ်မံတွေ့ရှိခဲ့ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယင်းသို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၃၉၀ ထပ်မံတွေ့ရှိခြင်းကြောင့် ဗီယက်နမ်နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၂၈၁၃၅ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုကြောင့် သေဆုံးသူစုစုပေါင်း ၄၁၄၅ ဦး ရှိလာကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ ဩဂုတ် ၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၄၄၂၈ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၈၀၃၄၈ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၀ သန်းနီးပါး အသုံးပြုပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# တူရကီနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၇၃၁ ဦး ထပ်မံတွေ့ရှိ

**အန်ကာရာ ဩဂုတ် ၁၀**


တူရကီနိုင်ငံ၌ ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၇၃၁ ဦးကို ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၉၄၂၂၇၁ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၁၁၇ ဦးထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၃၁၃ ဦးရှိလာကြောင်း သိရသည်။ လက်ရှိအချိန်တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှု ၂၄၅၂၅၃ ကြိမ်ကို ဆောင်ရွက်နိုင်ကြောင်း သိရသည်။

တူရကီနိုင်ငံရှိ တာဝန်ရှိသူများက တရုတ်နိုင်ငံမှ ထုတ်လုပ်သော Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် အတည်ပြုပြီးနောက် ဇန်နဝါရီ ၁၄ ရက်မှစတင်ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုစတင်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပြီးစီးသူ ၄၂ ဒသမ ၁၄ သန်းကျော်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးသူ ၂၉ ဒသမ ၆၃သန်းကျော်ရှိကာ တတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းအပါအဝင် ကာကွယ်ဆေးအလုံးရေ ၇၇ ဒသမ ၅၅ သန်းကျော်ကို အသုံးပြုပြီးဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



# အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးအခြေအနေနှင့်စပ်လျဉ်း၍ စိုးရိမ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန ပြောကြား

**ဝါရှင်တန် ဩဂုတ် ၁၀**
အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနသည် အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးအခြေအနေနှင့်စပ်လျဉ်း၍ စိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ သို့ရာတွင် အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် ဩဂုတ်လကုန်ပိုင်းတွင် အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်အားလုံးကို အပြီးတိုင်ရုပ်သိမ်းရန် စီစဉ်ထားဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် တာလီဘန်များသည် အာဖဂန်နစ္စတန်နိုင်ငံရှိ ၎င်းတို့၏ထိန်းချုပ်မှုအောက်တွင်ရှိသော နယ်မြေများကို တိုးချဲ့လျက်ရှိပြီး ပြီးခဲ့သည့် သီတင်းပတ်နောက်ပိုင်းမှစတင်ကာ အာဖဂန်နစ္စတန်နိုင်ငံ၏ ပြည်နယ်ခြောက်ခုအား သိမ်းပိုက်နိုင်ခဲ့ကြောင်း ကြေညာခဲ့သည်။

ထို့ကြောင့် အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးအခြေအနေနှင့်စပ်လျဉ်း၍ နိုင်ငံတကာအသိုက်အဝန်း၏ စိုးရိမ်ပူပန်မှုများသည် လမ်းကြောင်းမှန်သို့ ဦးတည်နေသည်မဟုတ်ကြောင်း အမေရိကန်ပင်တဂွန်စစ်ဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက ဩဂုတ် ၉ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

သို့ရာတွင် အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များတွင် လေတပ်နှင့် ခေတ်မီလက်နက်များရှိကြောင်းနှင့် ယင်းမှာ တာလီဘန်များတွင်မရှိသည့် အာဖဂန်တပ်ဖွဲ့ဝင်များ၏ အားသာချက်ဖြစ်ကြောင်း ဂျွန်ကာဘီက ဆက်လက်ပြောကြားသည်။

လတ်တလောဖြစ်ပွားနေသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တာလီဘန်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် အာဖဂန်နစ္စတန်နိုင်ငံပြန်လည်သင့်မြတ်ရေးဆိုင်ရာ အထူးကိုယ်စားလှယ် ဇာမယ်ခါလီဇက်သည်လည်း ကာတာနိုင်ငံ ဒိုဟာမြို့သို့ ဩဂုတ် ၉ ရက်တွင် ထွက်ခွာသွားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**





# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၉၉၁ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ ဩဂုတ် ၁၀**
မလေးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၉၉၁ ဦး ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၂၉၉၇၆၇ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုရောဂါထပ်မံကူးစက်ခံရသူများသည် ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နောဟီရှန် အဗ္ဗဒူလာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အလားတူ နိုင်ငံအတွင်း ကိုဗစ်- ၁၉ ရောဂါကြောင့် ၂၀၁ ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၁၆၂ ဦးရှိလာသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၆၂၅၈ ဦးရှိလာသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၅၇၈၄၃ ဦးရှိသည်။ နိုင်ငံအတွင်း ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များတွင် ကိုဗစ်-၁၉ ရောဂါဖြင့် တက်ရောက်ကုသနေသူ ၁၀၉၆ ဦးရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၂ သန်းနီးပါးရှိလာ

**နယူးဒေလီ ဩဂုတ် ၁၀**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၂၀၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၁၉၉၈၁၅၈ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၇၃ ဦးရှိခြင်းကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၄၂၈၆၈၂ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာပေါင်း ၃၈၈၅၀၈ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၄၁၅၁၁ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၁၁၈၀၉၆၈ ဦးရှိလာကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံက ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပိုမိုရရှိနိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိ

**ပေကျင်း ဩဂုတ် ၁၀**
တရုတ်နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပိုမိုရရှိနိုင်ရေးအတွက် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိပြီး လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၇၇၀ ကျော်ကို ကမ္ဘာတစ်ဝန်းသို့ ပံ့ပိုးပေးခဲ့ပြီးဖြစ်ရာ နိုင်ငံတကာအသိုက်အဝန်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထောက်ပံ့မှုတွင် ကမ္ဘာပေါ်၌ ပထမအဆင့်တွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ကူညီပံ့ပိုးပေးရန် အကောင်းဆုံးကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က မကြာသေးမီ ပြုလုပ်ခဲ့သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပထမအကြိမ်မြောက် နိုင်ငံတကာဖိုရမ်တစ်ခုသို့ပေးပို့သည့် သတင်းစကားတစ်ရပ်တွင် ရေးသားဖော်ပြထားသည်။

ထို့ပြင် တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ နှစ်ဘီလီယံခန့် ပံ့ပိုးပေးနိုင်ရန် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဦးဆောင်သည့် COVAX အစီအစဉ်ကိုလည်း အမေရိကန်ဒေါ်လာ သန်း ၁၀၀ ပေးအပ်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှီကျင့်ဖျင်က ထပ်မံဖော်ပြထားသည်။

ယခုနှစ် ဩဂုတ် ၄ ရက်အထိ ဝင်ငွေမြင့်မားသောနိုင်ငံများတွင် လူဦးရေ ၅၁ ဒသမ ၁၅ ရာခိုင်နှုန်းခန့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုခံယူခဲ့ပြီးဖြစ်၍ ဝင်ငွေနည်းပါးသောနိုင်ငံများတွင် လူဦးရေ ၁ ဒသမ ၃၆ ရာခိုင်နှုန်းခန့်သာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူနိုင်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အရေးပေါ်သုံးစွဲရန် အတည်ပြုထားသည့် ကာကွယ်ဆေးစာရင်းတွင် ပါဝင်ခဲ့သည်။ ယခုအခါ ယင်းကာကွယ်ဆေးများကို နိုင်ငံပေါင်း ၁၀၀ ကျော်တွင် အရေးပေါ်သုံးစွဲရန် အတည်ပြုခဲ့ပြီး ဘေးကင်းလုံခြုံမှုနှင့် ထိရောက်မှုရှိကြောင်း သိရသည်။

ထို့ပြင် အချို့သော တရုတ်ဆေးဝါးကုမ္ပဏီများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တတိယအဆင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ရာတွင် နိုင်ငံပေါင်း ၂၀ ကျော်နှင့် ပူးပေါင်းပြီး လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

■



# မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်စလုံးထိုးနှံပြီးသူ ၁၁ သန်းကျော်ရှိ

**ရာဘတ် ဩဂုတ် ၁၀**

မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပြီးသူ ၁၁ သန်းကျော်ရှိသွားပြီဖြစ်ကြောင်း မော်ရိုကိုနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ် ၉ ရက်တွင် ထုတ်ပြန်သည့် ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

လက်ရှိတွင် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးသူ ၁၅၃၄၂၃၇၀ ရှိပြီဖြစ်ကြောင်း မော်ရိုကိုနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မော်ရိုကိုနိုင်ငံသည် တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် ရောက်ရှိလာခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၂၈ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

မော်ရိုကိုနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၀၄၃ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇၀၁၃၂၅ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၅၀၂၁ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၆၁၇၄၁၁ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် မော်ရိုကိုနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၆၉ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၄၀၄ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူ ၁၆၇၁ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇ ဒသမ ၀၇ သန်းကျော်ရှိလာ




**အဒစ်အဘာဘာ ဩဂုတ် ၁၀**

အာဖရိကတိုက်၌ ဩဂုတ် ၁၀ ရက်မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၇၀၇၄၉၂၄ ဦး ရှိလာကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးအေဂျင်စီများအား ကိုယ်စားပြုသည့် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၇၈၁၆၀ ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူပေါင်း ၆၁၇၃၄၉၈ ဦးရှိကြောင်း သိရသည်။

တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့သည် အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံး ဒေသများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားသည်။

လက်ရှိတွင် တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၅၄၀၂၂၂ ရှိကြောင်းနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၀၁၃၂၅ ဦးရှိကြောင်း သိရသည်။ အာဖရိကတိုက်၌ အာဖရိကတောင်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအများဆုံးဒေသဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုဒုတိယအများဆုံးဒေသများဖြစ်ကာ အာဖရိကအလယ်ပိုင်းဒေသသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု အနည်းဆုံးဒေသဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ ဘာသာပြန်-အလင်းသစ်**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၃၇၈ ဦးရှိ

**မော်စကို ဩဂုတ် ၁၀**

ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၃၇၈ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၆၄၉၁၂၈၈ ဦးရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့်တုံ့ပြန်ရေးစင်တာက ဩဂုတ် ၁၀ ရက်တွင် ပြောကြားသည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၇၉၂ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူပေါင်း ၁၆၆၄၄၂ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှဆင်းခွင့်ရရှိသူ ၁၈၇၂၉ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၇၈၈၇၁၀ ရှိလာကြောင်း သိရသည်။

မြို့တော်မော်စကိုသည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံး ဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၃၉ ဦးရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၅၃၀၉၈၉ ဦးရှိလာကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | | |
|---|---|---|---|
| | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၀၄၃၂၁၇၀၇ | ဦး |
| | သေဆုံးသူ | ၄၃၂၀၃၆၁ | ဦး |
| | ပြန်လည်ကျန်းမာလာသူ | ၁၈၃၄၉၀၄၇၃ | ဦး |

# အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၂၀၈၁ ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ ဩဂုတ် ၁၀**

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၂၀၈၁ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၇၁၈၈၂ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။



အလားတူ အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၀၄၈ ဦးကို ထပ်မံတွေ့ရှိခဲ့သောကြောင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၀၆၁၉ ဦးရှိလာကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် နိုင်ငံအတွင်း လူပေါင်း ၄၁၄၈၆ ဦးမှာ ရောဂါမှ ပြန်လည်သက်သာလာသဖြင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၃၁၇၁၁၄၇ ဦးရှိလာသည်။

အင်ဒိုနီးရှားအစိုးရသည် ယမန်နေ့က နိုင်ငံအတွင်းရှိ လူဦးရေထူထပ်သော ဂျာဗားကျွန်းနှင့်ခရီးသွားလုပ်ငန်းလုပ်ကိုင်ရာ ဘာလီကျွန်းတို့တွင် လူစုလူဝေးဖြင့် လုပ်ငန်းဆောင်ရွက်ခြင်းများအား ကန့်သတ်ခြင်းအပါအဝင် အသွားအလာကန့်သတ်မှုကာလကို ဩဂုတ် ၁၆ ရက်အထိ တိုးမြှင့်ခဲ့သည်။ ထို့ပြင် ဂျာဗားဒေသအတွင်းရှိ ခရိုင်စုများဖြစ်သည့် ပန်ဒက်လန်၊ ပါဝတ်ကတာ၊ ပီကာလောင်ကန်နှင့် ကီဒီရီတို့တွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးသတိပေးချက်အဆင့် ၃ မှ အမြင့်ဆုံးဖြစ်သော အဆင့် ၄ အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့သည်။

နိုင်ငံ၏အဓိက မြို့ကြီးများဖြစ်သည့် ဂျကာတာ၊ ဘန်ဒေါင်း၊ ဆီမာရန်နှင့် ဆူရာဘာယာတို့ရှိ ဈေးဝယ်စင်တာများအား လုပ်သားအင်အား ၂၅ ရာခိုင်နှုန်းကိုသာအသုံးပြုပြီး တင်းကျပ်သော ကိုဗစ်-၁၉ ရောဂါဆိုင်ရာကျန်းမာရေးစည်းမျဉ်းများဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည်။ ဂျာဗားကျွန်းနှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်ရာ ဘာလီကျွန်းတို့၏ အပြင်ဘက်ရှိဒေသများဖြစ်သော မြောက်စူမားတြား၊ ရိုင်း၊ အနောက်စူမားတြား၊ အရှေ့ကာလီမန်တန်နှင့်ပါပူဝါတို့တွင် လူစုလူဝေးပြုလုပ်ခြင်းများအား ကန့်သတ်ခြင်းအပါအဝင် အသွားအလာကန့်သတ်မှုကာလကို ဩဂုတ် ၂၃ ရက်အထိ တိုးမြှင့်ချမှတ်ထားသည်။ နိုင်ငံအတွင်းရှိ လူပေါင်း ၂၅ ဒသမ ၁၇ သန်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးစီးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးစီးသူဦးရေမှာ ၅၁ ဒသမ ၇၅ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဆေးဝါးအတုများ၊ အရည်အသွေးမပြည့်မီသော စံမညီဆေးဝါးများရောင်းချခြင်းများအား ဥပဒေအရ ထိရောက်စွာအရေးယူမည်

နေပြည်တော် ဩဂုတ် ၁၀

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၂၀ ပြည့်နှစ်၊ မတ် ၃၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၂၀ ဖြင့် အရေးကြီးကုန်စည်များအဖြစ်သတ်မှတ်ပြီး ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းမပြုရန် တားမြစ်ထားသည်။ ထို့အတူ ဆေးဝါးအတုများ၊ အရည်အသွေးမပြည့်မီသော စံမညီဆေးဝါးများ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရန် အမျိုးသားဆေးဝါးဥပဒေ၌ တားမြစ်ထားသည်။

ယခုအခါ အချို့သောစီးပွားရေးသမားများသည် မိမိ၏အကျိုးစီးပွားအတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ထားခြင်း၊ ဆေးဝါးအတုများ၊ အရည်အသွေးမပြည့်မီသော စံမညီဆေးဝါးများ ရောင်းချခြင်းများပြုလုပ်နေကြောင်း သိရှိရသည်။ သို့ဖြစ်၍ ထိုသို့ ပြုလုပ်သည်ကို တွေ့ရှိရပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်ရာက အသိပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဘုတ်ပြင်း၊ မရမ်းကုန်းနှင့် ကျောက်မဲမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၁၀

ကရသူရိနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၈ ရက် မွန်းလွဲ ၂ နာရီတွင် ဘုတ်ပြင်းမြို့နယ် ကရသူရိမြို့ ကံမော်ကြီးကျေးရွာနေ အောင်ပိုင်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၈၀ ကိုလည်းကောင်း၊ အလားတူ ဩဂုတ် ၉ ရက် မွန်းတည့် ၁၂ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းတွင် မပိုးနှင်းဖြူ(ခ)ခြူးလေးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁၂ နာရီ မိနစ်၂၀ တွင် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းရှိ ဘောလုံးကွင်းအနီး၌ အောင်ပြည့်မြတ်အား စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ နှင့်လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် အဆိုပါနေရာ၌ပင် အောင်ဖြိုးကျော်(ခ)ဆိုးပေကိုလည်းကောင်း၊ မွန်းလွဲ ၃ နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် အောင်မေတ္တာ(၁)လမ်း အမှတ် (၃၈)(၅)လွှာနေ ညီညီဇော်(ခ)အစ္စလန်း၏ နေအိမ်တိုက်ခန်းကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စစ်အောင်နိုင်(ခ)အငယ်လေး၊ ဆန်းစစ်နောင်တို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀၀ ကိုလည်းကောင်း။

ထို့အတူ ဩဂုတ် ၈ ရက် ညနေ ၄ နာရီတွင် မိုင်းလုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့နယ် မိုင်းလုံမြို့ အောက်ပိုင်းရပ်ကွက်နေ မခမ်းအိမ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၆၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။ စာတည်း




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၈-၂၀၂၁ ဗုဒ္ဓဟူးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပေမတ္တသုတ်၊ ရတနသုတ်၊ မောရသုတ်၊ အနတ္တလက္ခဏာသုတ် ... |
| ၀၆:၀၀ | ပေတ္တသုတ်၊ရတနသုတ်၊မေတ္တသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | သူတို့ဒေသသူတို့ဘဝ 'ရေဝတီလင်းဖိုင်' |
| ၀၉:၃၀ | စိုက်ပျိုးရေးရာအဖြေရှာ 'ဒန့်သလွန်စိုက်ပျိုးဝင်ငွေတိုး' |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၂၀ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၃:၀၀ | အတွေးအမြင်(အပိုင်း-၅) |
| ၁၃:၃၀ | MRTV National News |
| ၁၅:၀၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'ပထဝီဝင်ဘာသာရပ်' |
| ၁၇:၃၀ | ရှန်းကန်လှုပ်ရှားဘဝများ |
| ၁၇:၃၅ | MRTV Travelogue |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | ပတ်ဝန်းကျင်ရေရှည်တည်တံ့ ကောင်းမွန်ဖို့ဂေဟစနစ်ကိုပြန်လည် ပြုပြင်ထိန်းသိမ်းကြပါစို့ |
| ၁၉:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားခေါ်ဆောင်ရာ' (အပိုင်း-၄၂) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ |
| ၂၁:၂၅ | ဝဿန်ခါမိုးတေးသံသီ ဖျော်ဖြေမှုအစီအစဉ် |
| ၂၁:၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပဟေဠိချက်များ' (အပိုင်း-၁၉) |

### mitv

| | |
|---|---|
| 07:01 | News |
| 07:27 | A Day Life Of Kayan Padaung Tribe |
| 07:57 | Paper Toys |
| 08:01 | Myanmar Delicate Artistic Creations - Gem Stone Painting |
| 08:19 | Yay Pyan Taung Waterfall |
| 08:42 | Myanmar Master Class "Still Life" (Fruit) |
| 08:48 | Toddy Palm Product Shop |
| 09:00 | Applied Myanmar Traditional Martial Art (Part-1) |
| 09:25 | Mommy Cook: The Foster Mother |
| 09:44 | Finding Ways for Coexistence between People and Elephants |
| 10:01 | Myanmar's Beauty and Nature "Beach" |
| 10:27 | Ecotourism: Naga Tradition Customs |
| 11:14 | The Recycle Art: Tyre |
| 11:30 | Dances of Myanmar "Muun Traditional Dance" |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
လယ်ဆူညားမဂ္ဂဇင်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ဒီဇိုင်နာဟိဟိနှင့်တွေ့ဆုံမေးမြန်းခြင်း

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ကြက်သားနှင့်ပိန္နဲသီးချက်နည်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
တောင်ကြာပန်းတို့ရှိရာဆီ
တစ်ခေါက်တစ်ခါအလည်ရောက်စေချင်

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
ရာမညမြေမှအလှုတရားများ(အပိုင်း-၂)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိ
ရခိုင်ဟင်းလျာများ(အပိုင်း-၂)

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
လူသားတို့ရဲ့ကျေးဇူးရှင် 'ပျား'

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
သံပရာသီးနှင့်ကျန်းမာရေး

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
လက်ကိုင်ဖုန်းနှင့်ကျန်းမာရေး

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလဲ |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၇) |
| ၁၁:၀၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း' |
| ၁၁:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၈) |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀) နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ကိုဗစ်-၁၉ ကြောင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ ဆက်လက်လည်ပတ်နိုင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့သို့ ထည့်ဝင်ကြေးများပေးသွင်းရာတွင် (၆) လနောက်ဆုတ်ပေးသွင်းခွင့်နှင့် ယင်းကာလများအတွက် ပျက်ကွက်ကြေးကင်းလွတ်ခွင့်ပြု

**နေပြည်တော် ဩဂုတ် ၁၀**

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ၏ နောက်ဆက်တွဲဖြစ်ပေါ်လာသော စီးပွားရေးဂယက်များအရ အကျုံးဝင်မှတ်ပုံတင်ထားသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လူမှုဖူလုံရေးအဖွဲ့သို့ ပေးသွင်းရမည့် ထည့်ဝင်ကြေးများကို သက်ဆိုင်ရာလကုန်ဆုံးပြီး (၃) လ နောက်ဆုတ်ပေးသွင်းနိုင်ရန် ၂၀၂၀ ပြည့်နှစ် မတ် ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၂၀) ထုတ်ပြန်၍ ပျက်ကွက်ကြေးများကို ကောက်ခံခြင်းမပြုဘဲ ဖြေလျှော့ကင်းလွတ်ခွင့်ပြုခဲ့ပြီးဖြစ်သည်။

လက်ရှိအခြေအနေတွင် ကိုဗစ်–၁၉ တတိယလှိုင်းကြောင့် ရောဂါကူးစက်ပြန့်ပွားမှု ပိုမိုများပြားလာသဖြင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရန်နှင့် အာမခံအလုပ်သမားများ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များ နစ်နာဆုံးရှုံးမှုမရှိစေရန် ရည်ရွယ်၍ ထည့်ဝင်ကြေးများ ပေးသွင်းရာတွင် ယခင်သက်ဆိုင်ရာလ ကုန်ဆုံးပြီး (၃) လထက် နောက်မကျစေဘဲ ပေးသွင်းခြင်းအစား ၅/၂၀၂၁ လ၏ လုပ်ခလစာအတွက် ပေးသွင်းရမည့် ထည့်ဝင်ကြေးမှစ၍ သက်ဆိုင်ရာလ ကုန်ဆုံးပြီး (၆) လထက် နောက်မကျစေဘဲ ပေးသွင်းခြင်းအပေါ် ပျက်ကွက်ကြေးများကို ကင်းလွတ်ခွင့်ပြုကြောင်း အလုပ်သမားဝန်ကြီးဌာနမှ ၂၀၂၁ ခုနှစ် ဩဂုတ် ၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၃၄၁/၂၀၂၁) ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့သို့ ထည့်ဝင်ကြေးပေးသွင်းရာတွင် ယခင်က (၃) လ နောက်ကျပေးသွင်းခွင့်ပြုခြင်းအစား ယခုအခါ (၆) လ နောက်ကျပေးသွင်းခွင့်ပြုထားပြီး အလုပ်ရှင်များအနေဖြင့် အဆိုပါ နောက်ကျပေးသွင်းရန် ခွင့်ပြုကာလများကို ပျက်ကွက်ကြေး ကင်းလွတ်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို ပူးပေါင်းပါဝင်ဖော်ထုတ်ဖမ်းဆီးရာ၌ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်

**နေပြည်တော် ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို ပူးပေါင်းပါဝင်ဖော်ထုတ်ဖမ်းဆီးရာ၌ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဩဂုတ် ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ပန်းယျကျေးရွာ အနောက်ဘက်တွင် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် တရားမဝင်သယ်ဆောင်လာသည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို ပူးပေါင်းပါဝင်ဖော်ထုတ်ဖမ်းဆီးရာ၌ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော မတ္တရာမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးက မတ္တရာမြို့နယ်ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ဖော်ထုတ်ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ ကြပ်မတ်ဆောင်ရွက်



**ရန်ကုန် ဩဂုတ် ၁၀**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဋ္ဌေးသည် ယနေ့ နံနက် ၇ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် မြန်မာကွန်ဗင်းရှင်းစင်တာ(MCC) ကိုဗစ်–၁၉ ရောဂါ ကုသရေးစင်တာ၌ အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ ကြီးကြပ်မှုဖြင့် မြန်မာသီဟကုမ္ပဏီက တန် ၂၀ Liquid Oxygen Tank တပ်ဆင်ထားရှိရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် အင်ဂျင်နီယာဌာန (ရေပေးဝေရေးနှင့် သန့်ရှင်းမှု)က ဆောင်ရွက်နေသော ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်း ဇေတိက သက်န်းတိုက်အနီး ခေတ်မီ Fire Hydrant မီးသတ်ရေငုတ်များ လဲလှယ်တပ်ဆင်မှု၊ ရွှေတိဂုံဘုရားကန်အတွင်း ရေတင်ပေးသည့် Gate Valve ဟောင်း ပြန်လည်ပြုပြင်မှုနှင့် အရန်ဗားတပ်ဆင်ရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ပြည်သူများ ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ကြိုတင်သတိပြုကာကွယ်နိုင်ရေးအတွက် လူသွားလူလာများသည့် နေရာများတွင် ပညာပေးစိုက်ထူနိုင်ရန် အသိပညာပေး ဗီနိုင်းပိုစတာများကို ဗဟန်းမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် နံနက် ၈ နာရီခွဲတွင် ရေစီးရေလာစီမံခန့်ခွဲမှုဌာနမှ ဆောင်ရွက်နေသော တာမွေမြို့နယ်နှင့် သင်္ဃန်းကျွန်းမြို့နယ် အကြား စက်မှုရတနာလမ်း၊ ခုနစ်ပင်လိမ်ချောင်းအတွင်း ၇ ဒသမ ၅ တန် Excavator စက်ဖြင့် အမှိုက်များ၊ နုန်းများ ဆယ်ယူရှင်းလင်းနေမှုကိုလည်းကောင်း၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်နေသော ဒေါပုံမြို့နယ် ဒေါပုံကတ္တရာ ကွန်ကရစ်ဖျော်စက်ရုံနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် A.B.C ကတ္တရာကွန်ကရစ်ဖျော်စက်ရုံဝင်းအတွင်း သဘာဝဘေးအန္တရာယ်ဖြစ်သည့် ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရန် သဲအိတ်များ ကြိုတင်စီမံပြင်ဆင်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ **သတင်းစဉ်**

# “၀” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ဟိုပန် ဩဂုတ် ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း) “၀” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းအတွင်း ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၃၇၁ ဒသမ ၄၆၉ သန်းဖြင့် ဟိုပန်မြို့နယ် လုံးတုံးရွှေ – ယာကိုကျိုင်း–ပန်လုံလမ်း ငါးမိုင် ငါးဖာလုံအနက် နှစ်မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ လုံးတုံးရွှေ–ယာကိုကျိုင်း –ပန်လုံ ကျေးရွာချင်းဆက်မြေသားလမ်း ငါးမိုင် ငါးဖာလုံအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာနှစ်မှစတင်၍ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ရာ ယခု ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်အထိ ကတ္တရာလမ်း လေးမိုင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ငွေကြယ်



# မကူးစက်တတ်သောရောဂါတွေ ဖြစ်ပွားတာကို နောက်ဆက်တွဲ ဆိုးကျိုးတွေဝင်မလာခင် စောစော သိရှိပြီး ဆေးကုနိုင်ဖို့ ပုံမှန်ကျန်းမာရေးစစ်ဆေးမှုခံယူဖို့၊ သွေးပေါင်မှန်မှန်ချိန်ဖို့၊ သွေးထဲမှာ သကြားဓာတ် ဘယ်လောက်ရှိသလဲဆိုတာကို အသက် ၄၀ ကျော်လာတဲ့အခါ ပုံမှန်စစ်ဖို့လို

ဒေါက်တာသန်းနိုင်စိုး

## ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဩဂုတ် ၉ ရက် ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

ထက်လျှံ

**အစီအစဉ်မှူး။** ။ နိုင်ငံတစ်ဝန်း ကိုဗစ် – ၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပွားနေတာနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာသန်းနိုင်စိုးနဲ့ တွေ့ဆုံမေးမြန်းသွားမှာ ဖြစ်ပါတယ်။

မကူးစက်နိုင်သောရောဂါခံစားနေရတဲ့သူတွေအနေနဲ့ ကိုဗစ်ကာလမှာ အိမ်မှာကျန်းမာအောင် ဘယ်လိုနေထိုင်သင့်သလဲ၊ ကိုဗစ်ရောဂါပိုး မကူးစက်နိုင်အောင် ဘယ်လိုအချက်တွေကို လိုက်နာဆောင်ရွက် သင့်သလဲဆိုတာနဲ့ ပတ်သက်ပြီး ပြောပြပေးပါဦး။

**ဒေါက်တာသန်းနိုင်စိုး။** ။ ဒီနေ့ တင်ပြဆွေးနွေးသွားမယ့်အကြောင်းအရာက မကူးစက်နိုင်သောရောဂါတွေရှိတဲ့သူတွေအနေနဲ့ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားစဉ်ကာလမှာ ဘယ်လိုနေထိုင် စားသောက်သင့်သလဲ၊ ရောဂါပိုးမကူးစက်အောင် ဘယ်လိုတွေနေထိုင်ရမလဲဆိုတဲ့ အကြံပြုချက်တွေကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် ဩဂုတ်လ ၈ ရက်အထိ ရရှိတဲ့ ကိန်းဂဏန်းတွေအရ မြန်မာနိုင်ငံမှာ ကိုဗစ်ရောဂါဖြစ်ပွားသူပေါင်း ၃၂၂၃၈ ဦးရှိပြီး ကိုဗစ်ရောဂါကြောင့် သေဆုံးသူအနေနဲ့ ၁၁၂၆၂ ဦးရှိပါတယ်။ သေဆုံးမှုနှုန်းအနေနဲ့ ၃ ဒသမ ၄၉ ရာခိုင်နှုန်းလောက်ရှိပါတယ်။ သေဆုံးတဲ့သူတွေကို ပြန်ကြည့်တဲ့ အခါ ၉၀ ရာခိုင်နှုန်းအထက် သေဆုံးသူတွေက မကူးစက်နိုင်သော ရောဂါတစ်ခုခု အခံရှိတဲ့သူတွေနဲ့အသက်၆၅နှစ်အထက်အသက်အရွယ်ကြီးရင့်တဲ့သူတွေမှာ အများဆုံးသေဆုံးရတာကို တွေ့ရှိရပါတယ်။

ဒါကြောင့် ကမ္ဘာပေါ်မှာ ကျန်းမာရေးပညာရှင်တွေအနေနဲ့ ပြောကြားနေကြတာကလည်း ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားတဲ့ကာလနဲ့ တစ်ဖက်က မကူးစက်တတ်သော ရောဂါတွေ ဖြစ်ပွားတဲ့ကာလနဲ့လည်း တိုက်ဆိုင်နေတယ်ဆိုပြီး ဖြစ်ပါတယ်။

၂၁ ရာစုရဲ့ လူနေမှုစနစ်ပုံစံအရလည်း နေထိုင်စားသောက်မှု ပုံစံသစ်တွေကြောင့် မကူးစက်တတ်သော ရောဂါတွေ ဖြစ်ပွားမှုကလည်း များနေပါတယ်။ ယခင် နေထိုင်တဲ့ပုံစံက ကျေးလက်မှာ နေထိုင်ကြတာများတယ်။ နေ့စဉ်လှုပ်ရှားမှုတွေရှိတယ်။ အစားအသောက်ဆိုရင် သဘာဝ အစားအသောက်တွေကို စားသောက်ရတယ်။ ဒီအခါမှာ အာဟာရနဲ့ လှုပ်ရှားမှုနဲ့က မျှတပြီး ကျန်းမာ အသက်ရှည်ကြပါတယ်။

၂၁ ရာစု နေထိုင်မှုပုံစံကို ရောက်ရှိလာတဲ့အခါ လူတွေက မြို့ပြကြီးတွေမှာ စုစည်းနေထိုင်ရတယ်။ အစားအသောက်ဆိုရင်လည်း အရသာရှိအောင် သကြားတွေ၊ ဆီတွေ၊ ဆားတွေ၊ ဟင်းချိုမှုန့်တွေ အများကြီးပါဝင်တဲ့ အသင့်စား အစားအသောက်တွေကို စားသောက်ရတယ်။ ကိုယ်လက် လှုပ်ရှားမှုတွေလည်း နည်းပါးသွားပါတယ်။ ဒီလိုအခြေအနေမျိုးတွေကြောင့် တစ်ဖက်က မကူးစက်တတ်သော ရောဂါတွေ ဖြစ်ပွားလာမှုက အရှိန်အဟုန်နဲ့တက်နေတဲ့အချိန် ကိုဗစ် – ၁၉ ကူးစက်ကပ်ရောဂါက ဖြစ်ပွားလာပါတယ်။ ဒါကို ဘယ်လိုသတ်မှတ်ကြလဲဆိုတော့ ဒီကပ်ရောဂါနှစ်ခုက အမြွှာညီအစ်ကိုလို ပုံစံမျိုး (Twin Pandemic Pattern) နဲ့ တစ်ပြိုင်နက်တည်း လာဖြစ်နေတယ်။ ဒါက ၂၁ ရာစု လူသားတွေ ရင်ဆိုင်နေရတဲ့ ကျန်းမာရေးပြဿနာဖြစ်ပါတယ်။ ဒီလိုမျိုးကပ်ရောဂါ နှစ်ခုလာဆုံတဲ့အခါ ခုနကပြောသလို ကူးစက်ရောဂါဖြစ်ပွားမှုအပေါ်မှာ ထပ်ပိုးပြီး မကူးစက်ရောဂါအခံတွေကြောင့် သေဆုံးမှုတွေကိုပါ တိုးစေပြီး ရင်ဆိုင်နေရတဲ့အနေအထား ဖြစ်ပါတယ်။



ကျောက်တော်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး လာရောက်ထိုးနှံသူတစ်ဦးကို သွေးပေါင်ချိန် တိုင်းပေးစဉ်။ ခင်မောင်ထွန်း (ပြန်/ဆက်)

### စစ်တမ်းတစ်ခုလုပ်ခဲ့

မကူးစက်တတ်သော ရောဂါတွေဖြစ်တဲ့ ဆီးချို၊ သွေးတိုး၊ နှလုံးတို့ ဒါတွေက ကျွန်တော်တို့နိုင်ငံမှာလည်း ဖြစ်ပွားနေတာရှိပါတယ်။ ဒီလိုဖြစ်ပွားတဲ့အကြောင်းရင်းကို ပြန်ကြည့်တဲ့အခါ ၂၀၁၄ ခုနှစ်က မြန်မာနိုင်ငံမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ပူးပေါင်းပြီး မကူးစက်တတ်သော ရောဂါတွေ ဖြစ်ပွားရတဲ့ အကြောင်းရင်းတွေနဲ့ပတ်သက်လို့ The National Survey of Diabetes and Risk Factors for Non–communicable Diseases in Myanmar ဆိုတဲ့ စစ်တမ်းတစ်ခုလုပ်ခဲ့ပါတယ်။ ဒီလို စစ်တမ်းလုပ်တဲ့အခါမှာ မြန်မာနိုင်ငံမှာရှိတဲ့ မြို့ပေါင်း ၅၂ မြို့က လူဦးရေ ၈၇၅၇ ဦးကို မေးခွန်းတွေ မေးမြန်းခဲ့ပါတယ်။ သွေးတွေဖောက်ပြီး စစ်တမ်းကောက်ခဲ့တယ်။ အသက် ၂၅ နှစ်ကနေ ၆၄ နှစ် အသက်အပိုင်း အခြားအတွင်းမှာရှိတဲ့ လူဦးရေ ၈၇၅၇ ဦးကို စစ်တမ်းကောက်ခဲ့တဲ့ အချက်အလက်တွေကို တင်ပြချင်ပါတယ်။

ဒီစစ်တမ်းထဲမှာ ဘာတွေ့ရလဲဆိုတော့ လူဦးရေ ၈၇၅၇ ဦးထဲမှာ ဆေးလိပ်သောက်တဲ့နှုန်းက အသက် ၂၅ နှစ်ကနေ ၆၄ နှစ် အသက်အပိုင်းအခြားအတွင်း ၂၆ ဒသမ ၁ ရာခိုင်နှုန်းရှိနေတာ တွေ့ရပါတယ်။ အမျိုးသားက ၄၃ ဒသမ ၈ ရာခိုင်နှုန်းရှိပြီး အမျိုးသား ၁၀၀ မှာ ၄၀ လောက်က ဆေးလိပ်သောက်တာကို တွေ့ရပါတယ်။ တစ်ဝက်နီးနီးလောက်က ဆေးလိပ်သောက်တယ်ဆိုတဲ့ သဘောမျိုးတွေ့ရပါတယ်။ အမျိုးသမီးတွေထဲမှာ ဆေးလိပ်သောက်တဲ့နှုန်းက ၈ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်တဲ့အတွက် လူ ၁၀၀ မှာ ၈ ယောက်က သောက်တဲ့သဘောတွေ့ရှိရပါတယ်။ ဒါကအမျိုးသားတွေမှာ ဆေးလိပ်သောက်သုံးမှုနဲ့ ပတ်သက်ပြီး အလွန်စိုးရိမ်စရာကောင်းတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကလည်း မကူးစက်တတ်သော ရောဂါတွေ ဖြစ်ပွားစေတဲ့ အကြောင်းရင်း တစ်ခုဖြစ်ပါတယ်။ အခုလို ကိုဗစ်ကာလဆို ပိုပြီး အရေးကြီးပါတယ်။ နဂိုက ဆေးလိပ်သောက်လို့ အဆုတ်ကမကောင်းတဲ့အချိန်မှာ ကိုဗစ် – ၁၉ ရောဂါ ထပ်မံဖြစ်ပွားခဲ့ရင် ရောဂါကို နှစ်ထပ်ကွမ်း ခံစားရတဲ့အခါ လူနာတွေအနေနဲ့ တော်တော်ကြီးကို ပြင်းပြင်းထန်ထန်ခံစားရတဲ့ သဘောရှိပါတယ်။

နောက်တစ်ခုက လူဦးရေ ၈၇၅၇ ဦးထဲမှာ မီးခိုးမထွက်တဲ့ ဆေးရွက်ကြီးဖြစ်တဲ့ ကွမ်းယာစားသုံးမှုနှုန်းက ၄၃ ဒသမ ၂ ရာခိုင်နှုန်းရှိပါတယ်။ ဒီအထဲမှာ အမျိုးသားက ၆၂ ဒသမ ၂ ရာခိုင်နှုန်းနဲ့ အမျိုးသမီးက ၂၄ ဒသမ ၁ ရာခိုင်နှုန်းရှိပါတယ်။ အမျိုးသား၊ အမျိုးသမီး ကွမ်းယာစားသုံးမှုနှုန်းကို ပေါင်းလိုက်ရင် ၄၃ ဒသမ ၂ ရာခိုင်နှုန်း ဖြစ်သွားတယ်။ အမျိုးသား ၁၀၀ မှာ ၆၂ ယောက်ခန့်က ဆေးရွက်ကြီးပါတဲ့ ကွမ်းယာစားသုံးတဲ့သဘောပါ။ အမျိုးသားတစ်ဝက်ခန့်ဖြစ်တဲ့ ၄၄ ဒသမ ၅ ရာခိုင်နှုန်းကလည်း နေ့စဉ်ဆေးရွက်ကြီးပါတဲ့ကွမ်းယာစားသုံးတာကို တွေ့ရှိရပါတယ်။ ဒါကြောင့် ဆေးလိပ်သောက်သုံးမှုနဲ့ ကွမ်းစားသုံးမှုမှတစ်ဆင့် ကင်ဆာရောဂါ ပေါင်းစုံအပါအဝင် မကူးစက်တတ်သော ရောဂါမျိုးစုံဖြစ်စေတဲ့ ဆေးရွက်ကြီးသုံးစွဲမှုကလည်း ကျွန်တော်တို့မှာ အတော်များနေတာ တွေ့ရှိရပါတယ်။

### တစ်ဆင့်ခံ ဆေးလိပ်ငွေ့

ဆေးလိပ်သောက်သုံးမှုအပြင် ထပ်ဆင့်တွေ့ရှိရတာက တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ရတာရှိပါတယ်။ ဒီလိုတစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူရှိုက်ရတဲ့သူက ပိုပြီး အန္တရာယ်များတာကို တွေ့ရပါတယ်။ စီးကရက် သောက်သုံးသူတစ်ဦးဖြစ်ဖြစ်၊ ဆေးပေါ့လိပ် သောက်သုံးသူတစ်ဦးဖြစ်ဖြစ် သူတို့မှာ ဆေးလိပ်ရဲ့ အစီခံဆိုတာရှိပါတယ်။ ဒီဆေးလိပ် အစီခံထဲကို ဆေးလိပ်အငွေ့က ဖြတ်ပြီးလာရတဲ့အခါ ဆေးလိပ်သောက်သူထံ ဆေးလိပ်ထဲမှာ ပါဝင်တဲ့ အန္တရာယ်ရှိတဲ့ ကတ္တရာလိုဟာမျိုးတွေက ဆေးလိပ်အစီခံထဲ ကျန်ခဲ့ပါတယ်။ ဒါပေမယ့် ဘေးပတ်ဝန်းကျင်က ဆေးလိပ်ငွေ့ရှူရသူအနေနဲ့ ဆေးလိပ် အစီခံမရှိဘဲ ဒီအတိုင်း ဆေးလိပ်ငွေ့ကို အနားမှာရှိတဲ့ ကလေးတွေ၊ ကိုယ်ဝန်ဆောင်မိခင်တွေ၊ သက်ကြီးရွယ်အို အမျိုးသမီးတွေက တိုက်ရိုက်ရှူရတဲ့အခါ ဒီလိုတစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူသူတွေက ဆေးလိပ်တိုက်ရိုက်သောက်တဲ့သူတွေထက်ပိုပြီး အန္တရာယ်များပါတယ်။ ဒါကြောင့် တစ်ဆင့်ခံ ဆေးလိပ်ငွေ့က အလွန်ကြောက်စရာကောင်းပါတယ်။ ဒီလိုတစ်ဆင့်ခံ ဆေးလိပ်ငွေ့ကို တစ်လအတွင်း အိမ်တွင်းမှာ ရှူမိတဲ့သူက ၃၉ ဒသမ ၁ ရာခိုင်နှုန်းရှိပါတယ်။ ခုနက လူဦးရေ ၈၇၅၇ ဦးထဲမှာ တစ်ဆင့်ခံဆေးလိပ်ငွေ့ကို အိမ်တွင်းရှူမိတဲ့သူက ၄၀ ရာခိုင်နှုန်းနီးပါး ရှိပါတယ်။ ဒါက လူ ၁၀ ယောက်မှာ ၄ ယောက်ဆိုတဲ့အတွက်များပါတယ်။ အိမ်မှာနေရင်း ဆေးလိပ်သောက်သုံးသူလည်း တော်တော်များတဲ့ သဘောပါ။ ဒါကလည်း မကူးစက်တတ်သော ရောဂါတွေ ဖြစ်ပွားမှုများစေတဲ့အကြောင်း တစ်ခုဖြစ်ပါတယ်။

နောက်တစ်ခုက အရက်သောက်သုံးမှု ဖြစ်ပါတယ်။ လူဦးရေ ၈၇၅၇ ဦးထဲမှာ စစ်တမ်းကောက်တဲ့အချိန် မတိုင်မီ ရက် ၃၀ အတွင်းမှာ အရက်သောက်သုံးသူက ၁၉ ဒသမ ၈ ရာခိုင်နှုန်းရှိတဲ့အတွက် ၂၀ ရာခိုင်နှုန်းနီးပါးရှိပါတယ်။ ဒီအထဲမှာ အမျိုးသားတွေက ၃၈ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးက ၁ ဒသမ ၅ ရာခိုင်နှုန်းရှိတယ်။ ဒီလို အရက်သောက်သုံးသူတွေထဲမှာ တစ်နှစ်အတွင်း နေ့စဉ် အရက်သောက်သုံးဖြစ်တဲ့သူ ၂၃ ဒသမ ၉ ရာခိုင်နှုန်းရှိတဲ့အတွက် အရက်သောက်တဲ့သူ ၄ ယောက်မှာ တစ်ယောက်က နေ့တိုင်းအရက်သောက်သူတွေဖြစ်နေပါတယ်။ ဒီလိုနေ့တိုင်း သောက်ဖြစ်တယ်ဆိုတာက အရက်ကို စွဲလမ်းနေတဲ့သဘောရှိပါတယ်။ ဒီလူတွေကလည်း နောက်ပိုင်းမှာ အရက်ကြောင့်ဖြစ်လာတဲ့ အသည်းရောဂါ၊ သွေးတိုးရောဂါ၊ ကင်ဆာရောဂါ အပါအဝင် နောက်ဆက်တွဲရောဂါတွေ မျိုးစုံခံစားရနိုင်ပါတယ်။

စာမျက်နှာ ၁၇ သို့ ❍

❍ စာမျက်နှာ ၁၆ မှ

လူဦးရေ ၈၇၅၇ ဦးထဲမှာ အသီးအရွက်စားသုံးမှုအနေနဲ့ကလည်း အတော်နည်းတာ တွေ့ရပါတယ်။ စားသင့်တဲ့ အသီးအရွက်စားသုံးမှုနှုန်းကို မပြည့်မီတဲ့သူက ၈၆ ဒသမ ၆ ရာခိုင်နှုန်းဖြစ်တဲ့အတွက် လူ ၁၀၀ မှာ ၈၆ ယောက်က အသီးအရွက်ကို စားသင့်တဲ့ပမာဏ စားသုံးမှုနည်းနေတာကို တွေ့ရပါတယ်။ စားတော့စားတယ်။ ဒါပေမယ့် အသီးအရွက်ကို စားသင့်စားထိုက်တဲ့ ပမာဏမစားဘူးလို့ ဆိုလိုတာပါ။ အသီးအရွက်ပုံမှန်စားသုံးခြင်းကို ပြန်ကြည့်ရင် အမျိုးသမီးနဲ့ အမျိုးသားမှာ အမျိုးသမီးက နည်းနည်းပိုစားတယ်၊ အမျိုးသားတွေက အသီးအရွက်ကို သိပ်မစားချင်ဘူးဆိုတဲ့သဘောမျိုး တွေ့ရပါတယ်။ အသီးအရွက်ပုံမှန်စားသုံးမှုနည်းတာက တစ်ဖက်က မကူးစက်တတ်သောရောဂါတွေ ဖြစ်ပွားမှုကို အားပေးပါတယ်။

### မပြည့်မီတာကိုတွေ့ရ

ကိုယ်လက်လှုပ်ရှားမှုအနေနဲ့ လူဦးရေ ၈၀၀၀ ကျော်လောက်မှာ ၁၅ ဒသမ ၇ ရာခိုင်နှုန်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတဲ့ ကိုယ်လက်လှုပ်ရှားသင့်တဲ့ ပမာဏ တစ်ပတ်မှာ မိနစ် ၁၅၀ ပတ်ဝန်းကျင်လောက်ကို ခပ်သွက်သွက် လမ်းလျှောက်တာဖြစ်ဖြစ်၊ အလုပ်ကို ကိုယ်လက်လှုပ်ရှားမှုလို ပြင်းပြင်းထန်ထန် လုပ်တာဖြစ်ဖြစ် စသဖြင့် ပေါင်းလိုက်ရင် မပြည့်မီတာကို တွေ့ရပါတယ်။

အဝလွန်တဲ့သူတွေလည်း များတာတွေ့ရတယ်။ Body Mass Index – BMI က ၂၅ ထက်များရင် စပြီးဝလာပြီလို့ ပြောလို့ရပါတယ်။ အဝလွန်တဲ့သူ အမျိုးသားမှာ ၁၄ ဒသမ ၁ ရာခိုင်နှုန်းရှိတယ်။ အမျိုးသမီးမှာ ၃၀ ဒသမ ၈ ရာခိုင်နှုန်းရှိတယ်။ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ အမျိုးသမီးတွေက အိမ်ထောင်ပြုပြီးသွားရင် သူများအတွက် ချက်ပြုတ်ပြင်ဆင်ပေးရင်း ကိုယ်လည်းစားရင်း ပိုပြီးဝလာတာကို တွေ့ရတယ်။ သွေးပေါင်ချိန် ကြည့်လိုက်တဲ့အခါ သွေးတိုးတယ်လို့ ပြောလို့ရတဲ့ ပမာဏအပေါ်သွေး ၁၄၀ နဲ့ အောက်သွေး ၉၀ ထက်ပိုပြီး တက်နေတာက ၂၆ ဒသမ ၄ ရာခိုင် နှုန်းရှိပါတယ်။ ထူးဆန်းတာက အမျိုးသားတွေက ၂၄ ဒသမ ၇ ရာခိုင်နှုန်းနဲ့ အမျိုးသမီးက ၂၈ ရာခိုင်နှုန်းရှိပါတယ်။ အမျိုးသမီးတွေက ဝလည်းပိုဝတယ်။ သွေးလည်းတိုးနေတယ်ဆိုတဲ့ သဘောဖြစ်တယ်။

နောက်ပြီး သွေးထဲမှာရှိတဲ့ သကြားဓာတ်၊ သွေးချိုကို တိုင်းကြည့်တဲ့အခါ သွေးချိုတက်တဲ့ ပမာဏ ၅ ဒသမ ၉ ရာခိုင်နှုန်းရှိတယ်။ အမျိုးသားတွေက ၄ ဒသမ ၇ ရာခိုင်နှုန်းနဲ့ အမျိုးသမီးတွေက ၇ ရာခိုင်နှုန်းရှိတယ်။ ဒီအထဲမှာမှ အစာစားပြီး ပြန်တိုင်းကြည့်လိုက်တဲ့အခါ ဆီးချိုဖြစ်နိုင်တဲ့ ပမာဏရှိနေတဲ့ လူတွေက ၁၀ ဒသမ ၅ ရာခိုင်နှုန်းရှိတယ်ဆိုတော့ လူ ၁၀ ယောက်မှာ တစ်ယောက်ရှိနေတာကို တွေ့ရပါတယ်။

သွေးတွင်းအဆီဓာတ် ကိုလက်စထရောတိုင်းကြည့်လိုက်တဲ့အခါမှာလည်း သွေးတွင်းအဆီဓာတ်တွေများနေတဲ့သူက ၃၆ ဒသမ ၇ ရာခိုင်နှုန်းလောက်ရှိနေပြီး ဒီအထဲမှာပြန်ကြည့်ရင် အမျိုးသားက ၃၀ ဒသမ ၇ ရာခိုင်နှုန်း၊ အမျိုးသမီးက ၄၂ ဒသမ ၅ ရာခိုင်နှုန်းဆိုတော့ အမျိုးသမီးတွေမှာ သွေးတွင်းအဆီဓာတ် ပိုတဲ့သူတွေများနေတာကို တွေ့ရပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ၁၀ နှစ်ကြာရင် နှလုံးနဲ့သွေးကြောရောဂါတွေ ဘယ်လောက်ဖြစ်နိုင်တယ်ဆိုတာကို တွက်ချက်တဲ့ ဖော်မြူလာ (10–year Risk and Combined NCD Risk Factor) ရှိပါတယ်။ ဒါနဲ့ အသက် ၄၀ နဲ့ ၆၄ နှစ်ကြားကို တွက်ကြည့်လိုက်တဲ့အခါ ၁၂ ဒသမ ၁ ရာခိုင်နှုန်းက နှလုံးနဲ့သွေးကြောရောဂါ တစ်ခုလောက်ရှိနေခြင်း (သို့မဟုတ်) လာမည့် ၁၀ နှစ်အတွင်း နှလုံးနဲ့ သွေးကြောရောဂါတွေ ဖြစ်နိုင်တဲ့ ရာခိုင်နှုန်းက ၃၀ ရာခိုင်နှုန်းအထက် ရှိပါတယ်။ တစ်နည်းအားဖြင့် လာမည့်၁၀နှစ်အတွင်း နှလုံးနဲ့သွေးကြောရောဂါတွေ ဖြစ်နိုင်ခြေ မြင့်မားတဲ့ အုပ်စုထဲမှာပါတယ်လို့ ဆိုလိုပါတယ်။ ဒီအထဲမှာ အမျိုးသားက ၉ ရာခိုင်နှုန်းနဲ့ အမျိုးသမီးက ၁၆ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးတွေက ပိုများနေပါတယ်။

ဒီစစ်တမ်းကနေ လေ့လာခဲ့တဲ့ အသက် ၂၅ နှစ်ကနေ ၆၄ နှစ်အတွင်းရှိ လူဦးရေ ၈၇၅၇ ဦးမှာ ဆေးလိပ်သောက်တာ၊ ဝနေတာ၊ သွေးတိုးတာ၊ သွေးချိုတက်တာ၊ အသီးအရွက်စားတာနည်းတာ၊ ကိုယ်လက်လှုပ်ရှားမှုနည်းတာ စသဖြင့် မကူးစက်တတ်သောရောဂါ တစ်ခုခုဖြစ်နိုင်တဲ့အကြောင်းအရာ (Risk Factor) အနည်းဆုံး တစ်ခုရှိနေတာက ၉၄ ရာခိုင်နှုန်းအထိ ရှိတာကို တွေ့ရပါတယ်။

ဒီလိုမျိုး မကူးစက်တတ်သောရောဂါ ဖြစ်နိုင်တဲ့ အကြောင်းရင်းတွေ သုံးခုကနေ ငါးခုအထိရှိသော လူက အသက်၂၅ နှစ်နှင့် ၄၄ နှစ် အုပ်စုမှာ ၁၄ ဒသမ ၆ ရာခိုင်နှုန်းရှိတယ်။ အသက် ၄၅ နှစ်ကနေ ၆၄ နှစ်အတွင်း ၂၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တက်လာတာကိုတွေ့ရပါတယ်။ အသက် ၄၅ နှစ်အထက်ဆိုရင် မကူးစက်တတ်သောရောဂါ ဖြစ်ပွားဖို့အတွက် အကြောင်းရင်း သုံးခုကနေ ငါးခုအထိ ဖြစ်နေတဲ့သူက သုံးပုံတစ်ပုံလောက်ဖြစ်နေတဲ့သဘောပါ။ မကူးစက်တတ်သော ရောဂါတွေကို တဖြည်းဖြည်းနဲ့ ခံစားလာနေရတဲ့သူတွေ များလာနိုင်တဲ့ သဘောဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာလည်း ဖွံ့ဖြိုးဆဲနိုင်ငံ အများစုမှာ ဒီအတိုင်းပဲဖြစ်နေပါတယ်။

### စိုးရိမ်စရာကောင်းတဲ့အနေအထား

ဒီလိုမကူးစက်တတ်သော ရောဂါတွေခံစားနေရတဲ့အချိန်နဲ့ တစ်ဖက်က ကိုဗစ် – ၁၉ ရောဂါ ဝင်လာတဲ့အခါ ဒီနှစ်ခုပေါင်းတဲ့ဝေဒနာကို ခံစားရပါတယ်။ ဒီစစ်တမ်းက ပြီးခဲ့တဲ့ ၇ နှစ်လောက်က ပြုလုပ်ထားတဲ့ စစ်တမ်းဖြစ်ပါတယ်။ ဒီအချိန်မှာ ဒီထက်များလာစရာပဲရှိတယ်။ ဒီအနေအထားကနေ ဒီလို ကိုဗစ် – ၁၉ ဖြစ်ပွားလာတဲ့အခါ ရောဂါပြင်းထန်စွာဖြစ်ပွားနိုင်မှုက အတော်စိုးရိမ်စရာကောင်းတဲ့ အနေအထားကို ရောက်လာပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ မိန့်ခွန်းထဲမှာလည်းပါပါတယ်။ တတိယလှိုင်းမှာ ဝင်လာတဲ့ဗိုင်းရပ်စ်က ‘ဒယ်လ်တာ’ ဗိုင်းရပ်စ်မျိုးကွဲဖြစ်တယ်။ သူ့ရဲ့ကူးစက်မှုကလည်း မူလဗိုင်းရပ်စ်ထက်စာရင် အနည်းဆုံး ၂ ဆကနေ ၃ ဆအထိပိုမြန်တယ်။ ဆပွားတိုးပြီး ကူးစက်မှုတွေ ဆက်တိုက်ရှိတဲ့အခါ ကူးစက်မှုနှုန်းတွေက မြင့်မားနေတဲ့ အနေအထားဖြစ်ပါတယ်။

လူငယ်လူရွယ်တွေ၊ ရောဂါအခံမရှိသူတွေ အနေနဲ့ ပြန်ကောင်းလာနိုင်တဲ့ ရာခိုင်နှုန်း မြင့်မားပေမယ့် မကူးစက်တတ်သော ရောဂါအခံရှိတဲ့လူတွေ၊ အသက်အရွယ်ကြီးရင့်သူတွေကို ကိုဗစ်ရောဂါ ကူးစက်ရင် အလွန်စိုးရိမ်ရပါတယ်။ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ တတိယလှိုင်း ဖြစ်ပွားနေတဲ့အချိန်မှာ ရောဂါပိုးတွေ့ရင် ဆေးရုံ (သို့မဟုတ်) ကုသရေးစင်တာမှာ ခုတင်နေရာမရှိလို့ စောင့်နေရတဲ့အချိန် ပိုးတွေ့တဲ့သူတွေကို အိမ်မှာထားဖို့ ကျွန်တော်တို့ အနေနဲ့ တစ်ခါမှမထောက်ခံခဲ့ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလိုပိုးတွေ့တဲ့သူတွေကို အိမ်မှာထားရင်းနဲ့ အိမ်မှာမကူးစက်တတ်သော ရောဂါအခံရှိတဲ့ သက်ကြီးရွယ်အိုတွေကို ဆက်ပြီးကူးစက်ရင် သေဆုံးမှုနှုန်းမြင့်မှာ စိုးရိမ်တဲ့အတွက်ဖြစ်ပါတယ်။ ဒါပေမယ့် ရောဂါဖြစ်ပွားသူ အလွန်များပြားတဲ့အခါ အခြေအနေအရ ဒီလိုအိမ်မှာထားခဲ့ရတာတွေ ရှိတယ်လို့ သိရပါတယ်။

**လူငယ်လူရွယ်တွေ၊ ရောဂါအခံမရှိသူတွေအနေနဲ့ ပြန်ကောင်းလာနိုင်တဲ့ ရာခိုင်နှုန်းမြင့်မားပေမယ့် မကူးစက်တတ်သောရောဂါ အခံရှိတဲ့လူတွေ၊ အသက်အရွယ်ကြီးရင့်သူတွေကို ကိုဗစ်ရောဂါကူးစက်ရင် အလွန်စိုးရိမ်ရပါတယ်။ ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့ တတိယလှိုင်း ဖြစ်ပွားနေတဲ့အချိန်မှာ ရောဂါပိုးတွေ့ရင် ဆေးရုံ (သို့မဟုတ်) ကုသရေးစင်တာမှာ ခုတင်နေရာမရှိလို့ စောင့်နေရတဲ့အချိန် ပိုးတွေ့တဲ့သူတွေကို အိမ်မှာထားဖို့ ကျွန်တော်တို့အနေနဲ့ တစ်ခါမှမထောက်ခံခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီလိုပိုးတွေ့တဲ့သူတွေကို အိမ်မှာထားရင်းနဲ့ အိမ်မှာ မကူးစက်တတ်သော ရောဂါအခံရှိတဲ့ သက်ကြီးရွယ်အိုတွေကို ဆက်ပြီးကူးစက်ရင် သေဆုံးမှုနှုန်းမြင့်မှာ စိုးရိမ်တဲ့အတွက်ဖြစ်ပါတယ်**

### ကူးစက်မှုနှုန်းမြန်

ယခင်နဂိုမူလဗိုင်းရပ်စ်က ၄ ရက်ကနေ ၅ ရက်အတွင်းမှာ ၂ ယောက်ကနေ ၃ယောက်ကူးတယ် ဆိုပေမယ့် ယခုဗိုင်းရပ်စ်မျိုးကွဲက ၄ ရက်ကနေ ၅ ရက်အတွင်းမှာ ၅ ယောက်ကနေ ၈ ယောက်ကူးပါတယ်။ နောက်ပိုင်းထွက်လာတဲ့စာတမ်းတွေအရ ၉ ဒသမ ၅ ယောက်ဆိုတဲ့အတွက် ၁၀ ယောက်နီးပါး ကူးစက်သလောက် ဖြစ်လာနေပါပြီ။ ကူးစက်မှုနှုန်းမြန်တဲ့အခါ ပိုးတွေ့သူတွေက အိမ်မှာနေရင် အသက်အရွယ်ကြီးရင့်သူ၊ အသက် ၄၅ နှစ်အထက်ဆိုရင် မကူးစက်တတ်သောရောဂါ ဖြစ်ပွားနိုင်တဲ့ အကြောင်းအရင်း တစ်ခုခုရှိနေတဲ့သူတွေကို ဆက်တိုက်ကူးစက်သွားရင် သူတို့အတွက် စိုးရိမ်စရာကောင်းပါတယ်။

ဒါကြောင့် ပိုးတွေ့သူတွေ အိမ်မှာနေတာကို တတ်နိုင်သလောက် အားမပေးသင့်ပါဘူး။ ပြည်သူလူထုအခြေပြု ကိုဗစ် –၁၉ ပိုးတွေ့ရှိတဲ့သူတွေထားတဲ့ စင်တာတွေမှာ နေသင့်ပါတယ်။ ဒါကြောင့် ဖြစ်နိုင်ရင် ရောဂါပိုးတွေ့ရှိတဲ့အတည်ပြုလူနာတွေက ဒေသန္တရ ကျန်းမာရေးဌာနတွေကို ဆက်သွယ်ပါ။ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတွေကို ဆက်သွယ်ပါ။ စောစောစီးစီး ကျန်းမာရေးစောင့်ရှောက်မှုစနစ်နဲ့ ရအောင် ဆက်သွယ်ချိတ်ဆက်ကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။ ပိုးတွေ့ထားသူတွေ ကိုဗစ်ကုသရေးစင်တာတွေကို ရောက်သွားမှ အိမ်မှာရှိတဲ့ သူတွေကို ကူးတာသက်သာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ကူးစက်မြန်ဒယ်လ်တာမျိုးကွဲမှာ ပိုပြီးအရေးကြီးပါတယ်။

အိမ်မှာရှိတဲ့ အသက်အရွယ်ကြီးရင့်သူ၊ ရောဂါအခံရှိသူတွေအနေနဲ့ ဘယ်လိုနေထိုင်သင့်သလဲဆိုရင် ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂ ရက် နေ့စွဲနဲ့ ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူသို့ပန်ကြားချက်ဆိုပြီး ထုတ်ပြန်ထားပါတယ်။ နံပါတ် (၁) က အိမ်မှာ နေထိုင်ဖို့၊ နံပါတ် (၂) က ဧည့်သည်လက်မခံဖို့၊ ကိုယ်တိုင်လည်း ဧည့်သည်အဖြစ် လျှောက်မလည်ဖို့၊ အထူးပြောကြားလိုတဲ့ အချက်က နံပါတ် (၃) ပါ။ ဒါက အိမ်မှာ အသက် ၆၅ နှစ်အထက် အသက်အရွယ်ကြီးရင့်သူ သို့မဟုတ် ဆီးချို၊ နှလုံး၊ သွေးတိုးစတဲ့ နာတာရှည်ရောဂါ တစ်ခုခုရှိတဲ့သူတွေက မိမိအိမ်မှာနေတဲ့အခါမှာလည်း ပါးစပ်နဲ့နှာခေါင်းစည်းတပ်ပြီး နေသင့်တယ်ဆိုတဲ့အချက်ပါ။ ဒါကို ကျန်းမာရေးဝန်ကြီးဌာနက တရားဝင်ထုတ်ပြန် အသိပေးထားပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အပြင်ထွက်တဲ့သူလည်း ကိုယ့်အိမ်မှာရှိမှာပါ။ ဘယ်သူ့မှာ ပိုးပါလာမှန်း မသိနိုင်ဘူး။ ပိုးတွေ့တယ်။ Positive ဖြစ်ပြီဆိုတာလည်း စစ်ကြည့်မှ သိနိုင်တဲ့ အနေအထားမှာ ဒီလိုအိမ်ကို ပိုးသယ်လာတဲ့ သူတွေကနေတစ်ဆင့် ကူးစက်လိုက်ရင် အိမ်မှာရှိတဲ့ စောစောကပြောခဲ့သူတွေအနေနဲ့ အန္တရာယ်ရှိနိုင်တဲ့အတွက် အပြင်ထွက်တဲ့သူရှိတဲ့ အိမ်ဆိုရင် ဖြစ်နိုင်ရင် မကူးစက်တတ်တဲ့ရောဂါအခံရှိသူတွေ၊ အသက်အရွယ်ကြီးရင့်သူတွေက Mask ကို အိမ်မှာတပ်ထားသင့်ပါတယ်။ နှာခေါင်း၊ ပါးစပ်တွေကနေ ဗိုင်းရပ်စ်ပိုး အများဆုံးဝင်တဲ့ ဝင်ပေါက်ဖြစ်နေတဲ့အတွက် ဖြစ်ပါတယ်။ နှာခေါင်းက လေကိုရှူသွင်းနေရတယ်။ လေရှူသွင်းလိုက်တိုင်း အန္တရာယ်က ရှိနေတဲ့အတွက် နှာခေါင်း၊ ပါးစပ်တွေကို ပိုပြီးကာကွယ်ပေးဖို့ လိုပါတယ်။ နောက်တစ်ခုက လေဝင်လေထွက်ကောင်းတဲ့နေရာဖြစ်နေရင် ဗိုင်းရပ်စ်ကရှိနေရင်တောင်မှ လေနဲ့ပါသွားတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာနက အိမ်မှာနေရင်လည်း Mask ကို တပ်ထားပါ၊ လေဝင်လေထွက်ကောင်းတဲ့ နေရာမှာ နေပါလို့ အကြံပြုထားပါတယ်။

မကူးစက်တတ်သော ရောဂါတွေ ဖြစ်ပွားတာကို နောက်ဆက်တွဲ ဆိုးကျိုးတွေဝင်မလာခင် စောစောသိရှိပြီး ဆေးကုနိုင်ဖို့ ပုံမှန်ကျန်းမာရေးစစ်ဆေးမှုခံယူဖို့၊ သွေးပေါင်မှန်မှန်ချိန်ဖို့၊ သွေးထဲမှာ သကြားဓာတ် ဘယ်လောက်ရှိသလဲဆိုတာကို အသက် ၄၀ ကျော်လာတဲ့အခါ ပုံမှန်စစ်ဖို့လိုပါတယ်။ ရောဂါဖြစ်နေတာကို စောစောစီးစီးကုသရင် နောက်ဆက်တွဲ ပြင်းပြင်းထန်ထန်ဖြစ်ပွားတာ၊ မကြာခဏ ဆေးရုံတက် ကုသနေရတာတွေ လျော့ကျမှာဖြစ်ပါတယ်။

### နောက်ဆက်တွဲ ရောဂါတွေကို ပိုပြီးဆိုးစေ

မကူးစက်တတ်သောရောဂါ ဖြစ်ပွားတဲ့သူတွေအများစုက ရောဂါလက္ခဏာတစ်ခုခုပြလာရင် ဆရာဝန်ဆီကိုသွား၊ ဆရာဝန်ပေးတဲ့ဆေးကို သောက်၊ကောင်းသွားရင်ဆက်ပြီးမသွားတော့ဘူး။ ဒီလိုလုပ်တာဟာ မကူးစက်တတ်သောရောဂါရဲ့ နောက်ဆက်တွဲရောဂါတွေကိုပိုပြီးဆိုးစေတဲ့အပြင် နောက်ပိုင်းမှာ ရောဂါရင့်လာတာနဲ့အမျှ ဆေးကုသမှု စရိတ်တွေက ပိုပြီးတက်လာပါတယ်။ ပုံမှန်စမ်းသပ်ရောဂါ ရှာဖွေတာနဲ့ မရတော့ဘူး။ ရောဂါနာမည် ရှာဖွေရာမှာတောင် ကုန်ကျစရိတ်များလာပါတယ်။ ကုသရတဲ့ဆေးဝါးတွေ၊ ခွဲစိတ်ရတယ်ဆိုရင် ကျန်းမာရေး ကုန်ကျစရိတ်တွေက တက်သည်ထက် ပိုပြီးတက်လာမှာဖြစ်ပါတယ်။

ဒီလိုမျိုး မကူးစက်တတ်သော ရောဂါရှိတဲ့သူတွေက ဆရာဝန်တွေ ဆေးခန်းတွေရှိရာကို လူနာတွေက သွားပြရတဲ့ ကျန်းမာရေးစနစ်က ကျွန်တော်တို့ဆီမှာလည်း အတူတူပါပဲ။ ဒါကို ဆရာဝန် ဗဟိုပြု ကျန်းမာရေးစောင့်ရှောက်မှုစနစ် (Clinician Centric Approach) လို့ခေါ်ပါတယ်။

စာမျက်နှာ ၁၈ သို့ ❍

# "ကိုဗစ်- ၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး" ခေါင်းစဉ်နှင့် "ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ" ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် ဩဂုတ် ၁၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပြည်သူများ ပိုမိုပူးပေါင်းလာစေရန်အတွက်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ပြည်သူများအသိပညာပေးလုပ်ငန်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်စေရေးနှင့် စနစ်တကျ မှတ်တမ်းတင်နိုင်ရေးအတွက်လည်းကောင်း "ကိုဗစ်-၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး" ခေါင်းစဉ်နှင့် "ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ" ခေါင်းစဉ်များဖြင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ပြန်ကြားရေးဝန်ကြီးဌာနက ဖိတ်ခေါ်ထားကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဝါသနာရှင်အဆင့်ပြိုင်ပွဲနှင့် ပညာရှင်အဆင့်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား(၂)မျိုး ကျင်းပမည်ဖြစ်သည်။ ဝါသနာရှင်အဆင့်ပြိုင်ပွဲကို "ကိုဗစ်-၁၉ ကာကွယ်ရေး၊ ပြည်သူအားလုံး ပါဝင်ပေး" ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဓာတ်ပုံပညာကို ဝါသနာအရ ရိုက်ကူးနေကြသူများ၊ ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်း မရှိသူများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ပညာရှင်အဆင့်ပြိုင်ပွဲကို "ကိုဗစ်-၁၉ ကပ်ရောဂါ၊ လက်တွဲညီညာ တိုက်ဖျက်ပါ" ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ပြည်တွင်း/ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

**ဖော်ညွှန်းရိုက်ကူး**

ပြိုင်ပွဲသို့ ကိုဗစ်-၁၉ ရောဂါ ဆိုးကျိုးများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာလုပ်ငန်းများတွင် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနေမှုများ၊ အသိပညာပေးဆောင်ရွက်နေမှုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများက ပါဝင်ကူညီ ဆောင်ရွက်ပေးနေမှုများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုများ စသည့်အကြောင်းအရာများဖြင့် ဖော်ညွှန်းရိုက်ကူးယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာ ဖြစ်ရမည်။ မည်သည့် ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပါသည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသည့် ဓာတ်ပုံများ၊ ပြည်တွင်း/ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများတွင် အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ နေရပ်လိပ်စာ၊ ဓာတ်ပုံအကြောင်းအရာ၊ ရိုက်ကူးသည့်နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျောတွင် သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၀-၉-၂၀၂၁ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ထုတ်လုပ်ရေးဌာနခွဲ (ရန်ကုန်)၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၂၀၁၉၃၆ သို့ ဆက်သွယ်ပေးပို့ကြရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကန်ပက်လက်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**ကန်ပက်လက် ဩဂုတ် ၁၀**

မင်းတပ်ခရိုင် ကန်ပက်လက်မြို့နယ်တွင် ချင်း ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် အသက် ၆၅ နှစ်နှင့်အထက် အပါအဝင် အုပ်စု ၁၂ အုပ်စုအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေးခြင်းကို အမှတ် (၁) ရပ်ကွက် အိမ်တွင်းမှုကျောင်း၌ ဩဂုတ် ၈ ရက်မှ စတင်ထိုးနှံပေးလျက်ရှိရာ ကာကွယ်ဆေးထိုးနှံပြီးသူ ၄၄၂ ဦးရှိကြောင်း သိရသည်။

အဆိုပါကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ ထိုးနှံပေးခဲ့ကြခြင်းဖြစ်ပြီး အသက် ၆၅ နှစ်နှင့်အထက်များ၊ အစိုးရကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအဖွဲ့ဝင်များ၊ သံဃာတော်/ သီလရှင်/ သာသနာ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဟိုတယ်/မိုတယ်/တည်းခိုရေးနှင့်အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူများ၊ အကျဉ်း/အချုပ်သားများနှင့် ဈေးဝယ်စင်တာများမှ အရောင်းဝန်ထမ်းများအား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ကေပီအရ်**



○ စာမျက်နှာ ၁၇ မှ

ဒီအချိန်ကာလက ကိုဗစ်-၁၉ ရောဂါနဲ့ တိုက်ဆိုင်နေတဲ့ ကာလဖြစ်ပါတယ်။ ပုဂ္ဂလိက ကျန်းမာရေးဆေးခန်းတွေဆိုရင် တော်တော်များများ မဖွင့်နိုင်တဲ့ ကာလ၊ အချို့ဖွင့်တဲ့ဆေးခန်းတွေက ဆရာကြီးတွေဆိုရင် တော်တော်များများကူးစက်ခံရတာလည်းရှိတဲ့အတွက် Clinician Centric Approach က လတ်တလောမှာ သိပ်ပြီးအဆင်မပြေသလို တစ်ခုခုဖြစ်တာနဲ့ ဆေးခန်း/ဆေးရုံသွားပြချင်တဲ့ မကူးစက်တတ်သော ရောဂါရှိတဲ့သူတွေအနေနဲ့ သိပ်အဆင်မပြေပါဘူး။

**ဦးစားပေးဆောင်ရွက်**

ကပ်ရောဂါဖြစ်ပွားစဉ်ကာလနဲ့ ကပ်ရောဂါအလွန်ကာလမှာ မကူးစက်တတ်သော ရောဂါရှိတဲ့သူတွေအနေနဲ့ မိမိရောဂါအခြေအနေ မိမိကိုယ်တိုင်စောင့်ကြည့်ပြီး သောက်နေကျဆေး ပုံမှန်သောက်ပြီး ကျန်းမာအောင်နေရတာက ရေရှည်အတွက် အလွန်ကောင်းမွန်ပါတယ်။ ဒါကို Self Care ကိုယ့်ကိုယ်ကိုယ်ဂရုစိုက်၊ ကျန်းမာရေးနဲ့ ညီညွတ်စွာနေထိုင်စားသောက်၊ မိမိရောဂါအခြေအနေကို ကိုယ်တိုင်စစ်ဆေးပြီး မိမိဆရာဝန်ဆီကို ဆက်သွယ်တိုင်ပင်စသဖြင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုလုပ်တာတွေကို လူနာဗဟိုပြုကျန်းမာရေးစောင့်ရှောက်မှု (Patient Centered Approach) လို့ခေါ်ပါတယ်။ ဥပမာ - အသက်အရွယ် ၄၀ ကျော်လာပြီဆိုရင် ကျန်းမာရေးစစ်ဆေးမှုခံယူဖို့လိုပါတယ်။ မိမိကစပြီး စစ်ဆေးမှု Medical Check Up ခံယူဖို့ပါတယ်။ စစ်ဆေးပြီးလို့ ဆီးချို၊ သွေးတိုး စသဖြင့် ရှိနေပြီဆိုရင် သွေးတွင်းသကြားဓာတ်တိုင်းတာ၊ သွေးပေါင်ချိန်တာတို့ အထိုင်များရင်လှုပ်ရှားပေးတာတို့စသဖြင့် သွားလာနေထိုင်စားသောက်မှုပုံစံကို မိမိဘာသာမိမိ ပြန်ပြီးသုံးသပ်ပြုပြင်ဖို့လိုပါတယ်။ ဆရာဝန်ညွှန်ကြားထားတဲ့ ဆေးမှန်မှန်သောက်ပြီး မိမိဘာသာမိမိအလွယ်တကူတိုင်းနိုင်တဲ့ သွေးချိုတိုင်းစက်၊ သွေးပေါင်တိုင်းစက်တွေ ဆောင်ထားဖို့လိုပါတယ်။ ဒီစက်တွေသုံးတဲ့နည်းကလည်း မခက်ပါဘူး။ စက်တွေနဲ့တိုင်းပြီး ရလဒ်ကို မိမိဆရာဝန်ဆီ ဆက်သွယ်တိုင်ပင်အကြောင်းကြား စသဖြင့် ဒီကပ်ရောဂါကာလမှာ Self Care နဲ့ Patient Centered Approach ကို ဦးစားပေး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

မကူးစက်တတ်သောရောဂါရှိတဲ့ သူတွေအနေနဲ့ ကျန်းမာအောင် အစားအသောက်တွေကို မျှမျှတတစားသောက်ဖို့၊ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်လုပ်ဖို့၊ အိမ်မှာနေရင်လည်း လမ်းလျှောက်ပေးတာ၊ အိမ်မှုကိစ္စလုပ်တာတွေ လုပ်ဖို့လိုပါတယ်။ ဆီးချိုရှိတဲ့သူဆိုရင် ခုနကပြောတဲ့စက်နဲ့ မိမိဘာသာတိုင်းကြည့်ပြီး ဆရာဝန်ဆီအကြောင်းကြားတာ၊ သောက်နေကျ ဆေးဝါးတွေ မပြတ်လပ်အောင် သောက်ပေးဖို့လိုပါတယ်။ ဆီးချိုရောဂါရှင်တွေအနေနဲ့ ဆေးအတိုး၊ အလျှော့တော့ ကိုယ့်ဘာသာ မလုပ်သင့်ဘူး။ ဖုန်းနဲ့ဆက်ပြီး ကိုယ့်ဆရာဝန်ကို အကြံဉာဏ်တောင်းသင့်ပါတယ်။ သွေးချိုအလွန်ကျသွားရင် အသက်အန္တရာယ်ရှိပါတယ်။ စိတ်ကို ချမ်းသာအောင်နေသင့်ပါတယ်။

စိတ်ကျန်းမာအောင်လည်း ဆောင်ရွက်သင့်ပါတယ်။ ရောဂါတိုးစေမယ့် အကြောင်းတရားတွေကို လုံးဝရှောင်ရပါမယ်။ ဆေးလိပ်သောက်ခြင်း၊ အရက်သောက်ခြင်း၊ အဆီများတဲ့ အစားအသောက်တွေစားခြင်း၊ ဆားများတဲ့၊ သကြားများတဲ့ အစားအသောက်စားခြင်း၊ ကိုယ်လက်လှုပ်ရှားမှု နည်းခြင်းတို့ကိုရှောင်ပြီး အသီးအရွက်တွေ တိုးစားကာ ကိုယ်လက်လှုပ်ရှားမှုလုပ်ပြီး စိတ်ချမ်းသာအောင်နေရမှာ ဖြစ်ပါတယ်။ ဒါတွေက မကူးစက်တတ်သော ရောဂါအခံရှိတဲ့သူတိုင်း ကျင့်သုံးသင့်တာဖြစ်ပါတယ်။

အချုပ်အားဖြင့် ယခုကိုဗစ် - ၁၉ ကပ်ရောဂါ ဖြစ်ပွားနေတဲ့ကာလသည် မကူးစက်တတ်သော ရောဂါတွေ ဖြစ်ပွားမှုများနေတဲ့ကာလနဲ့ တိုက်ဆိုင်နေပါတယ်။ သေဆုံးမှုတွေကို ပြန်ကြည့်တဲ့အခါမှာ ရောဂါအခံရှိတဲ့သူတွေ၊ အသက်အရွယ်ကြီးရင့်တဲ့သူတွေမှာ သေဆုံးမှုတွေ များနေပါတယ်။

**ကာကွယ်ဆေးထိုးနှံမှု စနစ်တကျခံယူ**

အဓိကအချက်တွေကို ပြန်ပြောရရင် နံပါတ် (၁) အချက်က ရောဂါအခံရှိတဲ့သူတွေ၊ အသက်အရွယ်ကြီးရင့်တဲ့သူတွေ ရောဂါဝင်ရောက်မကူးစက်ဖို့ပါ။ နံပါတ်(၂)က သူတို့ကိုယ်တိုင်ကလည်း ရောဂါတိုးစေတဲ့အရာတွေရှောင်ပြီး ကျန်းမာအောင်နေဖို့ပါ။ ကိုဗစ် - ၁၉ ရောဂါ ဝင်လာရင်တောင် ရောဂါအခံရှိတာကို ထိန်းထားနိုင်တဲ့အခါ ရောဂါကို တောင့်ခံနိုင်တာက ပိုပါတယ်။ ဒီလိုဖြစ်ဖို့က မိမိကိုယ်ကိုယ် ဂရုစိုက်ပြီး ကျန်းမာအောင်နေဖို့လိုပါတယ်။ နံပါတ် (၃) က သောက်လက်စဆေး ပုံမှန်သောက်ပါ။ နံပါတ် (၄) က မိမိကိုယ်ကိုယ် အလွယ်တကူစစ်ဆေးနိုင်တဲ့ စက်တွေသုံးပြီး ရောဂါကို စစ်ဆေးကြည့်ပါ။ မိမိဆရာဝန်တွေနဲ့ မပြတ်ဆက်သွယ်တိုင်ပင်ပါ။ နံပါတ် (၅) က ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်တဲ့ အကြံပြုချက်တွေလိုက်နာပါ ဥပမာ - အိမ်မှာနေရင်း Mask တပ်ထားဖို့ ကိစ္စလိုက်နာပေးပါ။ နံပါတ် (၆) က အလှည့်ကျရှိလာတဲ့ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် အကြိမ်ပြည့်ခံယူပါ။ မကူးစက်တတ်သော ရောဂါရှိတဲ့သူတွေအနေနဲ့ ကာကွယ်ဆေးထိုးနှံမှု စနစ်တကျခံယူထားရင် ရောဂါပြင်းထန်စွာခံစားရမှုနဲ့ သေဆုံးမှုတွေကို လျှော့ချနိုင်တာ အထင်အရှား သိရှိနေရပြီဖြစ်ပါတယ်။

နောက်ဆုံး နံပါတ်(၇)အနေနဲ့ ဒီကာလမှာ ဖြစ်ပွားနေတဲ့ အကြောင်းအရာတစ်ခုအနေနဲ့ ဆေးဝယ်တဲ့အခါ သတိပြုရမယ့်အချက်ပါ။ ဆရာဝန်က ကိုယ့်လူနာကို ဆေးပေးတဲ့အခါ ဆေးကို အကောင်းဆုံးပေးချင်တယ်။ ပါရာစီတမောပေးတာတောင် ကုမ္ပဏီကောင်းကောင်းက ထုတ်တဲ့၊ အရောင်အသွေးလည်း လှပတဲ့တံဆိပ်တွေကို ပေးတဲ့အခါ လူနာတွေက ဒီတံဆိပ်နဲ့ နေကောင်းသွားတဲ့အခါ ဒီတံဆိပ်ကို စွဲလမ်းပြီး ဝယ်ကြတယ်။ ဆေးတစ်မျိုးတည်း၊ တံဆိပ်တစ်ခုတည်းကို လူအများစုပြုံဝယ်ယူတဲ့အခါ ပုံမှန်တစ်ကတ်ကို ငွေကျပ် ၂၀၀ သာရှိပြီး နာမည်ရှိတဲ့တံဆိပ်ပါတဲ့ ပါရာစီတမော့ တစ်ကတ်ကို ငွေကျပ် ၅၀၀၀ ကနေ ၆၀၀၀ အထိ ပေးဝယ်နေရတာရှိပါတယ်။

ဒါကြောင့် ဆေးဝယ်တဲ့အခါ တံဆိပ်ကို မစွဲဘဲ ပထမအချက်အနေနဲ့ အထဲကပါဝင်တဲ့ ဆေးအမျိုးအစား၊ ဆေးပမာဏ တူတာကိုကြည့်ပါ။ ဒုတိယအချက် မြန်မာနိုင်ငံ FDA က အသိအမှတ်ပြုထားခြင်း ရှိ/မရှိကို ကြည့်ပါ။ တတိယ သက်တမ်းကုန်ဆုံးမယ့်ရက်ကို ကြည့်ပါ။ အနည်းဆုံး ဒီအခြေခံအချက် (၃) ချက် ကောင်းမွန်ပြည့်စုံမယ်ဆိုရင် မိဘပြည်သူတွေအနေနဲ့ ဈေးကြီးပြီးရှာရခက်တဲ့ဆေးတွေအစား ဈေးသက်သာပြီး အာနိသင်၊ အရည်အသွေး ကောင်းမွန်တဲ့ဆေးနဲ့ အစားထိုးဝယ်ယူသောက်သုံးနိုင်မယ်ဆိုတဲ့ အကြောင်းကို ဒီနေရာကနေ ထပ်ပြီးသတင်းစကား လက်ဆောင်ပေးလိုပါတယ်။ **အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ။**

■

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေး၊ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ




မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများ တင်သွင်းလာသည့်ယာဉ်ကို တွေ့ရစဉ်။



ကန်ပိုက်တီးကုန်သွယ်ရေးစခန်းမှ အောက်ဆီဂျင်အိုးများ တင်သွင်းလာမှုကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၁၀**

လတ်တလော နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကူးစက်ဖြစ်ပွားမှုများဖြစ်ပေါ်လျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အောက်ဆီဂျင်၊ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ အရေးပေါ်လိုအပ်မှုမှာလည်း မြင့်တက်လျက်ရှိပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါပစ္စည်းများကို အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပင်လယ်ရေကြောင်းဆိပ်ကမ်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ လွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ထိထိရောက်ရောက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်ထားသည့် အသိပေးကြေညာချက်များ၊ တာဝန်ရှိသူများ ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

**တင်သွင်း**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများ အရေးပေါ်လိုအပ်လျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ ပြည်ပမှတင်သွင်းမှုကို အများပြည်သူရုံးပိတ်ရက်များတွင်လည်း ရပ်ဆိုင်းထားခြင်းမရှိဘဲ ပုံမှန်အတိုင်း လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိမ်သုံးအောက်ဆီဂျင်စက် ၆၃၄၃ ခု၊ အောက်ဆီဂျင် (အိုးခွံ) ၃၀၊ Test Kit ၁၄၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၀၀ နှင့် နှာခေါင်းစည်း ၁၄ တန်၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းမှ အောက်ဆီဂျင်အရည်(အိုးဖြင့်) ကိုးတန်အပါအဝင် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ မြဝတီ၊ တာချီလိတ် ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser ယာဉ်နှစ်စီးဖြင့်) ၃၈ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၄၁ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၈၈၉၄ ခု၊ Oxygen Plant ရှစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၇၄၉၅ ခု၊ Test Kit ၁၄၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အစုံ ၂၀၆၀၀၊ လက်အိတ် ၁၀ တန်နှင့် နှာခေါင်းစည်း ၇၅ တန် တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၃၉ ခုမှ ယာဉ်စီးရေ ၆၁ စီးဖြင့် တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဩဂုတ်လအတွင်း ယာဉ်စီးရေ ၅၉၉ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser ယာဉ်ဖြင့်) ၅၅၅ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၁၄၉ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့အိုးဖြင့် ၆၅ တန်၊ အောက်ဆီဂျင်(အိုးခွံ) ၇၁၁၀၆ ခု၊ Oxygen Plant ၁၅ ခု၊ အောက်ဆီဂျင်(Generator) ကိုးခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၅၈၇၇၀၊ Test Kit ၁၄၃၀၄၂ ခု၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၃၂၅၈၉၂ စုံ၊ လက်အိတ် ၅၀ တန်နှင့် နှာခေါင်းစည်း ၈၀၁ တန် တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

ဇူလိုင်လအတွင်း ယာဉ်စီးရေ ၇၄၉ စီးဖြင့် အောက်ဆီဂျင်အရည်(Bowser ယာဉ်ဖြင့်) ၇၂၇ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) ၅၆၇ တန်၊ အောက်ဆီဂျင်ဓာတ်ငွေ့(အိုးဖြင့်) ၁၁၄ တန်၊ အောက်ဆီဂျင် (အိုးခွံ) ၄၀၄၉၁ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၉၁၄၆ ခု၊ Oxygen Plant ရှစ်ခု၊ Oxygen Generator ၁၁ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် လေးခု၊ Test Kit ၃၂၂၈၇၈ ခု၊ နှာခေါင်းစည်း ၁၁၀၄ တန်၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၈၂၉၇၅ စုံ တင်သွင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။

၂၀၂၁ ခုနှစ် ဇူလိုင်လမှ ဩဂုတ် ၁၀ ရက်အထိ ပြည်ပမှ တင်သွင်းလာသည့် အောက်ဆီဂျင်အရည် Bowser ယာဉ် စုစုပေါင်း ၆၁ စီးမှာ ရန်ကုန်မြို့သို့ ၄၅ စီး၊ မန္တလေးမြို့သို့ ၁၁ စီး၊ ပဲခူးမြို့သို့ နှစ်စီး၊ မော်လမြိုင်မြို့သို့ နှစ်စီး၊ သထုံမြို့သို့ တစ်စီးဖြစ်ပြီး Oxygen Plant စုစုပေါင်း ၂၃ ခုမှာ ရန်ကုန်မြို့သို့ လေးခု၊ လားရှိုး လေးခု၊ ပဲခူးမြို့သို့ သုံးခု၊ ပခုက္ကူ နှစ်ခု၊ မန္တလေးမြို့၊ တောင်ကြီး၊ သံဖြူဇရပ်၊ မကွေး၊ ဘားအံ၊ ထားဝယ်၊ ဝါးခယ်မ၊ မြစ်သား၊ ကျောက်ပန်းတောင်းမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်ကုသရေးပစ္စည်းများတင်သွင်းရာတွင် လွယ်ကူမြန်ဆန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာ ကုန်သွယ်ရေးစခန်းများမှ တာဝန်ရှိသူများထံ တိုက်ရိုက်ဆက်သွယ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေး

**နေပြည်တော် ဩဂုတ် ၁၀**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဩဂုတ် ၁၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၉၈ ခုမှ Blood Meter အခု ၁၀၅၀၊ D-Dimer (fluoresence Immunochromatograpgic) ၅၀၀၊ Emunish Tablet ၆၀၄၅၈ ခု၊ Ferritin(fluoresence Immunochromatograpgic) အခု ၃၀၀၀၊ Flow Meter ၂၀၇၉ ခု၊ FT3& FT4 (fluoresence Immunochromatograpgic) အခု ၁၀၀၀၀၊ Hs CRP+CRP (fluoresence Immunochromatograpgic)အခု ၁၀၀၈၀၊ Humidifier Bottle အခု ၅၀၊ Lomoh 60 MG Injection အခု ၃၀၀၀၊ N95 Mask အခု ၂၀၀၀၊ Oximeter ၂၃၈၇၉ ခု၊ Oxygen Cannula ၂၂၆ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၃၄၃ ခု၊ Oxygen Cylinder အခု ၂၀၊ Oxygen Mask အခု ၁၁၄၀၀၊ Oxygen Inhalator အခု ၄၀၀၊ Oxygen Regulator ၂၃၄၅ ခု၊ Oxygen Tube အခု ၁၂၀၀၊ PCT (fluoresence Immunochromatograpgic) အခု ၈၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၀၀၀၊ Oxygen Concentrator Spare Parts ၃၇၂ ခု၊ Spray Header အခု ၉၀၀၀၀၊ Surgical Mask အခု ၂၀၀၊ Test Kit အခု ၁၄၀၀၊ Thermometer ၁၀၄ ခု၊ Vitamin-C အခု ၁၂၀၆၀၊ ရန်ကုန်ဆိပ်ကမ်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံ ၄၈၈၈၄ ဒသမ ၇၄၆ ကီလိုဂရမ်၊ နယ်စပ် (လွယ်ဂျယ်၊ မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီ၊ တာချီလိတ်)တွင် ကုမ္ပဏီ ၄၇ ခုမှ Oxygen Cylinder ၉၀၆၆ ခု၊ Oxygen Concentrator ၆၈၉ ခု၊ Mask ၅၉၃၂၈ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၅၄၄၁ ကုဗမီတာ၊ Flow Meter အခု ၈၆၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၈၆၀၀၊ Oximeter အခု ၃၃၀၀၊ Disposable Cap ၁၄၇ ကီလိုဂရမ်၊ Oxygen Plant ခုနစ်ခု၊ Exam Glove ၁၀၄၆၄ ဒသမ ၄ ကီလိုဂရမ်၊ အောက်ဆီဂျင်အရည် ၁၈ ဒသမ ၃၈ တန်၊ Oxygen Mask အခု ၂၅၀၀၊ Oxygen Cylinder Trolley အခု ၁၀၀၊ Shoe Cover ၁၉၁ ခု၊ Surgical Gown ၂၃၀ ကီလိုဂရမ်၊ Dead body bag ၃၄၄ ကီလိုဂရမ်၊ Thermometer အခု ၁၈၀၊ Oxygen Bar အခု ၂၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

■

# ဩဂုတ် ၁၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၄၄၃၄ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၀-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၉-၈-၂၀၂၁)ရက်နေ့၊ ည(၈:၀၀)နာရီမှ (၁၀-၈-၂၀၂၁) ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၄၅၇)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄,၄၃၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၈၄,၂၃၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၃၇,၅၆၁) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ(၃,၆၈၀)ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၂၅၃,၃၁၃)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၂၀) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၂,၂၃၄) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊ နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ မိမိတို့နေအိမ်တွင် အသက် ၆၅ နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခု ခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၀-၈-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၅၄၈) ခု | (၁၂၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၄) ခု | (၃၁) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၀၅) ခု | (၁၂၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၅၁) ခု | (၂၅၇) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၅၇) ခု | (၈၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၆၄) ခု | (၇၉) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၀၃၄) ခု | (၈၁၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉,၆၄၄) ခု | (၂,၉၂၆) ဦး |
| **စုစုပေါင်း** | **(၁၄,၄၅၇) ခု** | **(၄,၄၃၄) ဦး** |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၆၇၈၀၄၈၀ | ၂၉၉၂၃၃၂၀ | ၆၃၃၇၉၉ |
| ၂။ | အိန္ဒိယ | ၃၁၉၉၈၁၅၈ | ၃၁၁၈၀၉၆၈ | ၄၂၈၇၁၅ |
| ၃။ | ဘရာဇီး | ၂၀၁၇၈၁၄၃ | ၁၈၉၃၉၀၅၁ | ၅၆၃၇၀၇ |
| ၄။ | ရုရှား | ၆၄၉၁၂၈၈ | ၅၇၈၈၇၁၀ | ၁၆၆၄၄၂ |
| ၅။ | ပြင်သစ် | ၆၃၁၀၉၃၃ | ၅၇၇၇၇၇၄ | ၁၁၂၂၈၈ |
| ၆။ | ဗြိတိန် | ၆၀၉၄၂၄၃ | ၄၆၆၇၇၈၅ | ၁၃၀၃၅၇ |
| ၇။ | တူရကီ | ၅၉၄၂၂၇၁ | ၅၅၁၁၇၂၀ | ၅၂၃၁၃ |
| ၈။ | အာဂျင်တီးနား | ၅၀၂၉၀၇၅ | ၄၆၈၁၆၆၁ | ၁၀၇၉၆၁ |
| ၉။ | ကိုလံဘီယာ | ၄၈၄၃၀၀၇ | ၄၆၅၆၇၀၉ | ၁၂၂၆၀၁ |
| ၁၀။ | စပိန် | ၄၆၂၇၇၇၀ | ၃၈၃၃၁၈၈ | ၈၂၁၂၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၃၇၁၈၈၂၁ | ၃၁၇၁၁၄၇ | ၁၁၀၆၁၉ |
| ၂။ | ဖိလစ်ပိုင် | ၁၆၇၆၁၅၆ | ၁၅၆၇၉၂၀ | ၂၉၂၂၀ |
| ၃။ | မလေးရှား | ၁၂၉၉၇၆၇ | ၁၀၅၇၈၄၃ | ၁၁၁၆၂ |
| ၄။ | ထိုင်း | ၇၉၅၉၅၁ | ၅၇၈၁၄၀ | ၆၅၈၈ |
| ၅။ | မြန်မာ | ၃၃၇၅၆၁ | ၂၅၃၃၁၃ | ၁၂၂၃၄ |
| ၆။ | ဗီယက်နမ် | ၂၂၄၈၉၄ | ၇၅၉၂၀ | ၃၇၅၇ |
| ၇။ | ကမ္ဘောဒီးယား | ၈၂၈၉၈ | ၇၇၀၃၇ | ၁၆၀၂ |
| ၈။ | စင်ကာပူ | ၆၅၈၉၀ | ၆၄၀၆၂ | ၄၂ |
| ၉။ | လာအို | ၈၈၇၆ | ၄၂၄၀ | ၈ |
| ၁၀။ | ဘရူနိုင်း | ၄၀၆ | ၃၀၅ | ၃ |

## မင်္ဂလာဒုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပေးနှိုးဆော်

**မင်္ဂလာဒုံ ဩဂုတ် ၁၀**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ရပ်ကွက်များအတွင်း ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့်ပတ်သက်သည့် အသိပေးနှိုးဆော်ခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းမှစတင်၍ ဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ အတည်ပြုလူနာများရှိသည့် ဘုန်းတော်ကြီးကျောင်းများနှင့် ရပ်ကွက်များတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အဓိကဆောင်ရွက်ကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးအထောက်အကူပြုအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပရဟိတလူမှုရေးအဖွဲ့များဖြင့် အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

**✳ ကျောဖုံးမှ**

ပဲနီပြားသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၄၀၀၀၀ နှုန်း၊ စားတော်ပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း ပေါက်ဈေးများရှိကြောင်း သိရသည်။

ယခုကာလသည် ပဲစင်းငုံစတင်စိုက်ပျိုးသည့်ရာသီဖြစ်ခြင်းကြောင့် တောင်သူများအနေဖြင့် ပြည်ပသို့ တင်ပို့ရောင်းချရန် အလားအလာကောင်းများ မြင်တွေ့နေရသည့်အတွက် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြရန်နှင့် ပဲစင်းငုံစိုက်ဧကများလည်း တိုးချဲ့စိုက်ပျိုးကြရန် လိုအပ်ကြောင်း ၎င်းက အကြံပြုပြောသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ထီးချိုင့်မြို့နယ် ရေဝတီမြစ်အတွင်းသို့ ငါးမျိုးများစိုက်ထည့်

**ထီးချိုင့် ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ စားနပ်ရိက္ခာဖူလုံစေပြီး ငါးသယံဇာတ တိုးပွားစေရန် ရည်ရွယ်၍ ရေဝတီမြစ်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီက အမှတ်(၃) ရပ်ကွက်ရှိကျောက်တန်းဆိပ်ကမ်း၌ ကျင်းပခဲ့သည်။




အဆိုပါ ငါးမျိုးများစိုက်ထည့်ခြင်းအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်လင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်တင်ဆန်း၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် ဦးအောင်ထူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းအောင်မော်နှင့် ဝန်ထမ်းများ၊ အင်ကြင်းကုန်းငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးမောင်စိုးနှင့် ဝန်ထမ်းများ၊ ရေလုပ်ငန်းရှင်များ စုပေါင်း၍ ရေဝတီမြစ်အတွင်းသို့ အင်ကြင်းကုန်းငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်းကောင်ရေ ၁၅၀၀၀၀ နှင့် ငါးခုံးမကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ၂၅၀၀၀၀ ကို စုပေါင်းမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှု တစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့်စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေသည့်ကာလအတွင်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၀**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ အစိုးရ၊ တပ်မတော်နှင့် ပုဂ္ဂလိကပိုင် စိုက်ပျိုးမွေးမြူရေးနှင့် အခြားလူသုံးကုန်လုပ်ငန်းများ ကုန်ထုတ်လုပ်မှု ရာနှုန်းပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဆိုပါနေရာများသို့ သွားရောက်ကြည့်ရှုကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ လားရှိုးမြို့ ကုန်းမြင့်(၁) စိုက်ပျိုးရေးနှင့် မွေးမြူရေးစံပြစခန်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

### ညှိနှိုင်းဆောင်ရွက်ပေး

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများသည် တိုင်းစစ်ဌာနချုပ် ကုန်းမြင့်(၁) စိုက်ပျိုးရေးနှင့် မွေးမြူရေးစံပြစခန်းရှိ (ဘရာမင်နှင့် ဒေသနွား) အသားတိုးနွားမွေးမြူရေးလုပ်ငန်း၊ (ဖရီရှန်)နို့စားနွားမွေးမြူရေးလုပ်ငန်း၊ ဆိတ်မွေးမြူရေးလုပ်ငန်း၊ DYL အသားတိုးဝက်မွေးမြူရေးလုပ်ငန်း၊ ငါးသားဖောက်မွေးမြူရေးလုပ်ငန်း၊ တစ်သျှူးငှက်ပျောစိုက်ပျိုးရေးလုပ်ငန်း၊ ပြောင်းစိုက်ပျိုးရေးလုပ်ငန်း၊ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းနှင့် နေဗီယာမြက်စိုက်ပျိုးရေး လုပ်ငန်းတို့ကိုလည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့ မိုင်းလန်းကျေးရွာအုပ်စု ယန်းမွန်ကျေးရွာရှိ အရှေ့မဲခေါင်ဝက်မွေးမြူရေးခြံ၊ တိုင်းစစ်ဌာနချုပ်ရှိ ဥစားကြက်မွေးမြူရေးခြံ၊ နို့စားနွားခြံ၊ ဒေသကြက်မွေးမြူရေးခြံ၊ ဘဲမွေးမြူရေးခြံ၊ ဆိတ်မွေးမြူရေးခြံ၊ တစ်သျှူးငှက်ပျော(ကျောက်စိမ်း)စိုက်ခင်း၊ ရာသီသီးနှံစိုက်ခင်း၊ နယ်မြေခံတပ်ရင်းရှိ ဥစားကြက်ခြံနှင့် ဒေသကြက်မွေးမြူရေးခြံတို့ကို လည်းကောင်း အသီးသီးသွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများ ဖြစ်ပေါ်ပြီး ဈေးကွက်အတွင်း ရောင်းချရန် အခက်အခဲဖြစ်ပေါ်နေသည့် သီပေါမြို့ နောင်ကော်ကြီးကျေးရွာနှင့် စဥ့်အင်ကျေးရွာများ၌ စိုက်ပျိုးထားသော ဒေသခံပြည်သူများ၏ နာနတ်သီးစိုက်ခင်းများမှ နာနတ်သီးအလုံး ၃၀၀၀ ကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက သွားရောက်ဝယ်ယူခဲ့ပြီး တပ်မတော်သား မိသားစုဝင်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်း စိုက်ပျိုးထုတ်လုပ်မှု၊ မွေးမြူရေးကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်နိုင်ရန်နှင့် စိုက်ပျိုးဓါတုဗေဒဓာတ်မြေဩဇာများ အပြည့်အဝ စိုက်ပျိုးနိုင်ရေးအတွက် မြေဩဇာကြဲပက်ခြင်းနှင့် စိုက်ပျိုးရေးသုံးသွင်းအားစုများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ ယန်းလောကျေးရွာ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးထုတ်လုပ်မှု၊ စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ကွင်းသရုပ်ပြဆောင်ရွက်ခြင်းကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက စိုက်ပျိုးရေးသွင်းအားစုများ ထောက်ပံ့ပေးအပ်ကြပြီး ကွင်းသရုပ်ပြ မြေဩဇာကြဲပက်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အလှူငွေပေးအပ်

မုံရွာ သြဂုတ် ၁၀
စစ်ကိုင်းတိုင်းဒေသကြီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်ကစေတနာရှင်မိဘပြည်သူများက လှိုက်လှိုက်လှဲလှဲ မိမိတို့တတ်နိုင်သရွေ့ ငွေကြေးအကူအညီများ ပေးပို့လှူဒါန်းသည့်အတွက် အထူးပင်ဝမ်းသာပီတိဖြစ်ရပါကြောင်း၊ အလှူဒါနပြုသည်မှာ အမှန်တကယ်လိုအပ်နေချိန်တွင် ကူညီပေးခြင်းသည် ရရှိသူအတွက်ရောလှူဒါန်းသူအတွက်ပါ နှစ်ဦးနှစ်ဖက်စလုံးအကျိုးရှိသည့်လုပ်ရပ်တစ်ခုဖြစ်ခြင်းကြောင့် လှူဒါန်းမှုအစုစုတို့အတွက် စေတနာရှင်များအားလုံးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဖြိုးသန့်နှင့် တိုင်းဒေသကြီးဝန်ကြီးများထံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များနှင့် အလှူရှင် ၃၃၉ ဦးက ငွေကျပ် ၆၅၄၈၅၇၀၀၀ နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ လှူဒါန်းမှုအနေဖြင့် Oxygen Concentrator ၁၇ လုံး တန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၊ Test Kid အခု ၂၀၀၀ တန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀ နှင့် စုစုပေါင်း လှူဒါန်းငွေကျပ် ၆၇၄၈၅၇၀၀၀ ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ဟားခါးမြို့ ပြည်သူ့ဆေးရုံအတွက် တပ်မတော်ကလှူဒါန်းသည့် အောက်ဆီဂျင် Plant ရောက်ရှိမှု ကြည့်ရှုစစ်ဆေး

ဟားခါး သြဂုတ် ၁၀
ချင်းပြည်နယ် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးတွင် အောက်ဆီဂျင် လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် တပ်မတော်က လှူဒါန်းသည့် အောက်ဆီဂျင် Plant သည် ယမန်နေ့ နံနက် ၁၁ နာရီခွဲတွင် ဟားခါးမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးတွင် လက်ရှိ အောက်ဆီဂျင် Plant မှ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၁၂ လုံးထုတ်လုပ်မှုအခြေအနေ၊ ချင်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် လီတာ ၄၀ဆံ့ အောက်ဆီဂျင်အိုးကြီး အလုံး ၃၀၀ မှာယူသည့်အနက် အလုံး ၂၀၀ ရောက်ရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ရာ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက ရှင်းလင်းပြသခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ယခု ရောက်ရှိလာသည့် အောက်ဆီဂျင် Plant အား အမြန်ဆုံး တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

ယခု အသစ်ရောက်ရှိလာသည့် အောက်ဆီဂျင် Plant တပ်ဆင်ပြီးစီးပါက တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ၃၄ လုံး ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်သည့်အတွက် ဟားခါးပြည်သူ့ဆေးရုံကြီးအတွက် အောက်ဆီဂျင် လိုအပ်ချက်ကို များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ငဖဲမြို့နယ် မန်းချောင်းရေလှောင်တမံ ပင်မရေပိုလွှဲမှ ရေကျော်မှုရှိ၍ အစိမ်းရောင်အလံ စိုက်ထူအသိပေးနှိုးဆော်

ငဖဲ သြဂုတ် ၁၀
မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် ရင်းရှည်ရေလှောင်တမံနှင့် မန်းချောင်းရေလှောင် တမံရှိသည့်အနက် မန်းချောင်းရေလှောင်တမံသည် သြဂုတ် ၉ ရက်တွင် ဆည်ရေပြည့်အမှတ် (R.l 625.00)ရှိရာမှ သြဂုတ် ၁၀ ရက်တွင် (R.L 625.5)သို့ရောက်ရှိပြီး ပင်မရေပိုလွှဲမှ (0.05)ပေအမြင့်အဖြစ် စတင်ရေကျော်လျက်ရှိ၍ တမံ၊ရေထုတ်ပြွန်နှင့် ဆက်စပ်အဆောက်အအုံများအားလုံး ကြံ့ခိုင်ကောင်းမွန်ကြောင်းနှင့် ၂၄ နာရီ ရေကင်းတာဝန်ချထားပြီး အနီးကပ်ကြီးကြပ်လျက်ရှိကြောင်း ငဖဲမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုဦးထံမှ သိရသည်။



ယခုလက်ရှိတွင် မန်းချောင်းရေလှောင်တမံအတွင်းရေပြည့်မှတ်ကျော်လွန်၍ ရေပိုလွှဲမှရေကျော်မှုများရှိနေသော်လည်း မြို့နယ်အတွင်းရှိ ပြည်သူများသိရှိနိုင်ရန် အရေးပေါ် အခြေအနေကြိုတင်စီမံခန့်ခွဲမှု အဆင့်(၁)အဖြစ် သတ်မှတ်ပြီး တမံရေပိုလွှဲ၊ ရေထုတ်ပြွန်နှင့် ရှင်းလင်းဆောင်နေရာများတွင်လည်းကောင်း၊ မန်းချောင်းဘေးရှိကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများနှင့် ကျေးရွာခွဲများတွင်လည်းကောင်း အစိမ်းရောင်အလံများ စိုက်ထူ၍ အသိပေးနှိုးဆော်ဆောင်ရွက်ထားရှိသည်။

**မယု(ငဖဲ)**

# တိုင်းရင်းသားရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ထောက်ပံ့ပေးအပ်

မြစ်ကြီးနား သြဂုတ် ၁၀
ကချင်ပြည်နယ်အတွင်း ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပြည်သူများအား အသိပညာပေးခြင်းနှင့် တိုက်တွန်းနှိုးဆော်ခြင်းလုပ်ငန်းများအတွက် တိုင်းရင်းသားဘာသာစကားများဖြင့် ပါဝင်ကူညီ ဆောင်ရွက်ပေးကြသည့် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များအား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။

### ဝိုင်းဝန်းပူးပေါင်း

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှု အဖွဲ့အသီးသီးအနေဖြင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပြည်သူများအား အသိပေးခြင်းလုပ်ငန်းများကို မိမိတို့အစိုးရအဖွဲ့နှင့်အတူ ဝိုင်းဝန်းပူးပေါင်း၍ မိမိတို့ဘာသာစကားအသီးသီးဖြင့် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့်အတွက် အဖွဲ့တစ်ခုချင်းကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။

### ထောက်ပံ့ငွေပေး

ထို့နောက် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က ထောက်ပံ့မှုများ ဆောင်ရွက်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့ ၁၁ ဖွဲ့အတွက် ထောက်ပံ့ငွေကျပ် နှစ်သိန်းစီဖြင့် စုစုပေါင်းငွေကျပ် ၂၂ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က ထောက်ပံ့ပေးအပ်ခဲ့ရာ တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များကိုယ်စား ဂျိမ်းဖောစာပေနှင့် တိုင်းလုံရှမ်းစာပေတို့မှ တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

**❖ တိုက်စစ်မှူးမှ**

တိုက်စစ်မှူး မက်ဆီဟာ အသက် ၁၃ နှစ်အရွယ်ကတည်းက ဘာစီလိုနာအသင်းဆီ ရောက်ရှိခဲ့တာဖြစ်ပြီး ဘာစီလိုနာအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၇၇၈ ပွဲပါဝင်ကစားခဲ့ရာမှာ သွင်းဂိုးစုစုပေါင်း ၆၇၂ ဂိုးအထိ စံချိန်တင် သွင်းယူပေးနိုင်ခဲ့သူလည်းဖြစ်ပါတယ်။

ဒါ့အပြင် တိုက်စစ်မှူးမက်ဆီဟာ ဘာစီလိုနာအသင်းမှာရှိနေစဉ် ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအောဆုကိုလည်း ရယူဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းဟာ အခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ နယ်သာလန်ကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒမ်၊ စပိန်နောက်တန်းကစားသမား ဆာဂျီယိုရာမို့စ်နဲ့ အီတလီဂိုးသမား ဒွန်နာရမ်မာတို့ကို စာချုပ်ချုပ်ဆိုခေါ်ယူခဲ့ပြီးဖြစ်တာကြောင့် တိုက်စစ်မှူးမက်ဆီဟာ ဘာစီလိုနာအသင်းအတွက် အခုအပြောင်းအရွှေ့အတွင်း ခေါ်ယူခဲ့တဲ့ လေးဦးမြောက်ကစားသမားလည်း ဖြစ်လာခဲ့ပါတယ်။

**ငွေကြယ်**

■

# စစ်တွေမြို့၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ဆက်လက်ထုတ်ချေး

**စစ်တွေ ဩဂုတ် ၁၀**
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်ဘဏ်ခွဲ စစ်တွေမြို့မှ တောင်သူဦးကြီးများအား ၂၀၂၁ မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ယနေ့နံနက်ပိုင်းက ဆက်လက်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း စားနပ်ရိက္ခာဖူလုံစေရေး၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှု အထောက်အကူဖြစ်စေရေးအတွက် ၂၀၂၁ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မိုးစပါး တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်းဖြင့် အတိုးနှုန်းတစ်နှစ်လျှင် ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။ ထိုသို့ ထုတ်ချေးရာတွင် ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ် ငတောက်တက်ကျေးရွာအုပ်စုမှ တောင်သူ ၈၂ ဦးအား လယ်ဧက ၄၂၅ ဧကအတွက် ငွေကျပ် ၆၃ ဒသမ ၇၅ သန်းထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

စစ်တွေခရိုင်ဘဏ်ခွဲအနေဖြင့် ၂၀၂၁ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ယခင်နှစ်၂၀၂၀ မိုးချေးငွေပြေကျေစွာ ပေးဆပ်ပြီးသူ တောင်သူဦးကြီးများသို့ ဦးစွာထုတ်ချေးပေးလျက်ရှိပြီး ချေးငွေ ထုတ်ချေးပေးနေစဉ် ကာလအတွင်း လာရောက်ပေးဆပ်သူတောင်သူဦးကြီးများကိုလည်း ချေးငွေပေးဆပ်မှုကို လက်ခံ၍ ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စစ်တွေခရိုင်ဘဏ်ခွဲမန်နေဂျာ ဦးရဲထွန်းထံမှ သိရသည်။

လက်ရှိတွင် စစ်တွေခရိုင်ဘဏ်ခွဲမှ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ တောင်သူ ၁၅၄၁ ဦးအား လယ်ဧက ၇၉၆၄ ဧကအတွက် ငွေကျပ် ၁၁၉၄ ဒသမ ၆၀ သန်းကို ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။



တင်ထွန်း(ပြန်/ဆက်)

# ကရင်ပြည်နယ်အတွင်း မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် နိုင်ငံတော်အတွင်း စားနပ်ရိက္ခာဖူလုံစေရေး၊ မြန်မာ့လယ်ယာထွက်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ယှဉ်ပြိုင်တင်ပို့နိုင်ရေးနှင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ စိုက်ပျိုး ထုတ်လုပ်မှုစရိတ်အတွက် ချေးငွေ ထုတ်ချေးခြင်းကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ကရင်ပြည်နယ်အတွင်း တောင်သူ ၁၈၈၀၊ စပါးစိုက်ဧက ၁၂၄၃၀ အတွက် ငွေကျပ် ၁၈၆၅ သန်းအား ချေးငွေများ ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် ကျန်ရှိသည့် တောင်သူများအတွက် စိုက်ပျိုးစရိတ် ချေးငွေထုတ်ချေးမှုအား ဆောင်ရွက်လျက်ကြောင်း သိရသည်။




သတင်းစဉ်

# မြောင်မြို့နယ်ရှိ ကျေးရွာပေါင်း ကိုးရွာ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းအားလုံး ရာနှုန်းပြည့်ပြီးစီး


**မြောင် ဩဂုတ် ၁၀**
စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ကိုးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မေလမှစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် စီမံကိန်းလုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

မြောင်မြို့နယ်အတွင်း ဖော်ဆောင်ခဲ့သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရွာတွင်းဂျင်းလမ်းခင်းခြင်း သုံးခု၊ စုရပ်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း သုံးခု၊ ရွာထွက်ကွန်ကရစ်လျှောက်လမ်းနှစ်ဖက်ပါ ဂျင်းလမ်းခင်းခြင်းလုပ်ငန်းတစ်ခု၊ ( သုည ဒသမ ၄ ကေဗွီ) ဓာတ်အားလိုင်း ပေ ၃၆၀၀ အား ABC ကေဘယ်နှင့် 2 Wire သွယ်တန်းခြင်း၊ မီးအားမြှင့်စက်နှင့် ရေမြုပ်မော်တာ တပ်ဆင်ခြင်းလုပ်ငန်း တစ်ခု၊ အနက် ပေ ၆၀ ရှိ လေးလက်မ ရေတွင်းတူးဖော်ခြင်းနှင့် ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းတစ်ခု စုစုပေါင်း လုပ်ငန်း ကိုးခုတို့ ပါဝင်သည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သက်ဆိုင်ရာ ကျေးရွာဒေသခံပြည်သူများ၏ သဘောဆန္ဒနှင့်အညီ စိစစ်ရွေးချယ်ကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မြောင်မြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းထောက်ပံ့ ငွေကျပ်သိန်း ၁၀၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုကြောင့် အိမ်ခြေ ၂၆၇၁ လုံးမှ လူဦးရေ ၁၂၉၀၀ ကျော်တို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **မင်းမြင့်မိုရ်**

## အနုပညာ

# ရိုက်ကွင်းကနေ ဒဏ်ရာတွေနဲ့ ပြန်လာရတာ ပုံမှန်ဖြစ်ကြောင်း ဒန်နီယန်ဆို



ဟောင်ကောင်တိုက်ခိုက်ရေး ရုပ်ရှင်တွေနဲ့ ကျော်ကြားတဲ့ မင်းသားကြီး ဒန်နီယန်ရဲ့ ရုပ်ရှင်သစ်ကို စင်ကာပူမှာ ရုံတင်ပြသတော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် သူဟာလက်ရှိမှာ တိုက်ခိုက်ရေးရုပ်ရှင်သစ် တစ်ကားကိုလည်း လက်ခံရိုက်ကူးနေပါတယ်။ ဒီလိုတိုက်ခိုက်ရေး ရုပ်ရှင်တွေကိုအနုပညာသက်တမ်းတစ်လျှောက် ရိုက်ကူးလာတဲ့ ဒန်နီယန်က သူ့အတွက်တော့ ဒဏ်ရာဒဏ်ချက်တွေနဲ့ ရိုက်ကွင်းကနေ အိမ်ကို ပြန်ရတဲ့နေ့တွေဟာ အထူးအဆန်း မဟုတ်ဘဲ ပုံမှန်ဖြစ်နေကျအရာတွေဖြစ်ကြောင်း လတ်တလောပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ပြောကြားခဲ့တယ်လို့ အေးရှား ဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

Raging Fire လို့ အမည်ရတဲ့ တိုက်ခိုက်ရေး ရုပ်ရှင်သစ်မှာ အသက် ၅၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသားကြီး ဒန်နီယန်ဟာ အသက် ၄၀ အရွယ် မင်းသား နီကိုလက်စ်နဲ့ တွဲဖက်ရိုက်ကူးထားတာပါ။ ယင်းရုပ်ရှင်သစ်မှာ တွေ့မြင်နေကျ ဟောင်ကောင် ရုပ်ရှင်တွေမှာလိုပင် တိုက်ခိုက်မှုတွေ၊ ကားတွေနဲ့ အပြိုင်လိုက်ကြတဲ့ အခန်းတွေပါဝင်ပြီး ၁၉၈၀ ပြည့်နှစ်တွေအတွင်း ကျော်ကြားခဲ့တဲ့ ဟောင်ကောင်သရုပ်ဆောင်တွေလည်း ပါဝင်ထားပါတယ်။

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ဒန်နီယန်က တိုက်ခိုက်ရေး ရုပ်ရှင်တွေကို ရိုက်ကူးခဲ့ချိန်တိုင်း သူ့ခန္ဓာကိုယ်မှာ ဒဏ်ရာရမြဲဖြစ်ကြောင်းနဲ့ ဒီလိုဒဏ်ရာတွေ မရဘူးဆိုပါကလည်း ပရိသတ်တွေအတွက် သူ့ရဲ့ပေးဆပ်မှုတွေကို ပြသနိုင်မှာမဟုတ်ကြောင်း လည်း ဒန်နီယန်က ဆိုပါတယ်။

# ဂျီဆန်း ၁၁ နှစ်ကြာလက်တွဲလာခဲ့တဲ့ အေဂျင်စီနဲ့ လမ်းခွဲ



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ဂျီဆန်းဟာ သူ့ရဲ့ အနုပညာသက်တမ်း တစ်လျှောက် ၁၁ နှစ်ကြာလက်တွဲလာခဲ့တဲ့ အေဂျင်စီ နမ်မိုအက်တာစ်နဲ့ စာချုပ်ထပ်မံချုပ်ဆိုခဲ့ခြင်းမရှိတော့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဩဂုတ် ၁၀ ရက်မှာ ရုပ်ရှင်အသိုင်းအဝိုင်းမှ ကိုယ်စားလှယ်တစ်ဦးက ဂျီဆန်းနဲ့ နမ်မိုအက်တာစ်တို့ရဲ့ စာချုပ်သက်တမ်းဟာ လက်ရှိမှာ ကုန်ဆုံးခဲ့ပြီဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး အေဂျင်စီဘက်က အဆိုပါသတင်းဟာ မှန်ကန်ကြောင်းနဲ့ စာချုပ်ကုန်ဆုံးခဲ့ပြီဖြစ်ပေမယ့် လက်ရှိလုပ်ဆောင်နေတဲ့ ဂျီဆန်းရဲ့ အနုပညာလှုပ်ရှားမှုတွေနဲ့ ပရိုမိုးရှင်းလုပ်ငန်းတွေမှာ ဆက်လက်ထောက်ပံ့ပေးသွားမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

ဂျီဆန်းဟာ tvN ရုပ်သံလိုင်းမှ စနေ-တနင်္ဂနွေနေ့တိုင်း ထုတ်လွှင့်ပေးလျက်ရှိတဲ့ ဇာတ်လမ်းတွဲရုပ်ရှင် The Devil Judge မှာ ခေါင်းဆောင်ပါဝင်ထားပြီး အဆိုပါ ရုပ်ရှင်အတွက် ဂျီဆန်းကို ဆက်လက်ပံ့ပိုးပေးသွားမှာ ဖြစ်ကြောင်းလည်း နမ်မိုအက်တာစ်ဘက်က ပြောကြားခဲ့ပါတယ်။

ဂျီဆန်းဟာ နမ်မိုအက်တာစ်နဲ့ ၂၀၁၀ ပြည့်နှစ်အတွင်း စတင်လက်တွဲခဲ့တာဖြစ်ပါတယ်။ အဆိုပါ အေဂျင်စီရဲ့လက်အောက်မှာ လှုပ်ရှားရင်း ဂျီဆန်းဟာ ထူးချွန်ဆုတွေလည်း ရရှိခဲ့ပါတယ်။ လက်ရှိမှာ အေဂျင်စီဟောင်းနဲ့ စာချုပ်သက်တမ်းပြည့်ခဲ့ပြီဖြစ်တဲ့ ဂျီဆန်းဟာ အေဂျင်စီသစ်နဲ့ စာချုပ်ချုပ်ဆိုဖို့နဲ့ တစ်ဦးတည်း အေဂျင်စီတည်ထောင်ဖို့တို့ကိုရွေးချယ်ဆုံးဖြတ်ဖို့ သူ့ရဲ့ မန်နေဂျာနဲ့ တိုင်ပင်ဆွေးနွေးနေဆဲဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့်-စုစည်းသည်**




(၉-၈-၂၀၁၂ မှ အဆက်)

- ၄ -

"ကိုနိုင့်အခြေအနေ ဘယ့်နှယ်လဲ သက်သက်"

မမဦး ကျောင်းသွားနေရသည့် တစ်ပတ်လောက်အတွင်း သက်သက်လည်း ဘာလုပ်လို့လုပ်ရမှန်းမသိဖြစ်ကာ အတော်လေး စိတ်ရှုပ်ထွေးနေသည်။ မမဦးပြောသလို ဘာမှမလုပ်ဘဲ လွှတ်ပေးထားလိုက်ဖို့ ဆိုတာကလည်း ကိုယ့်ဘက်က ဘာအစွမ်းအစမှ မရှိရာ ကျလွန်းလှသည်။ ဒါဖြင့် ဘာလုပ်မလဲ ဆိုတော့လည်း စဉ်းစားမရ။

ထိုအတောအတွင်း ခင်မြင့်ဆွေ တစ်ရက်ရောက်လာ၍ ထိုမေးခွန်းကို မေးလိုက်သောအခါ သက်သက် မျက်နှာငယ်ငယ်ဖြင့် ခေါင်းခါလိုက်သည်။

"အခြေအနေက မကောင်းပါဘူး မမဆွေရယ်...။ ခုတလော ပိုဆိုးလာတယ်။ မနက်ဆိုလည်း အလုပ်ဆိုပြီး ခါတိုင်းထက် စောထွက်တယ်။ အပြန်ကျတော့လည်း အရမ်းနောက်ကျတာပဲ။ သက်သက်လည်း ဘာလုပ်ရမှန်းကို မသိတော့ဘူး"

ခင်မြင့်ဆွေက ခေါင်းနှစ်ချက်၊ သုံးချက်ညိတ်၍

" ဒီတိုင်းဆို ကြားတဲ့သတင်းက မှန်သလောက်ဖြစ်နေပြီပေါ့။ ကိုနိုင်ဟာ တော်တော်ဆိုးတာပဲနော်"

"ဆိုးတာမှ ကမ်းကုန်အောင်နေတာပဲ မမဆွေ။ သက်သက်လည်း အရမ်းအံ့ဩတယ်။ သက်သက်နဲ့တုန်းက မမဦးမှာ ကလေးမရှိ ဘာမရှိဆိုတော့ ဆိုးတာက တော်သေးတယ်။ အခုကျတော့ သူ့ကလေးတောင် သူသနားဖော်မရဘူး"

" ဒီလိုပြောလို့ဘယ်ရမလဲ သက်သက်ရယ်။ ယောကျ်ားဆိုတာကလည်း "မ" ခင်မှ"ဥ"ခင်တတ်တာ မဟုတ်လား..."

"ရှင်"

ခင်မြင့်ဆွေ၏စကားလုံးက သက်သက်ရင်ဝတွင် ဒိုင်းခနဲလာဆောင့်သည်။ စိတ်ထဲမှာလည်း ထောင်းခနဲဒေါသဖြစ်သွားပြီး

" ဒီလိုလုပ်လို့ရမလား မမဆွေ။ "မ"က 'မ' ဥ"က 'ဥ'ပဲ။ 'မ'ကို မခင်ရင်နေပေ့ါ။ ဒီဥဟာ သူ့သွေးသား၊ သူ့မျိုးဆက်ဆိုတာတော့ သူသိရမှာပေ့ါ။ "ဥ"ကို "ဥ"မှန်းမသိတာ လူမဆန်တာဘဲ။ ဒါမျိုးတော့ သက်သက်နဲ့ မရဘူး။ ဒီလိုလုပ်လို့ကတော့ သက်သက်နဲ့တွေ့မှာပဲ"

"အဲဒီလို စိတ်လိုက်မာန်ပါ မလုပ်နဲ့ဦးလေ သက်သက်။ ကိုယ့်ယောကျ်ားကို နည်းနည်းပါးပါး ချော့ချော့မော့မော့ပြော။ သက်သက် ကြမ်းတာနဲ့ ပြဿနာက ပိုဆိုးကုန်မှာပဲ "

သက်သက် ခေါင်းခါသည်။

"ခက်တာက ဒီအတိုင်းသွားလည်း ဆိုးတာကတော့ဆိုးမှာပဲမမဆွေ။ သူ့အသိစိတ်ခတ်နဲ့သူကတော့ ဘယ်လိုမှ ပြင်မှာမဟုတ်ဘူး။ ခက်တာက ဒီလူ့မှာ လူစိတ်ကိုမရှိတာ..."

"သက်သက်ရယ် အခုမှ ဘာလို့ဒီစကားတွေပြောနေရတာလဲ။ ဟိုတုန်းကလည်း သူ့အပေါ် အမြဲခွင့်လွှတ် အနစ်နာခံ။ ပြုစုစောင့်ရှောက်လာတဲ့ ကျေးဇူးရှင် မမဦးကိုတောင် သူ ပုန်ကန်ခဲ့သေးတာပဲ။ အဲဒီကတည်းက စည်းပျက်နေတဲ့ သူ့စိတ်နဲ့ သူသစ္စာမဲ့တတ်တာကို သက်သက် သိခဲ့ရမှာပေ့ါ"

"အဲဒီလောက်ဆိုးမယ် မထင်လို့ပေ့ါ မမဆွေ။ သက်သက်က သူ့စကားကို ယုံခဲ့တာကိုး"

"အခုလည်း ဟိုမိန်းကလေးက အဲဒီလိုပဲ ယုံနေမှာပေ့ါ "

"ယုံရင် သူလည်း မှားမှာပေ့ါ မမဆွေ။ သူ့ကိုကော ဟိုက တစ်သက်လုံးပေါင်းမှာတဲ့လား... "

"မမဆွေ အဲဒါပြောတာပေ့ါ။ တို့မိန်းကလေးတွေကလည်း မိုက်ပါတယ်ကွယ်။ ဒီလိုလူမျိုးကို ဘာဖြစ်လို့ယုံကြည်နေကြရတာလဲ။ သက်သက်တုန်းကလည်း မမဆွေ အံ့ဩခဲ့တယ်။ ဒီလောက် လူပျိုလူလွတ်တွေ ရုပ်ချောပညာတတ် အကျင့်ကောင်းလေးတွေ ဝိုင်းအုံနေကြတဲ့ကြားက ဒီလူနဲ့မှ ဖြစ်ရတယ်လို့။ အခုလည်း နောက်တစ်ယောက်၊ ဒီလူ့မှာ ဆေးများရှိလားမသိဘူး"

သက်သက်က နာကြည်းစွာ ရယ်သည်။

"ဘာမှမဆိုင်ပါဘူး မမဆွေ။ တလွဲလျှောက်မတွေးနဲ့။ ဘာဆေးမှရှိတာ မဟုတ်ဘူး။ လည်တာ။ သူ့မှာ မိန်းကလေးတစ်ယောက်ကို ဘယ်လိုအယုံသွင်းရမယ်ဆိုတဲ့ နည်းလမ်းတွေရှိတယ်။ သူ့ကိုသနားလာအောင် ဘာပြောရမယ်ဆိုတာ သိတယ်။ ဒါကလည်း ရှင်းပါတယ်။ သူက အိမ်ထောင်သည်လေ။ မိန်းမတွေအကြောကို နေကျေအောင်သိတဲ့လူ။ ဟိုလူပျိုလူလွတ်တွေက ဒါမျိုးဘယ်လုပ်တတ်မလဲ"

"အေး.. တို့မိန်းကလေးတွေကလည်း ခက်တယ်။ ယုံအောင်ပြောရင် ယုံတတ်တယ်။ သနားအောင်ပြောရင် သနားတတ်တယ်။ သနားမိပြီ၊ ယုံမိပြီဆိုရင်လည်း ဘာပဲဖြစ်ဖြစ်ဆိုပြီး ဆင်ကန်းတောတိုး အမိုက်ခံကြတယ်"

"အထင်ကြီးတာ မမဆွေ၊ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးကြတာ။ သနားအောင်ပြောတာနဲ့ သနားပြီး ဒီလူ့ဘဝကို ကိုယ်ကပဲ ကယ်နိုင်သလိုလို၊ ကိုယ့်လက်ထဲကျရင်တော့ ဒီလူဟာဒီလိုမဆိုးတော့ဘဲ ပြန်ကောင်းသွားတော့မလိုလို ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းအားကြီးပြီး သေတွင်းထဲ ဇွတ်ဝင်ကြတာ... "

"အေးကွယ် မမဆွေလေ၊ ဘာတစ်ခုဖြစ်ချင်လဲ သိလား။ အခု သက်သက်တို့လို ယောကျ်ားတွေအကြောင်း၊ မိန်းမတွေအကြောင်း တကယ်နားလည်သွားတဲ့ မိန်းမသားတစ်ယောက်က လောကမှာ ဒီလိုစိတ်ရှိရင် ဒီလိုဖြစ်တတ်တယ်။ ဒီလိုဖြစ်လာရင် ဘယ်လောက်စိတ်ညစ်ဖို့ကောင်းတယ်ဆိုတာ မိန်းကလေးတိုင်း သဘောပေါက်အောင် သင်ခန်းစာပေး ဟောပြောပြနိုင်ရင် သိပ်ကောင်းမှာပဲ။ ဒီလိုဘဝမျိုးနဲ့ ကြုံနေတဲ့မိန်းကလေးတွေ၊ နောင်မှာ ဒါမျိုးကြုံရမယ့် မိန်းကလေးတွေ လောကမှာ အများကြီးရှိဦးမှာ"

သက်သက်ခေါင်းထဲမှာ ဟိုတစ်နေ့က ဆက်မဖတ်ဖြစ်တဲ့ နောက်နေ့မှ သေချာဖတ်ပြီး နားလည်ထားသည့် တေးထပ်အဆုံးပိုဒ်လေးကို သတိရသည်။

"ပြောခွင့်ရရင်တော့ ပြောချင်တာပေ့ါ မမဆွေရယ်။ ပြောရုံတင်ဘယ်ကမလဲ၊ နေမင်းကြီးဘေးက ကောင်းကင်ပြင်ကြီးမှာ လူတိုင်းမြင်နိုင်အောင် ဧရာမစာလုံးကြီးတွေနဲ့ စာရေးပြီးတော့တောင် ထားလိုက်စေချင်သေးတယ်။ ဒီလိုလူမျိုးကို ဝေးဝေးကရှောင်ပါလို့။ အဲဒီစာတွေကလည်း ဘယ်တော့မှ မပျောက်ဘဲ ကပ္ပဋ္ဌီတစ်ပါး ဖြစ်နေစေချင်တယ်။ ဒါမှ ဒါမျိုးတွေ မကြုံရတော့မှာ။ အဲဒီအဓိပ္ပာယ်မျိုးရေးထားတဲ့ ကဗျာလေးလည်း ဟိုနေ့ကမှ မမဦးပေးလို့ ဖတ်လိုက်ရတယ်"

"ဟုတ်လား၊ ကဗျာက ဘာတဲ့လဲ"

"ဘာလဲဆိုတော့ အဲဒီကဗျာက နောက်ခံဇာတ်လမ်းလေး တစ်ခုရှိတယ် မမဆွေရယ်"

သက်သက်က သူ့ကို မမဦးပြောပြခဲ့သော သီပေါမင်းတို့ ဇာတ်လမ်းလေးကို ပြန်ပြောပြလိုက်၏။

ကဗျာ၏ရှေ့ဆုံးအပိုဒ်များအထိ ရှင်းပြပြီးသောအခါ သက်သက်က ဆက်၍

"နောက်ဆုံးပိုဒ်မှာ ဘာရေးထားသလဲဆိုတော့ ဒေါင်းယာဉ်ပျံဘုံနံဘေးမှာ စာရေးလို့ထားချင်လှတယ်။ ကပ္ပဋ္ဌီငါးသွယ်မှာ တစ်ပါးမယ်ဆူလိုက်လို့၊ ပူခိုက်ဖြင့် သူသုန်မှုန်၊ အေးမှရိပ်လှုံ ဘဝတိုင်းဒီပုံလို နောင်ကြုံမယ် ကြောက်လွန်းလို့လေး... တဲ့ "

"အဓိပ္ပာယ်ကတော့ ဒီလိုလူပွေလူလည်ထိပ်ခေါင်မျိုးကို နောင်များဖြင့် ဝေးဝေးရှောင်မယ်ဆိုတဲ့ စကားကို နေမင်းရဲ့ မျက်နှာပြင်ပေါ်မှာ ကမ္ဘာတည်သရွေ့ တည်တံ့နေမယ့်စာတွေနဲ့ ရေးထားလိုက်ချင်တယ်လို့ ပြောတာ။ ဒေါင်းယာဉ်ပျံဆိုတာက နေကိုပြောတာ သိတယ်နော်။ ရှေးအယူအဆမှာ နေဆိုတာ နေနတ်သားက ဘေးမှာ ဒေါင်းတံဆိပ်ပါတဲ့ ယာဉ်ပျံကြီးစီးပြီး သွားနေတာလို့ ယူဆကြတယ်၊ မဟုတ်လား"

" အင်း... အဲဒါတော့ သိတယ် သက်သက်"

"အဲဒီလို နေနတ်သားစီးတဲ့ ယာဉ်ပျံရဲ့ ဘေးဘက်နံရံမှာ စာနဲ့ရေးပြီး ထားချင်တယ်။ ဆိုလိုတာက နေမျက်နှာပြင်ပေါ်မှာ စာနဲ့ရေးထားချင်တယ်ပေ့ါ။ အဲဒီလိုဆိုရင် နဂိုရှိနေတဲ့ ကပ္ပဋ္ဌီလေးပါးရှိတဲ့ အပြင် နောက်ထပ် တစ်ပါးတိုးပြီး ငါးပါးဖြစ်သွားမယ်။ ဘာဖြစ်လို့ အဲဒီလိုရေးထားချင်တာလဲဆိုတော့"

"နေဦး သက်သက်၊ အဲဒီမှာ မမဆွေမသိတာတစ်ခုရှိလို့ ကပ္ပဋ္ဌီဆိုတာဘာလဲ"

"ကပ္ပဋ္ဌီဆိုတာ ကမ္ဘာကြီးရှိနေသရွေ့ တည်တံ့ခိုင်မြဲနေတဲ့ အရာတွေကို ခေါ်တာ မမဆွေ။ ပါဠိစကားက ကပ္ပဋ္ဌီတိတဲ့၊ အခုလောလောဆယ်မှာ ကပ္ပဋ္ဌီလေးပါးရှိတယ်။ အတိုကောက်က ငုံး၊ အိမ်၊ ကျူ၊ လ၊ ထုံး၊ မထိမ်၊ ငုံးအိမ်ကျူလနဲ့ တူမျှပုံနှိုင်းဆိုတဲ့ ကဗျာက အဲဒါတွေကို ရည်ညွှန်းတာပေ့ါ"

"အဲဒါတွေက..."

"အဲဒါတွေက ဘာတွေလဲဆိုတော့ တစ် - ငုံး ဆိုတာက ဘုရားအလောင်း ငုံးမင်းဖြစ်တုန်းက တောမီးလောင်တဲ့ အချိန်မှာ အားလုံးက သူ့ကို ပစ်ပြေး။ သူကိုယ်တိုင်လည်း အတောင်မစုံ ဘာမစုံနဲ့ပြေးမရဖြစ်နေတော့ သစ္စာအဓိဋ္ဌာန်ပြုပြီး သစ္စာတန်ခိုးနဲ့ မီးကွင်းခဲ့ရတယ်၊ အဲဒီ သစ္စာတန်ခိုးကြောင့် အဲဒီမီးကွင်းခဲ့တဲ့နေရာဟာ ကမ္ဘာတည်သရွေ့ ဘယ်တော့မှမီးမလောင်နိုင်တော့ဘူးတဲ့။ အဲဒါက တစ်ခု"

"နှစ်- အိမ်ဆိုတာက ကဿပဘုရားရှင်လက်ထက်က ဃဋိကာရ အိုးထိန်းသည်ရဲ့ အိမ်နေရာဟာလည်း အဓိဋ္ဌာန်တစ်ခုကြောင့် ကမ္ဘာတည်သရွေ့ မိုးရေမစိုဘူးတဲ့....."

"သုံး -ကျူဆိုတာက ဘုရားအလောင်းတော် မျောက်မင်းဘဝက ဘီလူးစောင့်တဲ့ ရေကန်မှာ ရေသောက်ချင်တော့ ရေကန်ထဲ ဆင်းရင် ဘီလူးက ဖမ်းစားမယ်။ အဲဒါနဲ့ အနားက ကျူပင်ကိုအဓိဋ္ဌာန်နဲ့ အဆစ်ပျောက်အောင်လုပ်ပြီး ရေကို ကမ်းပေါ်ကနေ စုပ်သောက်တယ်။ အဲဒီအဓိဋ္ဌာန်ကြောင့် ကျူပင်တွေလည်း ကမ္ဘာတည်သရွေ့ အဆစ်မရှိတော့ဘူးတဲ့..."

"လေးက လ။ "လ" ဆိုတာက လမင်းကိုပြောတာ၊ ဘုရားလောင်း ယုန်မင်းဖြစ်တော့ သိကြားမင်းက ဒါနပါရမီစမ်းတဲ့အနေနဲ့ အလှူလာခံတဲ့အခါ ကိုယ့်ကိုယ်ကိုယ် မီးထဲခုန်ချပြီး ယုန်ကင်အလှူပေးလို့ သိကြားမင်းက ဂုဏ်ပြုတဲ့အနေနဲ့ လပေါ်မှာ ယုန်ရုပ်ရေးပြီး ဂုဏ်ပြုကမ္ပည်းထိုးထားလိုက်တယ်။ အဲဒီယုန်ရုပ်ကလည်း ကမ္ဘာတည်သရွေ့ အမြဲရှိသွားတော့တယ်တဲ့။ အားလုံးလေးခု "

"အင်း... အဲဒါ နားလည်ပြီ။ ခုနကဗျာ ဆက်ပါဦး"

စာမျက်နှာ ၂၅ သို့ ❍

"သက်သက်တို့လို ယောကျ်ားတွေအကြောင်း၊ မိန်းမတွေအကြောင်း တကယ်နားလည်သွားတဲ့ မိန်းမသားတစ်ယောက်က လောကမှာ ဒီလိုစိတ်ရှိရင် ဒီလိုဖြစ်တတ်တယ်။ ဒီလိုဖြစ်လာရင် ဘယ်လောက် စိတ်ညစ်ဖို့ကောင်းတယ်ဆိုတာ မိန်းကလေးတိုင်း သဘောပေါက်အောင် သင်ခန်းစာပေး ပြောပြနိုင်ရင် သိပ်ကောင်းမှာပဲ"

# ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

**စဉ့်ကိုင်**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်တွင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့် ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီက မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိမ့်အိသူနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ သုခဒါန လူမှုကူညီရေးအသင်းဝင်များပူးပေါင်း၍ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်ကျောင်းတိုက်များမှ သီလရှင်များအား ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ဝင်းဝင်းသန်း(စဉ့်ကိုင်)**

**တွန်းဇံ**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို တွန်းဇံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၉ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် ဌာနဆိုင်ရာ ဝန်ထမ်း ၁၆ ဦး၊ ဝန်ထမ်းမိသားစု ငါးဦး၊ ဘာသာရေးအသင်းခေါင်းဆောင် ၁၄ ဦး၊ အသက် ၆၅ နှစ်နှင့်အထက်သက်ကြီးရွယ်အို ၅၅ ဦး၊ စေတနာ့ဝန်ထမ်း/ပရဟိတ ၁၄ ဦး၊ စေတနာ့ဝန်ထမ်း/ပရဟိတ မိသားစုဝင် ငါးဦး၊ ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ လေးဦးနှင့် ဈေးသည် ၁၃ ဦး စုစုပေါင်း ၁၂၆ ဦးတို့အား ထိုးနှံပေးခဲ့သည်။



ကျီခါးမြို့ အား/ကာခန်းမတွင် ဌာနဆိုင်ရာဝန်ထမ်း တစ်ဦး၊ စေတနာ့ဝန်ထမ်း/ ပရဟိတ နှစ်ဦးနှင့် အသက် ၆၅ နှစ်နှင့် အထက်သက်ကြီးရွယ်အို ၂၃ ဦး စုစုပေါင်း ၂၆ ဦးတို့အား ထိုးနှံပေးခဲ့ရာ တွန်းဇံမြို့နယ် အနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ပြည်သူ ၁၅၂ ဦးအား ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**တနသ်ာရီ**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်အတွင်း ကိုဗစ်–၁၉ရောဂါကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသေးသည့်အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးအဘိုးအဘွားများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတစေတနာ့ဝန်ထမ်းများ၊ သံဃာတော်နှင့် သာသနာ့အနွယ်ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဈေးရောင်းသူများ၊ ဟိုတယ်နှင့် တည်းခိုခန်း လုပ်ကိုင်သူများ၊ ယာဉ်မောင်းများ၊ ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ စားသောက်ဆိုင်လုပ်ကိုင်သူများ၊ အငှားယာဉ်မောင်းနှင်သူများ စသည်ဖြင့် ဦးတည်အုပ်စုများကို ကိုဗစ်–၁၉ရောဂါကာကွယ်ဆေး(ပထမ)အကြိမ်အဖြစ် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၉ ရက်အထိ သတ်မှတ်ပေးထားသည့် ကာကွယ်ဆေးထိုးစုရပ် ခြောက်ခုအတွင်း ထိုးနှံပေးခဲ့ပြီးဖြစ်သည်။

**နန်းသာရီ–ထိန်ဝင်း**

**(ပြန်/ဆက်)**



# ချင်းရွှေဟော်မြို့ မြန်မာ–တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၁၁၆ ဦး ဝင်ရောက်

**ချင်းရွှေဟော် ဩဂုတ် ၁၀**

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ချင်းရွှေဟော်မြို့ရှိ မြန်မာ–တရုတ်နှစ်နိုင်ငံဂိတ်ပေါက်မှ ယမန်နေ့ မွန်းလွဲပိုင်းက ဝင်ရောက်လာသော တရုတ်နိုင်ငံမှ ပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၁၁၆ ဦးအား ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က စိစစ်လက်ခံလျက်ရှိသည်။

အဆိုပါနေရပ်ပြန်ပြည်သူ ၁၁၆ ဦးတွင် အမျိုးသား ၇၄ ဦး၊ အမျိုးသမီး ၄၂ ဦးတို့ဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ကိုးဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၇ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ လေးဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ငါးဦး၊ ကချင်ပြည်နယ်မှ လေးဦး၊ ကရင်ပြည်နယ်မှ နှစ်ဦး၊ ချင်းပြည်နယ်မှ ရှစ်ဦး၊ ရခိုင်ပြည်နယ်မှ တစ်ဦးနှင့် ရှမ်းပြည်နယ်မှ ၃၅ ဦးတို့ ဖြစ်သည်။

ယင်းနေရပ်ပြန်ပြည်သူများအား ကိုဗစ်–၁၉ ရောဂါပိုးရှိ/မရှိစစ်ဆေးဆောင်ရွက်ပြီး သက်ဆိုင်ရာ ဒေသအသီးသီးသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း ချင်းရွှေဟော်မြို့ ကိုဗစ်–၁၉ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ သိရသည်။

**စည်သူမောင်မောင်**

**(ပြန်/ဆက်)**

# နေရပ်ပြန်များ နေ့စဉ်ဝင်ရောက်လျက်ရှိ

**မူဆယ် ဩဂုတ် ၁၀**

မူဆယ်မြို့ နန်းတော်ဂိတ်ဖြစ်သည့် နယ်စပ်ဝင်/ထွက်ဂိတ်တွင်တရုတ်နိုင်ငံ ယူနန်ပြည်နယ်တစ်လျှောက် ရွှေ့ပြောင်း အလုပ်သမားများအဖြစ် သွားရောက်နေထိုင်ကြသည့် မြန်မာနိုင်ငံသားများသည် မိခင်နိုင်ငံသို့ နေ့စဉ်နှင့်အမျှ ပြန်လည် ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၂၆ ရက်မှ စတင်ပြီး ဩဂုတ် ၉ ရက်အထိ အမျိုးသား ၂၂၀၈ဦး၊ အမျိုးသမီး ၂၉၉၇ ဦး စုစုပေါင်း ၅၂၀၅ ဦး ပြန်လည်ဝင်ရောက်လာကြောင်း သိရသည်။

မူဆယ်နန်းတော်ဂိတ်မှ နေရပ်ပြန် မြန်မာနိုင်ငံသားများအား ဩဂုတ် ၉ ရက်က မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုး၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးဇေယျာလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနေရာချထားခြင်းကို ဆောင်ရွက်ပေးကြပြီး နေ့လယ်စာ ထမင်းဘူး၊ သောက်ရေသန့်များကို လက်ရောက်ဝေငှပေးလျက်ရှိကြောင်း သိရသည်။ **အယ်လ်စိုး(မူဆယ်)**

○ စာမျက်နှာ ၂၄ မှ

“ဒါပါပဲ၊ အဲဒီလို သူ့စာတွေလည်း ကပ္ပဋ္ဌိဖြစ်ပြီး ကမ္ဘာတည်သရွေ့ရှိချင်တယ်။ လပေါ်မှာ ယုန်ရုပ်ရှိသလို နေပေါ်မှာလည်း သူ့စာတွေ ရှိချင်တယ်ပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ပူတဲ့အခါ သုန်မှုန်၊ အခြေ အနေ မကောင်းတော့ဘူးဆို သုန်လိုက်မှုန်လိုက်လုပ်၊ အေးမှ ရိပ်လှုံ၊ အခြေအနေကောင်းမှ အနားကပ်တတ်တဲ့ လူမျိုးနဲ့ ဘဝတိုင်း ဘဝတိုင်းမှာ ပြန်ကြုံပြီး သူစိတ်ဆင်းရဲရမှာ ကြောက်လွန်လွန်းလို့ပါတဲ့ မမဆွေရယ်”

သက်သက် ရှင်းပြချက်အဆုံးမှာ ခင်မြင့်ဆွေကရယ်၍

“ဘာလဲ သက်သက်ကော ဒီလိုပဲ အရမ်းကြောက်နေပြီလား”

“ကြောက်တာပေါ့ မမဆွေ၊ သက်သက်ကျတော့ သက်သက်တစ်ယောက်တည်းတင် ကြုံရမှာ ကြောက်တာမဟုတ်ဘူး။ ဒီအပြင် မိန်းကလေးတွေလည်း ကြုံကုန်မှာ ကြောက်တယ်။ ဒါကြောင့် သက်သက်လည်း ဒီအကြောင်းတွေ နေဘေးမှာ ရေးထားစေချင်တယ် ပြောတာပေါ့ ”

သက်သက်စကားအဆုံးမှာ ခင်မြင့်ဆွေက သက်ပြင်းချသည်။

“အင်း... စိတ်မောလိုက်တာ သက်သက်ရယ်။ ကဲပါလေ သိပ်လည်း စိတ်တွေပူ၊ ဒေါသတွေ ထွက်မနေပါနဲ့။ သူ့ဟာနဲ့သူတော့ အဆင်ပြေသွားမှာပါ”

“အဲဒီလိုပဲတော့ မျှော်လင့်တာပဲ မမဆွေ၊ မျှော်လင့်သလို ဖြစ် မလာရင်တော့”

သက်သက် စကားကိုအဆုံးမသတ်ဘဲ ထားလိုက်သည်။

ထင်သည့်အတိုင်း ဘားလမ်းမှာ နိုင်လင်းမရှိ။ ဆိုင်မှ လူတွေကလည်း ဟိုလိုလိုသည်လိုလို လုပ်နေပြီးမှ လင်းစတူဒီယိုမှာ အသံသွင်း ချင်သွင်းနေလိမ့်မည်ဟု ပြောသည်။ သက်သက် လင်းစတူဒီယိုကို လိုက်သွားသည်။ လင်းစတူဒီယိုမှာလည်း မရှိ။ လင်းစတူဒီယိုကလည်း သည်နေ့ နိုင်လင်း အသံသွင်းအစီအစဉ် မရှိကြောင်းပြောသည်။

သို့သော် လင်းစတူဒီယိုမှာ တစ်ယောက်နှင့် တွေ့ခဲ့ရသည်။ ထိုတစ်ယောက်ကလည်း တစ်ယောက်ဆိုသလောက် တန်ဖိုးရှိ၏။ အခြားမဟုတ်၊ မိန်းကလေး အဆိုတော် တစ်ယောက်။ မူလတုန်းက နိုင်လင်း၏ သစ္စာပိုင်တေးသံသွင်းမှ အခွေများထွက်ခဲ့ပြီး မြမိုးသူရောက်လာမှ အဆင်မပြေဖြစ်ကာ ခွာပြဲသွားသော အဆိုတော်လွှင်လွှင်

လွှင်လွှင်က နိုင်လင်းကော၊ မြမိုးသူကောကို အပြုံးရှိပုံရသည်။ သက်သက်ကို မြင်သည်နှင့် တစ်နေရာသို့ လက်ကုတ်ခေါ်သွားပြီး

“ဒီမှာ မရှိဘူး မမ၊ ဒီမှာ လာမရှာနဲ့၊ ရီကောဒင်းမရှိတဲ့ရက်မှာ သူတို့နှစ်ယောက်လုံးရှိတဲ့နေရာ လွှင်လွှင် သိတယ်။ မမကို လွှင်လွှင် ပြောတယ်လို့ ဘယ်သူ့မှ ပြန်မပြောဘူးဆိုတာ ကတိပေးမလား”

သက်သက် ခေါင်းညိတ်သည်။ ကတိပေးပါတယ် လွှင်လွှင်ရယ် ပြောပြပါဟုလည်း တိုက်တိုက်တွန်းတွန်း လုပ်ပေးလိုက်သည်။ ထိုအခါ လွှင်လွှင်က စာရွက်လေးတစ်ရွက်ပေါ်တွင် လိပ်စာလေးတစ်ခုရေးပေးသည်။

“အဲဒီမှာ ရှိမယ်မမ။ အဲဒါ သူတို့ရှိတတ်တဲ့နေရာပဲ။ နှစ်ထပ်တိုက်၊ အောက်ထပ် ခြေရင်းခန်း၊ ရှာလို့လွယ်ကူပါတယ်”

လိပ်စာက ကန်တော်ကလေးဘက်မှ အိမ်တစ်အိမ်ကို ပြထားသည်နှင့် ချက်ချင်းလိုက်သွား၏။ လွှင်လွှင်ပြောသလို လိပ်စာပါ အိမ်ကို အလွယ်တကူပင် ရှာတွေ့ခဲ့သည်။ နေရာက တိုက်ခန်းလေး။ အသစ်ဆောက်ထားသောတိုက်က အခန်းတစ်ခန်းကိုစပေါ် (သို့မဟုတ်) အပျောက်ပေး၍ ငှားထား ဝယ်ထားပုံရသည်။

အိမ်က ပြီးတာ သိပ်ကြာသေးပုံ မရ။ အတွင်းတံခါးနှင့် အပြင်သံပန်းကြားမှာ သံချောင်း၊ သစ်သားစသော ဆောက်လုပ်ရေး ပစ္စည်းများသည်အတိုင်း ရှိနေသေးသည်။

သို့သော် ဘယ်သူ့မှတော့ မတွေ့။ သော့တန်းလန်းခတ်ထားသည်။ သက်သက်က သေချာအောင် ဘေးခန်းမှ လူများကို စုံစမ်းမေးမြန်းကြည့်သောအခါ နိုင်လင်းနှင့် မြမိုးသူတို့ လာတတ်ကြောင်း ထင်ရှားသွားသည်။ အခန်းက နေ့ဘက်မှာလောက်သာ တစ်ခါတစ်ရံ လူရှိသော အခန်း။ ညဘက် လူမရှိတတ်။ လာတတ်သောကားအရောင်၊ အမျိုးအစား၊ နိုင်လင်း၏ ပုံပန်းသဏ္ဌာန်ကွက်တိ။ မြမိုးသူကိုတော့ အထူးမေးစရာမလို။ လူတိုင်းက မြင်လျှင်မှတ်မိနေသည့် မိန်းကလေး။

“ဒီနေ့ကော လာသေးလား”

ထိုအခါ ခေါင်းရင်းခန်းမှ လူက

“လာတယ်၊ ခုနလေးတင် ပြန်သွားတာ။ အစ်မနဲ့ ရှေ့ဆင့် နောက်ဆင့်ပဲ”

“လုံလောက်ပြီ” ဟု သက်သက် ယူဆသည်။ ဆက်မလိုက် တော့ဘဲ သက်သက် အိမ်ပြန်ခဲ့၏။

ထိုနေ့တစ်နေ့လုံး နိုင်လင်း ပြန်လာသည့် ညဘက်တိုင် စိတ်ရှည်ရှည်နှင့် စောင့်၍ နိုင်လင်းရောက်ရောက်ချင်း သက်သက်စပြီး တိုက်ပွဲဝင်တော့ခြင်း ဖြစ်သည်။

ပျော့ပျော့လုပ်လျှင်တော့ မမဦး လမ်းစဉ်အတိုင်း လိုက်ရတော့မည်မို့ ဖြစ်ချင်ရာဖြစ် ခပ်ကြမ်းကြမ်းဝင်ရန် စိတ်ပိုင်းဖြတ်ထား၏။

x x x x x

**ဆက်လက်ဖော်ပြပါမည်**

(ဆရာနွမ်ဂျာသိုင်း၏ “ဒေါင်းယာဉ်ပျံဘုံနံဘေးမှာ စာရေးလို့ထားချင်တယ်” စာအုပ်အား စာရေးသူ၏မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

## (၁၃) နှစ်ပြည့် မွေးနေ့မင်္ဂလာဆုတောင်း

၁၁-၈-၂၀၂၂ ရက်တွင် ကျရောက်သော သမီးလေး **မကေရှင်းသန့်စံ (ခ)မထက်မျှုးသံလွင် (Secondary II -A), ILBC Naypyitaw** ၏ (၁၃) နှစ်ပြည့် မွေးနေ့ရက်မြတ်မင်္ဂလာမှသည် အသက်ရာကျော်ရှည်သည်အထိ ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့စွာဖြင့် လိုအင်ဆန္ဒအပေါင်း ပြည့်ဝပါစေကြောင်း၊ ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာဖြင့် ထူးချွန်ထက်မြက် တိုးတက်အောင်မြင်ပါစေကြောင်း၊ တိုင်းပြည်နှင့် လူမျိုးကို အကျိုးပြုနိုင်သော အမျိုးဘာသာ၊ သာသနာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သော သမီးကောင်းရတနာလေး ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။

**ဖေဖေ-ဦးဇော်ဌေး၊ မေမေ-ဒေါ်ကေခိုင်ဦး**
**နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများ**

---

### ပြည်သူ့အတွက်ပန်းခင်း စီမံချက်

- လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊
- လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊
- ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊
- ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိ၊ လက်ရှိဒေသတွင်လည်း အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊

---

### ရွှေ့ပြောင်းနေထိုင်သူများအတွက် အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးနိုင်ရန် စိစစ်အတည်ပြုပေးမည့် (၅) ဦးကော်မတီ (ပန်းခင်းစီမံချက်)

(၁) မြို့နယ်ဦးစီးမှူး (လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ)

(၂) မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ကိုယ်စားလှယ် (၁)ဦး

(၃) မြို့နယ်ရဲတပ်ဖွဲ့ ကိုယ်စားလှယ် (၁)ဦး

(၄) မြို့နယ်ကျန်းမာရေးဦးစီးဌာန ကိုယ်စားလှယ် (၁)ဦး

(၅) ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး

---

### ပန်းခင်းစီမံချက်နှင့်အပြိုင် မြို့နယ်လဝကရုံးများတွင် ဆောင်ရွက်နေသည့်လုပ်ငန်းများ

- လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် နိုင်ငံရေးပါတီခေါင်းဆောင်များ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများအား နိုင်ငံသားစိစစ်ခြင်း၊
- အိမ်ထောင်စုလူဦးရေစာရင်း၌ မွေးတိုး/သေဆုံး စာရင်း ဆောင်ရွက်ပေးခြင်း၊
- အသက်(၁၀)နှစ်ပြည့်၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်၊ လဲလှယ် ထုတ်ပေးခြင်း၊
- နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး / ပျက်စီးမှုများအား မိတ္တူထုတ်ပေးမှုဆောင်ရွက်ပေးခြင်း၊
- အိမ်ထောင်စုလူဦးရေစာရင်းတိုး/လျှော့/ ပြောင်းဝင်/ ပြောင်းထွက် ဆောင်ရွက်ပေးခြင်း၊
- မွေးသက္ကရာဇ်/ အမည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးခြင်း၊
- နိုင်ငံခြားသားများနှင့်သက်ဆိုင်သည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊
- ပြည်သူ့အင်အားဆိုင်ရာ လူဦးရေစာရင်းများဆောင်ရွက်ခြင်း၊

---

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

---

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ရန်ကုန်ပြည်သူ့ဆေးရုံကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအတွက် လိုအပ်လျက်ရှိသည့် FDA အသိအမှတ်ပြု ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ ခွဲစိတ်ခန်းသုံးဆေးရည်နှင့်ဆေးပစ္စည်းများ၊ ဓာတ်မှန်ခန်းသုံးဆေးပစ္စည်းများ၊ အောက်စီဂျင်နှင့် Speciality Consumables များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပိုင် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၆-၈-၂၀၂၂ (သောကြာနေ့)
တင်ဒါပုံစံနောက်ဆုံးပေးသွင်းရမည့် - ၂၇-၈-၂၀၂၂ (သောကြာနေ့)
နေ့ရက်/အချိန် ၁၆:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းစာရင်း အသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

### " အများသိစေရန်ကြော်ငြာခြင်း "

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းမြတ်သူ [၁၃/ညရန(နိုင်)၀၂၀၆၄၀] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဟန်မြင့်အောင် [၇/လပတ(နိုင်)၁၂၂၅၃၆] ကိုင်ဆောင်သူနှင့် အများသိစေရန် အောက်ပါအတိုင်း ကြော်ငြာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းမြတ်သူနှင့် ဦးဟန်မြင့်အောင်တို့သည် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်ထိလည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိလည်းကောင်း အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ်မှ ယနေ့အချိန်အထိ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းမရှိတော့ဘဲနှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝင်းမြတ်သူနှင့် ဦးဟန်မြင့်အောင်တို့သည် တစ်ဦးနှင့်တစ်ဦးတစ်စုံတစ်ရာ ပတ်သက်ဆက်နွယ်ခြင်း၊ တစ်စုံတစ်ရာကန့်ကွက်ဟန့်တားခြင်း၊ တစ်စုံတစ်ရာစွက်ဖက်နှောင့်ယှက်ခြင်းမရှိကြတော့ဘဲ လွတ်လပ်သူများဖြစ်ကြောင်းနှင့် ဤကြော်ငြာချက်အား ကန့်ကွက်ရန်ရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ဝင်းမြတ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးယဉ်အောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၁၅)**
**ဖုန်း-၀၉-၂၆၂၉၀၉၅၈၂၊ ၀၉-၄၂၁၀၄၃၂၅၁**

---

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြို့သစ်အမည်-ရွှေပြည်သာ(သံဒင်း)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ မြေကွက်အမှတ်(၇၂၈)၊ မြေအကျယ်အဝန်း ပေ(၄၀x၆၀)ရှိ မြေကွက်ကို အမည်ပေါက် ဦးစိုးမြင့်[၁၂/လမန(နိုင်)၀၇၂၃၁၇]၊ ဦးမြမောင်[၁၂/လမန(နိုင်)၀၈၃၉၆၆]တို့ထံမှ ဆက်စပ်မြေကွက်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မေသက်လှိုင်[၁၂/အစန(နိုင်)၁၉၄၅၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ကတိစာချုပ်ချုပ်ဆို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်၊ လွှဲပြောင်းရောင်းချခွင့်များနှင့်စပ်လျဉ်း၍ ကန့်ကွက်အရေးဆိုလိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤသတင်းစာကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မေသူ(LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၉၄)**
**အမှတ်(၂)၊ ရန်ကုန်အင်းစိန်လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-796281475,09-950645665**

---

### ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ၊ ဗဟန်းမြို့နယ် ၊ ကမ္ဘာအေးဘုရားလမ်း ၊ အမှတ် (၁၉၂) ၊ Myanmar Centre Business Suites, F10, F11, F12, Myanmar CentreTower 2 တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော Delicious Food Limited သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်တိုင်းဒေသကြီး စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ကုမ္ပဏီ၏မူပိုင်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်-

**SWIS MILK**

(၄/၂၄၆၆/၂၀၂၂)

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ် အမည် အမှတ်အသားကို အသုံးပြု၍ အရည်အသွေးမီ **" နို့ဆီ ၊ နို့စိမ်း၊ နို့မှုန့်၊ နို့ နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး ၊ Coffeemix ၊ Teamix ၊ Cereal (ကွေကာ) အစရှိသော 4 in 1 စားသောက်ကုန်အမျိုးမျိုး ၊ သောက်ရေသန့် ၊ အားဖြည့် အချိုရည် ၊ အချိုရည်အမျိုးမျိုး အစရှိသည့် စားသောက်ကုန်အမျိုးမျိုး "** တို့ကို ထုတ်လုပ်ပြီး မြန်မာနိုင်ငံတဝန်းလုံးတွင် ဖြန့်ချိရောင်းချလျက်ရှိပါသည်။

သို့ပါ၍ အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှား ပြုလုပ်၍သော်လည်းကောင်း ၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍ သော်လည်းကောင်း ၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းသတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
ဦးမောင်မောင်မြင့်(L.L.B) ၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၅၉၇၂/၉၃) ၊ ဖုန်း-၀၉ ၉၇၆၄၄၂၉၉၉၊ ၂၅၂၅၃၈၁၅၇

---

## ဥတုရာသီ တောကိုမှီ၏

---

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်း လျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်းတွင်ခန့်ထားရန် သရုပ်ပြ (လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး(၉)နေရာအတွက် လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-
(က) သိပ္ပံ(သစ်တော)ဘွဲ့ - B.Sc(Forestry)[နောက်ဆုံးနှစ်စာမေးပွဲတွင် ပျမ်းမျှရမှတ် (၆၅)မှတ်ရရှိသူ] သို့မဟုတ်
မဟာသိပ္ပံ(သစ်တော)ဘွဲ့ - M.Sc (Forestry)ရရှိသူ သို့မဟုတ်
မဟာသိပ္ပံ(ပတ်ဝန်းကျင်)ဘွဲ့- M.Sc(Environmental Science/ Environmental Studies) ရရှိသူဖြစ်ရမည်။
မဟာသိပ္ပံ/မဟာဝိဇ္ဇာဘွဲ့ - မြန်မာစာ၊ သင်္ချာ၊ အင်္ဂလိပ်စာ၊ ရူပဗေဒ၊ ရက္ခဗေဒ၊ သတ္တဗေဒ၊ ဓာတုဗေဒ၊ ဘူမိဗေဒ၊ စာရင်းအင်းပညာ
(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။ လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက (၄၀)နှစ်အထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဃ) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း(၃)နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာ ဖော်ပြရမည်-
(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်
(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
(ဃ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်
(င) ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်
(စ) အမြဲတမ်းနေရပ်လိပ်စာ

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) ဘွဲ့လက်မှတ်မိတ္တူ B.C (သို့) အောင်မြင်ကြောင်း ထောက်ခံချက်မူရင်း
(ခ) အမှတ်စာရင်းမိတ္တူ (MC) (လိုအပ်လျှင်မူရင်းတင်ပြရမည်။)
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာမူရင်း
(ဃ) ၂ လအတွင်းရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ
(င) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာမူရင်း
(စ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

၅။ လျှောက်လွှာများကို ပါမောက္ခချုပ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်းထံ လိပ်မူပြီး ၃၁-၈-၂၀၂၂ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားသူသည် အင်္ဂလိပ်စာ (၂) နာရီမေးခွန်းကို ဖြေဆိုရမည်။

၇။ ရေးဖြေစာမေးပွဲကို သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၌ ၈-၉-၂၀၂၂ ရက်နေ့တွင် ဖြေဆိုရမည်ဖြစ်ပြီး စာမေးပွဲ ဖြေဆိုခွင့်ကတ်များကို ၇-၉-၂၀၂၂ ရက်နေ့တွင် ထုတ်ပေးမည်ဖြစ်သည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများအား လူတွေ့ စစ်ဆေးခြင်းကို ၁၀-၉-၂၀၂၂ ရက်နေ့ ၉:၀၀ နာရီတွင် စတင်ပြုလုပ်မည်။

၈။ ပြည့်စုံခြင်းမရှိသော၊ အချိန်မီရောက်ခြင်းမရှိသော လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသောအချက်များကို ဖုန်း-၀၆၇-၃၄၁၆၅၁၉၊ ၀၆၇-၃၄၁၆၆၈၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း**

---

### "အများသိရှိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၄၃၁)၊(၄-လွှာ)နေ ဒေါ်ရွှေစင်မောင် မှတ်ပုံတင်အမှတ် [၁၂/တမန(နိုင်)၁၁၂၄၇၉] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏အမှုသည်ဖြစ်သူ ဒေါ်ရွှေစင်မောင် Facebook Account Name- Shwe Sin Lwin Min အသုံးပြုသူနှင့် ၎င်း၏မိဘ၊ ဆွေမျိုးအသိုင်းအဝိုင်းတို့အား အသရေဖျက်၊ အရှက်ရ၊ သိက္ခာကျစေရန် လူမှုကွန်ရက်စာမျက်နှာမှ ဆဲဆိုပုတ်ခတ်ဝေဖန်ခြင်းများကို ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်နေကြသူများအပေါ် တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးပါရန် ကျွန်ုပ်တို့အား လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ပါသည်။ ထိုသို့ပြုလုပ်မှုများကို မဆောင်ရွက်မိကြစေရန်နှင့် ဒေါ်ရွှေစင်မောင်နှင့် ၎င်း၏မိဘ၊ ဆွေမျိုးအသိုင်းအဝိုင်းတို့အား နစ်နာစေရန် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် နှောင့်ယှက်နေကြသူများကိုတည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးနက်စွာဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဒါယူစီ(LL.B)** | **ဒေါ်မြတ်သဉ္ဇာကျော် (LL.B,LL.M,D.B.L)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၅၃၀၉၇/၂၀)** | **(စဉ်-၅၃၅၀၅/၂၀)** |

**အမှတ်(၂၃)၊ (လေးလွှာ-အေ)၊ ထန်းတပင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၅၈၀၀၂၈၅၈၊ ၀၉-၂၆၀၀၀၅၁၈၃၊ ၀၉-၂၅၀၇၄၅၅၈၈**

---

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၈၀)၊ အောင်သပြေလမ်း၊ မြေကွက်အမှတ်(၅၁၁)၊ ဧရိယာ(၄၀×၆၀)ပေရှိ ဒေါ်ကြည်ဝင်း(၁၂/မရက(နိုင်)၀၁၉၉၆၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား တရားဝင်ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူဖြစ်သော **ဦးဇော်ဝင်းမြင့်**(၁၂/သကတ(နိုင်)၀၅၁၉၀၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေ **ဦးသူရဇော်**(၁၂/ဒဂတ(နိုင်)၀၆၀၀၃၅)က အပိုင်ဝယ်ယူရန် စရံငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်၏ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးဇော်မျိုးထက် (LL,B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၂၇)
အမှတ်(၅၀)၊E-5၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်။၀၉-၄၃၂၀၇၃၃၉၊၀၉-၄၂၀၀၈၇၁၇၇၊

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါသတ္တုများအား ဒေသအလိုက်၊ Lot အလိုက် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်-

| စဉ် | သတ္တုအမျိုးအစား | အလေးချိန် (မက်ထရစ်တန်) | (F.O.B) | တင်ဒါပိတ်မည့် နေ့ရက်/အချိန် |
|---|---|---|---|---|
| ၁ | ခဲမဖြူသတ္တုစင်(ERT) | ၃၉.၄၁၃၅ | သန်လျင် | ၉-၉-၂၀၂၁ (၁၃:၀၀)နာရီ |
| ၂ | ခဲမဖြူသတ္တုစင်(PRT) | ၆၀.၁၀၃၀ | | |

၂။ အသေးစိတ်သိရှိလိုပါက အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၉၃၉၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏
## မန္တလေးမြို့အဝင်ဂိတ်များ၌
## အခွန်အခကောက်ခံခွင့်လုပ်ငန်းအတွက်
## အိတ်ဖွင့်တင်ဒါကြော်ငြာ

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနမှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၂၀၂၃ ခုနှစ်၊ မတ်လ ၃၁ရက်အထိ (၁)နှစ် (၆)လအတွက် မန္တလေးမြို့အဝင်ဂိတ်များ၌ လမ်းအသုံးပြုခ၊ တန်ပိုကြေး၊ မြို့ဝင်ကြေး ကောက်ခံခွင့်လုပ်ငန်းအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လုပ်ကိုင်ခွင့်ပြုမည်ဖြစ်သဖြင့် တင်ဒါလျှောက်လွှာများကို တစ်စောင်လျှင် ငွေကျပ် ၅၀၀၀၀/-ဖြင့် အောက်ပါအတိုင်း ဝယ်ယူနိုင်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

(က) လျှောက်လွှာစတင်ရောင်းချမည့်ရက် -၁၆-၈-၂၀၂၁ရက်
(ခ) လျှောက်လွှာနောက်ဆုံးအပ်နှံရမည့်ရက် - ၃-၉-၂၀၂၁ရက်

၂။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အခွန်ဌာန ဖုန်း-၀၉-၄၀၂၅၂၂၀၈၅၊ ၀၉-၄၀၂၅၃၁၁၁၉ နှင့် ၀၂-၄၀၃၆၁၇၁၊ (လိုင်းခွဲ-၁၅၃)သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဌာနမှူး၊ အခွန်ဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**


## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အုတ်ကျင်းဘုတာရုံလမ်းတွင်တည်ရှိသော ပြည့်စုံချမ်းသာကွန်ဒို၊ အမှတ်(၃၂)၊ အခန်းအမှတ်Unit(I-04)၊ (၄)လွှာ၊ အကျယ်အဝန်း(၁၂၁၀) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်အရပ်အားလုံးတို့ကို တရားဝင်လက်ရှိ ပိုင်ဆိုင်ထားသူ ဦးငြိမ်းကိုမင်း (၁၂/လမန(နိုင်)၁၄၃၂၈၅)မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွှတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့် ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ က အပြီးအပိုင်ဝယ်ယူရန်အတွက်အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါကအရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်စုမြတ်မောင် (LL.B)** ၊ (စဉ်-၁၆၅၅၄)
**တရားလွှတ်တော်ရှေ့နေ**

အမှတ်(၄၈)၊ မြေညီထပ်၊ စက်တွင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၈၀၂၂၃၈၄ ၊ ၀၉ ၇၆၅၅၄၅၄၅၄ ၊ ၀၉ ၇၉၈၂၃၃၈၂၅
Facebookpage : 54 Real Estate Company Limited


### ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ လှည်းတန်းလမ်း၊ တိုက်အမှတ်(၄၆)ဟုခေါ်တွင်သောတိုက်၏ တတိယထပ်(၄)လွှာ(အေ)၊ အကျယ်အဝန်း(၁၂.၅ပေx၅၀ပေ)ခန့်ရှိ RC တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဇော်မင်းမြိုင်[၁၂/ကမတ(နိုင်)၀၃၄၄၉၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်စည်သူ [၇/ကဝန(နိုင်)၀၈၈၁၇၇] က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့(၅)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**တရားလွှတ်တော်ရှေ့နေများ-**

| | | | |
|---|---|---|---|
| ဒေါ်ဆွေဆွေ | ဦးမြင့်သန်း | ဒေါ်သီရိလှိုင် | ဦးအောင်ဇော်မိုး |
| (စဉ်-၃၀၀၃) | (စဉ်-၆၉၆၃) | (စဉ်-၁၅၂၆၀) | (စဉ်-၁၆၃၅၆) |

**ဇလပ်ပွင့်အိမ်ခြံမြေဝန်ဆောင်မှုကုမ္ပဏီ Ph-09-5018076**
**ရုံးချုပ် - အမှတ်(၁၁၉၄)၊ ပင်လုံလမ်းမ၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ရုံးခွဲ(၁) - အမှတ်(၅၅/၅၆)၊ ကျိုက်ဝိုင်းဘုရားလမ်းမ၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ရုံးခွဲ(၂) - အမှတ်(၁၆၉)၊ ဗဟိုလမ်းနှင့် ပန်းတနော်လမ်းထောင့်၊ စမ်းချောင်းမြို့နယ်။**
**ရုံးခွဲ(၃) - အမှတ်(၅၅)၊ ရတနာလမ်း၊ ကမာရွတ်မြို့နယ်။**
**ရုံးခွဲ(၄) - အမှတ်(၁၁၄၂)၊ သုမင်္ဂလာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်မြို့၊ မျက်စိရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ရန်ကုန်မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော F.D.A အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - (၄-၈-၂၀၂၁)ရက် (ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - (၁၇-၈-၂၀၂၁)ရက် (အင်္ဂါနေ့)၊ ညနေ(၄:၀၀) နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိရောဂါအထူးကုဆေးရုံကြီး**
**အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၄၉၁၇၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ မဏ္ဍိုင်လမ်း၊ အမှတ်(၅၉)၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၃၅၂)၊ (အလျားပေ ၂၅xအနံပေ ၅၀)အကျယ်အဝန်းရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တစ်ဦးတည်းပိုင်ဆိုင်သူ ဦးခင်မောင်ထွေး[၁၂/မဘန(နိုင်)၁၀၉၇၀၅]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းပြုံး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၄၇)**
**အမှတ်(၂၆၅)၊ နဝရတ်(၅)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၇၂၅၇၈၈၈၂**

### ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ရန်ပြေ(၅)လမ်း-အနောက်၊ အမှတ်(၁၀၇၆)ဟု ခေါ်တွင်သည့်မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၀၇၆/ခ)၊ ဧရိယာ ပေ(၂၀x၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ(၂)ထပ်သွပ်မိုးပျဉ်ထောင်အိမ်အပါအဝင် အိမ်မြေနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ အိမ်မြေနှင့်စပ်လျဉ်း၍ ၎င်းအိမ်မြေနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင် ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြသူများဖြစ်သည့် (၁) ဦးဘတင် (၂) ဒေါ်စိန်စိန်၊ (၃) မစံစံအေး (၄) မောင်ကျော်မောင် (၅) မောင်စိုးမင်းဦး (၆) မောင်ကျော်တင်မောင်တို့မှ ၎င်းအိမ်နှင့်မြေအား တန်ဖိုးငွေကျပ် ၆၀,၃၀၀,၀၀၀ (ကျပ်သိန်းခြောက်ရာသုံးသိန်းတိတိ)ဖြင့် ရောင်းချရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နီနီမြင့်[၁၂/သကတ(နိုင်)၁၈၄၉၉၈] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် အိမ်မြေဖိုးတန်ဖိုးငွေအဖြစ် စရန်ငွေကျပ်၂၀၀,၀၀,၀၀၀ (ကျပ်သိန်းနှစ်ရာတိတိ) အား ပေးချေပြီးဖြစ်ပါ၍ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် အိမ်မြေနှင့်ပတ်သက်သော ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နီနီမြင့်** | **ဦးအောင်မျိုးခင် (LL.B)** |
| **[၁၂/သကတ(နိုင်)၁၈၄၉၉၈]** | **တရားလွှတ်တော်ရှေ့နေ (စဉ်--၁၅၃၈၁)** |
| | **ဖုန်း-၀၉-၂၅၂၄၁၉၄၉၃** |

### စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းရေတွင်းလမ်း၊ အမှတ်(၁၈)ရှိ (၂)ခန်းတွဲ(၈)ထပ်တိုက် အဆောက်အဦ၏ (၆)လွှာ(ခြေရင်းခန်း)၊ (၁၄ပေx၇၅ပေ)ရှိ အများသုံးဓာတ်လှေကားအပါအဝင် ရေ၊ မီး အစုံပါဝင်သည့် ကွန်ဒိုတိုက်ခန်းအားဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပူးတွဲပါ ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်သူ ဦးကျော်မင်းဟန်[၁၂/စခန(နိုင်)၀၀၂၆၇၇] မှ တရားဝင်ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပြီး အရှုပ်အရှင်း၊ အပေါင်အနှံကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်ခိုင် [၇/မညန(နိုင်)၀၅၀၂၅၈]မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသောရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုန်းမြင့်(ငါးသိုင်းချောင်း-Japan)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၄၈/၁၃-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph:09-799933939,09-789877799,09-777797911**

## ဒေါ်သွယ်ထားစံ [၁၂/ဒဂမ(နိုင်)၀၂၃၆၂၅] နှင့် သက်ဆိုင်သူများ အများသိစေရန်အသိပေးကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထက်ခိုင်ဇင် [၁၂/ဒဂမ(နိုင်)၀၁၁၉၃၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြော်ငြာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထက်ခိုင်ဇင်နှင့် ဒေါ်သွယ်ထားစံတို့မှာ လုပ်ငန်းခွင်၌သာ တွေ့ဆုံခင်မင်ခဲ့ခြင်းဖြစ်ပါသည်။ ဒေါ်သွယ်ထားစံ၏ အခြားငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း တစ်စုံတစ်ရာပတ်သက်ခဲ့ခြင်းလုံးဝမရှိခဲ့ပါ။

ဒေါ်သွယ်ထားစံမှာ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထက်ခိုင်ဇင်အား (၂၇-၇-၂၀၂၁)ရက်တွင် လူမှုကွန်ရက် Facebook Account ပေါ်တွင် အခြားငွေရေးကြေးရေးများနှင့်ပတ်သက်၍ ဒေါ်ထက်ခိုင်ဇင်၏ ဓာတ်ပုံနှင့်တကွ ဖော်ပြခဲ့သည်ကို ကျွန်ုပ်အနေဖြင့်သိရှိရပါသည်။ ထိုသို့ ကျွန်ုပ်မိတ်ဆွေအား မဟုတ်မမှန် ရေးသားဖော်ပြခြင်းမှာ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကျဆင်းစေ^ရန် တမင်ရည်ရွယ်ချက်ရှိရှိဖြင့် ဖော်ပြရေးသားနေသည်များကို တွေ့ရပါသည်။ ထို့ကြောင့် ဒေါ်သွယ်ထားစံမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရေးသားဖော်ပြချက်မှာ ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာကိုများစွာ ထိခိုက်နစ်နာစေပါသည်။ ယင်းကဲ့သို့ အပြုအမူများကို ရပ်တန်းကရပ်ရန်နှင့် မရပ်ဘဲ မဟုတ်မမှန်ဆက်လက်ဖော်ပြရေးသားနေမည်ဆိုပါက တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ တည်ဆဲဥပဒေများနှင့်အညီ ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်မမခိုင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၇၀၇)**
**အမှတ်(၅၆၅)၊ (ပ) ထပ်၊ အခန်း(G-5)၊ ကုန်သည်လမ်းနှင့်ဘားလမ်းထောင့်၊ MAC တာဝါ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉- ၂၅၄၁၈၁၃၆၂**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါပြောင်းလဲဖွင့်လှစ်ခြင်းနှင့်ဖျက်သိမ်းခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှ ၁၆-၈-၂၀၂၁ရက်တွင် (ဓာတ်ဆီ) ၂,၀၀၀,၀၀၀ ဂါလန်(ဂါလန်နှစ်သန်းတိတိ)နှင့် (စီဂျီအို) ၅၀၀,၀၀၀ ဂါလန်(ဂါလန်ငါးသိန်းတိတိ)တို့ကို ရောင်းချမည့်တင်ဒါအား ၂-၉-၂၀၂၁ရက်သို့လည်းကောင်း၊ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)နှင့် အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)တို့မှ တစ်ကြိမ်လျှင်ယူရီးယား တန်(၃၀၀၀)စီဖြင့် ၁၉-၈-၂၀၂၁ရက်တွင် ခေါ်ယူရောင်းချမည့် တင်ဒါများအား ၁၆-၉-၂၀၂၁ရက်သို့လည်းကောင်း၊ Covid-19 ကပ်ရောဂါအခြေအနေကြောင့် ပြောင်းလဲဖွင့်လှစ်ခေါ်ယူမည်ဖြစ်ပါသည်။

၂။ အမှတ်(၅)ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)မှ ၁၂-၈-၂၀၂၁ရက်တွင် တင်ဒါခေါ်ယူရောင်းချမည့် ယူရီးယား တန် (၃၀၀၀)တင်ဒါအား ဖျက်သိမ်းမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၃။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား (၁)လကြိုတင်၍ ဤလုပ်ငန်းရုံးချုပ်(ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## နယ်စပ်ရေးရာဝန်ကြီးဌာန
## နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ တင်သွင်းရန်နောက်ဆုံးနေ့ရက်အား ပြောင်းလဲသတ်မှတ်ကြောင်းကြေညာခြင်း

၁။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက်(80/100) အမျိုးအစား ကတ္တရာ ၆၀၀ တန်နှင့် 90W Solar ၁၅၀၀ စုံအားဝယ်ယူရန်အတွက်(၁၅-၇-၂၀၂၁)ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာနှင့် (၁၆-၇-၂၀၂၁)ရက်နေ့တွင် ကြေးမုံသတင်းစာတို့၌ ကြော်ငြာခဲ့ပြီး (၁၆-၇-၂၀၂၁)ရက်နေ့မှ စတင်အဆိုပြုလွှာများ ရောင်းချပြီး (၁၃-၈-၂၀၂၁)ရက်နေ့တွင် လျှောက်လွှာတင်သွင်းခြင်းအား ပိတ်သိမ်းမည်ဖြစ်ကြောင်း ကြော်ငြာခေါ်ယူခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါတွင် ကမ္ဘာတစ်ဝန်းလတ်တလောဖြစ်ပွားနေသော အသက်ရှူလမ်းကြောင်းဆိုင်ရာ Coronavirus Disease 2019(COVID-19) ရောဂါကြောင့် ခရီးသွားလာမှုကန့်သတ်ချက်များရှိနေသဖြင့် တင်ဒါအဆိုပြုလွှာများတင်သွင်းရန် ပိတ်သိမ်းရက်အား မူလသတ်မှတ်ထားသည့်(၁၃-၈-၂၀၂၁)ရက်နေ့အစား (၂၀-၈-၂၀၂၁)ရက်နေ့ (၁၆:၀၀) နာရီထိ ပြောင်းလဲသတ်မှတ်လိုက်ပါသည်။

၃။ တင်ဒါဖွင့်လှစ်မည့်ရက်အား သီးခြားထုတ်ပြန်ကြေညာပေးသွားမည် ဖြစ်ကြောင်းနှင့် COVID-19 စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တင်ဒါဖွင့်ပွဲအား ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

**တင်ဒါကော်မတီ**
**နယ်စပ်ရေးရာဝန်ကြီးဌာန**
**ရုံးအမှတ်(၄၂)၊ နေပြည်တော်**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း၌ တက်ရောက်ကုသကြသည့် လူနာများအား ကုသပေးရန်အတွက် လိုအပ်သည့် အောက်ဖော်ပြပါတို့အား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါ ခေါ်ယူအပ်ပါသည်-

(က) အောက်စီဂျင်
(ခ) ဓာတ်ခွဲခန်းသုံး ဆေးပစ္စည်းများ
(ဂ) ဓာတ်မှန်ဖလင်များနှင့် ဆေးရည်များ
(ဃ) ဆေးရုံသုံးပစ္စည်းများ(Consumables)

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
စတင်ရောင်းချမည့်ရက် - ၁၁-၈-၂၀၂၁ ရက် (ဗုဒ္ဓဟူးနေ့)
တင်ဒါပိတ်မည့်ရက် - ၃၁-၈-၂၀၂၁ ရက် (အင်္ဂါနေ့)

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်အနောက်ပိုင်း**
**ဖုန်း- ၀၁ -၂၂၂၈၆၁**
**၀၁ -၂၂၀၄၁၆**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ၁၁-ရပ်ကွက်၊ ကံဘဲ့ဘုတာရုံလမ်း၊ အမှတ်(၂၈)ပေါ်တွင်ဆောက်လုပ်ထားသည့် (KANBAE TOWERS)၊ TOWER(E)၊ Level(19)၊ Unit No.(01)အကျယ်(၁၀၃၅. ၈၁sq/ft)ရှိကွန်ဒိုတိုက်ခန်းနှင့်တကွအကျိုးခံစားခွင့်အရပ်ရပ်တို့အားတရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးထင်အောင်လင်း (၅/ရဥန(နိုင်)၀၀၀၈၃၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍အဆိုပါတိုက်ခန်းနှင့်တိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်နန်းဆင့်ဆင့်ထွန်း( LL.B ) | ဒေါ်မိုးမိုးအေး ( LL.B ) |
| D.B.L,D.M.L | D.B.L,D.M.L,D.I.L |
| | WIPO,DL-101 Switzerland |
| (စဉ်-၁၂၆၃၉) | (စဉ်-၈၅၅၈) |

(တရားလွှတ်တော်ရှေ့နေများ)
အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ဖုန်း-၀၉-၄၂၅၃၃၈၂၇၀)

## အထူးကျေးဇူးတင်ရှိခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး**

**ဦးမြင့်သိန်း**

**အသက်(၈၃)နှစ်**

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန**

**(ကြည်း-၁၀၄၀၈)၊ OTS(31)**

၁၆-၇-၂၀၂၁ရက်တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသည်။ အာရှတော်ဝင်ဆေးရုံကြီးတွင် အမှုကြီးရောဂါဖြင့် တစ်လကျော်တက်ရောက်ကုသစဉ်တွင် အထူးကြပ်မတ်ကုသပေးသော သမားတော်ကြီး ဦးအောင်ကျော်ဝင်းအမှူးပြုသော ခွဲစိတ်သမားတော်ကြီး၊ အရုလမ်းကြောင်းဆိုင်ရာသမားတော်ကြီး၊ ဆီးရောဂါဆိုင်ရာသမားတော်ကြီး၊ မေ့ဆေးဆရာဝန်ကြီး စသော သမားတော်ပါမောက္ခကြီး (၆)ဦးနှင့် တာဝန်ကျဆရာဝန်၊ ဆရာမများ၊ သူနာပြုအကူများ အားလည်းကောင်း၊ ဆေးရုံသို့လာရောက် မေးမြန်းအားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ Facebook မှအားပေးကြသော စင်ကာပူနိုင်ငံရောက် သားချင်းများ၊ (၄၉)လမ်းမှ တူ၊ တူမများ ကွယ်လွန်ပြီးချိန်တွင် ဝမ်းနည်းကြောင်း သတင်းပါးကြသော မိခင်ဌာနဝန်ထမ်းရွေးချယ်ရေးအဖွဲ့မှ ညွှန်ချုပ်နှင့် ဝန်ထမ်းများ နေပြည်တော်ရုံးအဖွဲ့မှ ဝန်ထမ်းများ၊ ၂၂-၇-၂၀၂၁ရက်က ဦးဝိစာရအိမ်ရာ၌ ရက်လည်ဆွမ်းကျွေးကိစ္စများတွင် အစအဆုံးကူညီကြသူများ၊ ဝိုင်းဝန်းကြသော အိမ်နီးချင်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ တစ်လပြည့်ဆွမ်းကျွေးအလှူကို ၁၆-၈-၂၀၂၁ရက်တွင် ကျားကူးကျောင်းတိုက်၌ မိသားစုအစီအစဉ်ဖြင့် ဆွမ်းကျွေးတရားတော်နာယူပါမည်။

**ဒေါ်သီသီနွယ်နှင့်မိသားစု**

**သို့ လော င် ရုံ ငှား ရန် ရှိ သည်**

50' x 100'(R.C)

100' x 100' (R.C)

စက်မှုဇုန်(၂)။လှိုင်သာယာမြို့နယ်။

(နေရာအလွန်ကောင်း)

Ph : 09787200511

**မူး ယစ် ကို ပစ် ပယ် တိုင် သစ် စိတ် သစ် လူ သစ် ဘဝ သစ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ**

**ဦးနေထွန်းအောင် (ဦးစီးအရာရှိ-စက်မှု)**

**အသက်(၅၇)နှစ်**

မကွေးမြို့၊ တည်ဆောက်ရေး(၈)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနေ ဦးနေထွန်းအောင်(ဦးစီးအရာရှိ-စက်မှု)သည် ၁၀-၈-၂၀၂၁ရက် နံနက် ၃:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းနှင့်မိသားစုများ**

**တည်ဆောက်ရေး(၈)၊ ဆည်/ရေဦးစီးဌာန**

**မကွေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း အလှူ့ဒါယိကာမကြီး**

**ဒေါ်နန်းချိုချိုပြုံး**

**အသက်(၅၆)နှစ်**

- အမျိုးဘာသာ သာသနာတော်အား တန်ဖိုးထားစောင့်ရှောက်သူ
- ဝေဒနာ ခံစားနေရချိန်တွင် စဉ်ဆက်မပြတ် တရားနှလုံးသွင်း၍ လူသားတို့အား မေ့ထွေးစာနာစွာ အပြုံးမပျက် ကူညီဆက်ဆံတတ်သူ အစ်မ ဒေါ်နန်းချိုချိုပြုံး ကွယ်လွန်အနိစ္စရောက်သွားခြင်းအတွက် ရန်ကုန်တိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တိုင်းဒေသကြီး အတွင်းရေးမှူး ဦးစိုးစိုးဇော်နှင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာဘုန်းမြင့်**

**မိသားစု**

## (၉-၈-၂၀၂၁)ရက် ကြေးမုံသတင်းစာပါ ဦးတင်လှိုင်ထွေး(စဉ်-၂၁၃၆/၈၁)၊ ဒေါ်ငုဝါဝင်း(စဉ်-၁၅၇၉၈) တရားလွှတ်တော်ရှေ့နေများ၏ ကြေညာချက်အပေါ် ပြန်လည်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဣန္ဒာသယလမ်း၊ အမှတ်(၇၉)တွင် နေထိုင်သည့် ဒေါ်ငွေငွေတင်[၁၂/မဂဒ(နိုင်)၀၉၂၃၆၃]၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးတားမြစ်နိုင်သည့် အခွင့်အရေးတစ်စုံတစ်ရာမရှိပါကြောင်း အောက်ဖော်ပြပါ အကြောင်းအရာအရ ပြန်၍ကြေညာအပ်ပါသည်-

၁။ (၉-၈-၂၀၂၁)ရက်နေ့ထုတ် ကြေးမုံသတင်းစာဖော်ပြချက်မှ သားသမီး(၃)ဦး၊ ဦးအေးမင်းဦး[၁၂/တမန(နိုင်)၁၀၀၆၆၄]၊ ဒေါ်ချမ်းဝင်းလဲ့ရည်[၁၂/တမန(နိုင်)၁၀၄၉၀၂]၊ ဒေါ်ပန်းယမုံဖူး[၁၂/တမန(နိုင်)၁၁၇၂၃၁]တို့သည် ၂၀၀၂ ခုနှစ်၊ လွန်ခဲ့သောနှစ်(၂၀)ကတည်းက ဖခင် ဦးသန်းအေးနှင့် မိခင် ဒေါ်ဂျယ်နီအေးတို့ "နှစ်ဦးသဘောတူကွာရှင်း" ပြီးနောက် မိခင်နှင့်အတူ လိုက်သွားပြီး ယနေ့အထိ မိခင်နှင့်အတူနေထိုင်သူများဖြစ်ပါသည်။ သားသမီး အမွေစုအဖြစ် ဖခင် ဦးသန်းအေးမှ အပြီးအပြတ်ပေးခဲ့ပြီးဖြစ်ပါသည်။

၂။ မိခင်နှင့်သာအတူနေထိုင်ပြီး ဖခင်ရှိရာသို့ သားသမီးပြုဖွယ်ရာဝတ္တရားကိစ္စများ သွားရောက်ဆောင်ရွက်ပေးခဲ့ခြင်းအလျဉ်းမရှိပါ။ ဖခင်နာမကျန်းဖြစ်ချိန်တွင်လည်းကောင်း၊ ဖခင်၏ ဈာပနကိစ္စအဝဝကိုလည်းကောင်း၊ ရက်လည်ဆွမ်းကျွေးတရားနာသည့်အချိန်တွင်လည်း ဆွမ်းကပ်ရေစက်ချခြင်းကိစ္စရပ်အားလည်း ပြုလုပ်ဆောင်ရွက်ခြင်းမရှိခဲ့ပါ။

၃။ ဦးသန်းအေး မကျန်းမမာဖြစ်စဉ် သားသမီးများလာရောက်ခြင်းမရှိဘဲ ဇနီး ဒေါ်ငွေငွေတင်မှ ပြုစုစောင့်ရှောက်ပြီး ၎င်း၏လက်ပေါ်တွင် အသက်ဆုံးသွားခြင်းဖြစ်ပါသည်။

၄။ (၉-၈-၂၀၂၁)ရက်စွဲဖြင့် ကြေးမုံသတင်းစာတွင် ဖော်ပြသော အဆိုပါပစ္စည်းများသည် ဦးသန်းအေးနှင့် ဒေါ်ငွေငွေတင်တို့၏ လွန်ခဲ့သောနှစ် (၂၀)ကတည်းက လက်ထက်ပွားပစ္စည်းများဖြစ်ပြီး အဆိုပါပစ္စည်းများသည် ဒေါ်ငွေငွေတင်၏ လက်ဝယ်တွင်သာရှိပါသည်။

၅။ ဖခင်ဖြစ်သူ ကွယ်လွန်သည့်အခါမှ မိခင်နှင့်ယနေ့အထိ အတူနေထိုင်ပြီး ဖခင်အား သားသမီးပြုဖွယ်ရာကိစ္စဆောင်ရွက်ခဲ့ခြင်းမရှိခဲ့သူ ဖခင်ထံမှ အပြီးအပြတ် အမွေစုကို ရယူပြီးသည့် သားသမီး(၃)ဦးတို့မှ (၉-၈-၂၀၂၁)ရက်တွင် ဦးသန်းအေးနှင့် ဒေါ်ငွေငွေတင်တို့၏ လက်ထက်ပွားပစ္စည်းများအား သားသမီး(၃)ဦးတို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ ဆောင်ရွက်၍မရပါကြောင်း သတိပေးတားမြစ်ခြင်းကြေညာချက်ကို ကြေညာပိုင်ခွင့်မရှိကြောင်းကို ပြန်၍ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ (ဦးသန်းအေး)၏ဇနီး ဒေါ်ငွေငွေတင်မှလည်း ဥပဒေနှင့်အညီ ဆက်လက်၍ ရင်ဆိုင်ဖြေရှင်းမည်ဖြစ်ပါကြောင်း.....

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စိုးစိုးနွဲ့(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၂၆)**

**(၁၃၄/၇)၊ မီးဒုံး(၃)လမ်း၊ (၂၉)ရပ်ကွက်၊ (သုဝဏ္ဏ)၊ သင်္ဃန်းကျွန်းမြို့နယ်၊**

**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၈၈၃၄၃၈၆**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီး အောင်ဇော်လတ်(ငြိမ်း)**

**ဒုညွှန်မှူး(ငြိမ်း) မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်**

**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အိမ်အမှတ်(၁၂၃)နေ ဒေါ်ခင်ညွှန့်ဝေ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီး အောင်ဇော်လတ် (ငြိမ်း)သည် ၃၁-၇-၂၀၂၁ ရက် နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။ သူငယ်ချင်း ကောင်းမွန်သော ဘုံဘဝမှာ အေးချမ်းစွာ နားနေနိုင်ပါစေ။

**OTS(74) ကျောင်းဆင်းအရာရှိများနှင့် ဇနီးများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးညီညီမောင်**

**(ဒါရိုက်တာ)**

**ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း လီမိတက်**

**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံ/မြောက်ပိုင်း၊ (၃၅)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်-၁၀၅၆နေ ဦးညီညီမောင်(ဒါရိုက်တာ)၊ ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းလီမိတက်)သည် ၈-၈-၂၀၂၁ (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းလီမိတက်အနေဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်းလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးညီညီမောင်**

**(တွဲဖက်အတွင်းရေးမှူး)**

**ရခိုင်လုပ်ငန်းရှင်များအသင်း**

**အသက်(၄၃)နှစ်**

ရန်ကုန်မြို့၊ ဒဂုံ/မြောက်ပိုင်း၊ (၃၅)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ်-၁၀၅၆နေ ဦးညီညီမောင်(တွဲဖက်အတွင်းရေးမှူး၊ ရခိုင်လုပ်ငန်းရှင်များအသင်း)သည် ၈-၈-၂၀၂၁ (တနင်္ဂနွေနေ့) ညနေ ၄:၄၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ရခိုင်လုပ်ငန်းရှင်များအသင်းအနေဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**ရခိုင်လုပ်ငန်းရှင်များအသင်း**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ တကောင်း(၅)လမ်း၊ အမှတ် (၄၈၅)နေ ကျွန်ုပ်မ ဒေါ်သီတာဝါ၏သမီးဖြစ်သူ မမိုးဖြူစင် [၁၂/ဥကတ(နိုင်)၁၈၆၃၈၇]သည် (၂၇-၁၁-၂၀၂၀)ရက်တွင် မိမိဆန္ဒအလျောက်ပြုမူသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**မိခင်-ဒေါ်သီတာဝါ**

**[၁၂/ဥကတ(နိုင်)၁၈၆၃၇၈]**

**အမှတ် (၄၈၅)၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃)ရပ်ကွက်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင် Time Square အိမ်ရာ၊ ၂၄-ခန်းတွဲ(၁၄)ထပ်တိုက်၊ တိုက်အမှတ်-C.2၊ အခန်းအမှတ်-A/1301၊ (၁၃)ထပ်၊ ဧရိယာ(၆၅၀)စတုရန်းပေအကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းနှင့်ယင်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ်(Owner Book)တွင် အမည်ပေါက် ဒေါ်ကျင်ထွေး [၁၂/မဂတ(နိုင်)၀၇၃၂၈၃]မှ တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုကာ အပြီးအပိုင်လက်ရောက်ရောင်းချလိုကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇော်မြင့်နိုင်** | **ဒေါ်အေးသူဇာ** |
| **LL.B** | **LL.B,D.B.L,D.I.L** |
| **(စဉ်-၁၂၈၂၁)** | **(စဉ်-၁၂၈၇၉)** |

**တရားလွှတ်တော်ရှေ့နေများ**

**ဖုန်း-၀၉-၄၂၁၀၃၉၀၃၈၊ ၀၉-၄၂၀၀၄၉၀၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၆)၊ လှိုင်မေတ္တာလမ်း၊ မြေကွက်အမှတ်-၂၂၃(က) ဦးစောအမည်ပေါက် ပါမစ်မြေ အမျိုးအစား ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်များအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခင်မျိုးခိုင်[၁၂/လမန(နိုင်)၁၁၅၇၁၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန္တာအောင်**

**အထက်တန်းရှေ့နေ(စဉ်-၄၅၀၅၈/၁၄)**

**အမှတ်-၆၅၅(က)၊ ၈၂/၃၄(၁၀)ရပ်ကွက်၊ မြခေမာပန်းခြံ(၁)လမ်း၊**

**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-09-451272495, 09-769366517**

## ဦးဇော်နိုင်ဦး

**Chief Engineer**

**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ အမှတ်(၁၀၁)၊ စိန်ပန်းပြာလမ်း၊ (၂၉)ရပ်ကွက်နေ ဦးတင်လှ-ဒေါ်ခင်ခင်အေး(လေးမျက်နှာမြို့)တို့၏သား၊ ဒေါ်စန်းစန်းနွယ်၏ခင်ပွန်း၊ ဦးဥက္ကာဇော်နိုင်၊ သူရိန်ဇော်နိုင်တို့၏ ဖခင်ဖြစ်သူ ဦးဇော်နိုင်ဦးသည် ၁၀-၈-၂၀၂၁ရက် နံနက် ၉:၂၂ နာရီတွင် နေအိမ်၌ ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၁၂-၈-၂၀၂၁ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်နီလာလှ**

**အသက်(၈၄)နှစ်**

ဦးမျိုးသန့်-ဒေါ်ရတနာမော်တို့၏ ချစ်လှစွာသောမွေးသမိခင် ဒေါ်နီလာလှ အသက်(၈၄)နှစ်သည် ၇-၈-၂၀၂၁ (စနေနေ့) နံနက် ၆:၀၃ နာရီတွင် ကန်သာယာလမ်းသွယ်(၆)၊ KTA(50) FMI City နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**SEA HARMONY CO.,LTD မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးအေးကြိုင်**

**[လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း]**

**အသက်(၈၂)နှစ်**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ ဦးအောင်ကျော်မိုး(ညွှန်ကြားရေးမှူး)-ဒေါ်စုနှင်းအောင်တို့၏ ဖခင်ဖြစ်သူ ဦးအေးကြိုင်သည် ၉-၈-၂၀၂၁ (တနင်္လာနေ့) ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အဆောက်အဦ/လမ်း/တံတား/ကျေးလက်လမ်း**

**ငွေစာရင်းမိသားစု**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စီစီလှိုင်**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ခပေါင်းလမ်း၊ ခပေါင်းကွန်ဒို၊ အခန်း(၂-ဘီ)နေ ဦးအောင်ကြည်ဦး(အုပ်ချုပ်မှုဒါရိုက်တာ၊ မြန်မာလီဝေဝေ စားသောက်ကုန်လုပ်ငန်းလီမိတက်) ၏ ချစ်လှစွာသောဇနီး ဒေါ်စီစီလှိုင်သည် ၇-၈-၂၀၂၁ (စနေနေ့) ည ၉:၁၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ကြီး-ဒေါ်ဝင်းမေအောင်**

**မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်စန်းစန်း**

**အသက်(၆၁)နှစ်**

ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ်(၇၂)မှ ဗိုလ်မှူးမျိုးတင့်အေး(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ သား၊သမီးသုံးယောက်တို့၏ ကျေးဇူးရှင်မိခင်ဖြစ်သူ ဒေါ်စန်းစန်း အသက်(၆၁)နှစ်သည် ၈-၈-၂၀၂၁ရက် နံနက် ၂ နာရီတွင် အောင်ပန်းဆေးရုံ(ခုတင်-၁၀၀)၌ ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ်(၇၂)မှ သူငယ်ချင်းမိသားစုများ**

## အများသိစေရန်ကြေညာခြင်း

ဦးမင်းထွဋ် [၁၃/ကလန(နိုင်)၀၄၈၈၇၇]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းထွဋ်သည် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်-၁၀၁၃ ဟုခေါ်တွင်သော နေအိမ်နှင့်ယင်းအိမ်တည်ရှိရာ အလျား (၄၃.၆)'x အနံ-အရှေ့(၁၀.၃)'၊ အနောက်(၁၃)' ရှိသော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၁-၁-၂၀၂၀)ရက်နေ့စွဲပါ နှစ်ဦးသဘောတူမြေနေရာ(နေအိမ်အပါအဝင်)ကို အပြီးအပိုင်ရောင်းချသည့် အရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုကြေညာသူ ဦးဝင်းအောင် [၉/မနမ(နိုင်)၀၉၄၀၄၃]နှင့် ဒေါ်ရွှေဆာ [၉/မနမ(နိုင်) ၀၉၂၁၁၂]တို့ထံမှ ဝယ်ယူပြီး ပိုင်ဆိုင်မှု အဆက်ဆက် စာရွက်စာတမ်းများနှင့် အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းကို လက်ဝယ်ရရှိခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်၍ အထက်ပါနေအိမ်နှင့်မြေနေရာတို့အား ဦးမင်းထွဋ်၏ သဘောတူခွင့်ပြုချက်မရှိဘဲ မည်သည့်နည်းဖြင့်မဆို လွှဲပြောင်းခြင်း မပြုလုပ်ရန် သတိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မြင့်မြင့်ဆွေ**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၈၉)**

**အမှတ်-၅၅၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**

**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၀၄၅၄၈၃**

## ဒေါ်စီစီညွန့် (ခ) ဒေါ်လူစီ

(ထားဝယ်မြို့)

### အသက် (၈၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၄/ခ-၂)၊ အခန်း(၁/က)နေ (ဦးတင်ညွန့်)၏ဇနီး၊ ဦးထွန်းဝင်း၊ (ဦးသီဟ)၊ ဦးထွန်းထွန်း၊ (ဦးဝင်းညွန့်)၊ ဒေါ်သူဇာညွန့်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးလေးယောက်တို့၏အဘွားသည် ၁၀-၈-၂၀၂၂ (အင်္ဂါနေ့) နံနက် ၄ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိမိတ်ဆွေ၊ ဆွေမျိုးသားချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးကျော်မြင့်

အ.ထ.က(၁) ရန်ကင်း၊ အ.ထ.က(၂) တာမွေ

### အသက်(၈၅)နှစ်

ဒါးပိန်မြို့နေ (ဦးတင်-ဒေါ်ချစ်-ဒေါ်သန်းစိန်)တို့၏ သား၊ (ဦးအောင်ကြီး)၏ညီ၊ ဒေါ်အေးရီ၊ ဦးကြီးမြင့်၊ ဦးစိုးမြင့်တို့၏အစ်ကို၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ကျောက်မြောင်း၊ အမှတ်(၆၄)၊ ဓမ္မစိန္တာလမ်းနေ ဒေါ်ခင်သိန်း(ရုံးအုပ်၊ လဝက-ငြိမ်း)၏ ခင်ပွန်း၊ ဒေါ်ခိုင်သန္တာကျော်၊ ဒေါ်ခင်သီတာကျော်-ဦးအောင်ဇော်မင်းတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၉-၈-၂၀၂၂ ရက် နံနက် ၁:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးစိုးအောင်(B.Sc. Physics)

### အသက် (၇၂)နှစ်

တက္ကသိုလ်ရိပ်သာလမ်းနေ (ဦးစိန်လင်း-ဒေါ်လှစိန်)တို့၏ ဒုတိယမြောက်သား၊ (ဦးသိန်းစိုး)-ဒေါ်စွမ်တီတို့၏ ညီ/မောင်၊ Dr.ကျော်သိန်း၊ ဦးမိုးမြင့်-(Dr.ဥမ္မာမိုးမြင့်)တို့၏အစ်ကို၊ ဒေါ်လီလီဟန်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ဇော်လင်း၊ ဒေါ်ယုလှဲ့အောင်တို့၏ ချစ်လှစွာသောဖခင်၊ Amara Lin၊ Zara Lin တို့၏ အဘိုး၊ တူ/တူမ ခြောက်ယောက်တို့၏ ဦးလေး/ဘကြီးသည် ၂-၈-၂၀၂၂ (တနင်္လာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်အသင်း(ရန်ကုန်မြို့)အသင်းဥက္ကဋ္ဌ

## ဦးစန်းမြင့်(Chief Engineer)

မြန်မာ့ကြယ်ငါးပွင့်(ငြိမ်း)

### အသက်(၈၀)

ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊ မိချောင်းကန်အပိုင်း(၂)၊ သီရိရတနာရိပ်သာ၊ မေတ္တာလမ်း၊ အမှတ်(၄၉)နေ ဒေါ်မြညွန့်(ညွန့်ရေခဲသေတ္တာရောင်းဝယ်ရေး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စွာမြင့်(ဇော်မွမွလေး ရေခဲထုပ်ဖျော်ရည်လုပ်ငန်း)၊ ဒေါ်ယုယုခိုင်၊ ဦးမိုးဇော်မြင့်-ဒေါ်မေဦးတို့၏ ကျေးဇူးရှင်ဖခင်၊ မောင်စွမ်းထက်ဇော်၏ ဘိုးဘိုးကြီး ဦးစန်းမြင့်သည် ၂-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ပါမောက္ခ ဒေါက်တာဦးလှငွေး

ပါမောက္ခ/ဌာနမှူး(ငြိမ်း)

စိတ်ကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်

### အသက်(၇၈)နှစ်

(ဦးထွန်းပွင့်-ဒေါ်မြမေ)တို့၏ သား၊ (ဦးအောင်သိန်း-ဒေါ်သန်းမြိုင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ ကန်လမ်း၊ လှိုင်မြင်းမိုရ်အိမ်ရာ၊ တိုက်(၇)၊ အခန်း(၂၃)နေ ဒေါက်တာဒေါ်ခင်သန်းစိန်၏ ချစ်လှစွာသောခင်ပွန်း၊ တွဲဖက်ပါမောက္ခဒေါက်တာဒေါ်လှဲ့လှဲ့ငွေး (အရိုးအကြောအဆစ်ဆေးပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ ဦးမြတ်မင်းငွေး [Civil Engineer (Design), AFRY Switzerland]-ဒေါ်ခင်စန်းဝေတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်မြတ်ဘုန်းသန့်၏အဘိုး ပါမောက္ခ ဒေါက်တာဦးလှငွေးသည် ၉-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၈:၃၈ နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး၊ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးတင်ရွှေ

### အသက် (၇၆)နှစ်

အမှတ်(၁၅၁)၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ တောင်ပိုင်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်မြခင်၏ခင်ပွန်း၊ မမြင့်မြင့်သန်း၊ မမြင့်မြင့်သိန်း၊ မမြင့်မြင့်ထွေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးတင်ရွှေသည် ၂-၈-၂၀၂၂ ရက် နံနက် ၁၀:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးမျိုးဇော်

### အသက်(၇၂)နှစ်

ရန်ကုန်မြို့နေ (ဦးကျော်သီ-ဒေါ်နှင်းစင်)တို့၏သား၊ (ဦးမောင်မောင်ညွန့်-ဒေါ်အမာ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၄၉)၊ အင်ကြင်းမြိုင်လမ်း၊ သုဝဏ္ဏနေ (ဒေါ်ခင်ခင်ဦး)၏ခင်ပွန်း၊ မငြိမ်းငြိမ်းအောင်၏ဖခင် ဦးမျိုးဇော်သည် ၃၀-၇-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## မူးယစ်ကို ပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဒုတိယဗိုလ်မှူးကြီး အောင်ကျော်စန်း(ငြိမ်း)

ကြည်း-၈၃၇၃

### အသက်(၈၈)နှစ်

ရန်ကုန်မြို့နေ ဘုရား၊ ရဟန်၊ ကျောင်း ဒါယကာကြီး [ဒုတိယဗိုလ်မှူးကြီး အောင်ကျော်စန်း(ငြိမ်း)၊ စစ်တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီးနှင့် နည်းပြမှူးချုပ်(ငြိမ်း)၊ ရန်ကုန်တိုင်း တဝတ အတွင်းရေးမှူး(ငြိမ်း)] သည် ၁၀--၈-၂၀၂၂ ရက် နံနက် ၁:၁၅ နာရီတွင် မော်ဘီတပ်မတော်ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးကျော်မင်းဦး

သစ်တောဦးစီးအရာရှိ(ငြိမ်း)

### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၇၆)၊ မင်းလမ်း၊ သုံးလွှာ(ခြေရင်းခန်း)နေ (ဦးထွန်းနိုင်-ဒေါ်တင်နွယ်ဦး)တို့၏ သားကြီး၊ [ဒေါ်ခင်စောမြ (အ.လ.ပြ-ငြိမ်း)]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်ကျော်ဖုံ-ဒေါ်ဟန်နီရွှေး၊ ဦးမြတ်ဖြိုးအောင်၊ ဦးကောင်းမြတ်သူတို့၏ ချစ်လှစွာသောဖခင်သည် ၈-၈-၂၀၂၂ရက် နံနက် ၇:၀၅နာရီတွင် ၉၆ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်ဦး

### အသက်(၇၀)

ရန်ကုန်မြို့နေ (ဦးမောင်မောင်ညွန့်-ဒေါ်အမာ)တို့၏သမီး၊ (ဦးကျော်သီ-ဒေါ်နှင်းစင်)တို့၏ သမီးချွေးမ၊ အမှတ်(၄၉)၊ အင်ကြင်းမြိုင်လမ်း၊ သုဝဏ္ဏနေ (ဦးမျိုးဇော်)၏ဇနီး၊ မငြိမ်းငြိမ်းအောင်၏မိခင် ဒေါ်ခင်ခင်ဦးသည် ၈-၈-၂၀၂၂ ရက်တွင် ကွယ်လွန်သွားပါသဖြင့် သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်အုန်းမြင့်(ခ)မလေး

ရုံးအုပ်ကြီး

ဖူးကြီးရေပေးရေးစီမံကိန်း၊

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြေယာဌာန၊ ဈေးများဌာန (ငြိမ်း)

### အသက်(၆၈)နှစ်

ဆရာတော် ဦးကဝိဓဇ (မြိုင်)၏ အစ်မ၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ ဇောတိကလမ်း၊ အမှတ် (၅၁)၊ ပထမထပ်နေ (ဦးအောင်မြင့်)-ဒေါ်စောသိန်းတို့၏ ဒုတိယသမီး၊ ဒေါ်မြမြဦး၏ ညီမ၊ (ဦးကိုကိုဝင်း)-ဒေါ်သက်သက်မွန်၊ ဦးစိုးလှိုင်-ဒေါ်အေးအေးသန်း(မလတ်)၊ (ဦးဝင်းမြ)-ဒေါ်အေးအေးကျော်၊ ဦးကျော်ကျော်မိုး-ဒေါ်တိုးနှင်းခိုင်၊ ဦးအောင်အောင်မိုး-ဒေါ်ခင်ဆွေဝင်းတို့၏ အစ်မ၊ ကိုဆက်လူဝင်းမြ၊ ကိုမင်းညီဝင်းမြ၊ ကိုခဆု၊ မောင်မြတ်သူမောင်၊ မဝဿန်ဦး၊ မောင်ကောင်းဆက်တို့၏ ကြီးကြီးလေး (ကျေးကျေး) ဒေါ်ခင်အုန်းမြင့်သည် ၁၀-၈-၂၀၂၂ (အင်္ဂါနေ့) နံနက် ၅:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးလှဟန် (LL.B)

အမှတ်(၁) သတ္တုတွင်း

အ.ထ.က (၁) ဒဂုံကျောင်းသားဟောင်း

### အသက် (၆၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (၃)လမ်း၊ အမှတ်(၄၃)နေ (ဦးမြင့်ထွေး-ဒေါ်ရီ)တို့၏သား၊ ဦးထွန်းမြတ်ဦး-ဒေါ်မြကျင်၊ (ဒုရဲအုပ်သန်းဆွေ)-ဒေါ်ယဉ်ယဉ်ထွေး (မြို့နယ်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ အုတ်ဖိုမြို့)တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ မစိုးစန္ဒာမြင့်၏ ချစ်လှစွာသောဘကြီး၊ မအေးသန္တာဟန်၏ ချစ်လှစွာသောဖခင် ဦးလှဟန်သည် ၉-၈-၂၀၂၂ ရက် ညနေ ၃:၁၅ နာရီတွင် အကယ်ဒမီအထူးကုဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့ညနေ ၆ နာရီတွင် ရေဝေးသုသာန်၌ ပို့ဆောင်မီးသင်္ဂြိုဟ် ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်စီစီလှိုင်(ခ)မေဘယ်လ်တင်လှိုင်

B.Sc(Zoology)၁၉၇၈ ခုနှစ်

အလယ်တန်းပြဆရာမ(ငြိမ်း)

### အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ (ဦးတင်လှိုင်-ဒေါ်ဒေါ်ရသီ)တို့၏ သမီးလတ်၊ (ဦးသာဇံအောင်-ဒေါ်ကြည်ကြည်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ခပေါင်းလမ်း၊ ခပေါင်းကွန်ဒို၊ အခန်း (၂/ဘီ)နေ ဦးအောင်ကြည်ဦး (မန်နေးဂျင်းဒါရိုက်တာ၊ မြန်မာလီဝေဝေစားသောက်ကုန်လုပ်ငန်းလီမိတက်)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးကျော်သူရ-ဒေါ်ခိုင်ခိုင်ကြည်ဦးတို့၏ ကျေးဇူးရှင်မွေးသမိခင်၊ ယွန်းနဒီလှိုင်(ခ)Pinky ၏ ချစ်လှစွာသော မေမေကြီးသည် ၇-၈-၂၀၂၂ ရက် ည ၉:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၂၂ ရက် နံနက် ၁၀:၃၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းတင် [Director -Proven Technology Industry Co.,Ltd.(TOYO Battery)] အသက် (၇၇)နှစ်သည် ၇-၈-၂၀၂၂ (စနေနေ့) ညနေ ၄:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း ကြားသိရပါသဖြင့် Proven Group of Companies အနေဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ဦးဝင်းတင် ကောင်းမွန်မြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိစံစားခံစားနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**Shareholders နှင့် Board of Directors များ**

## ဦးအောင်မြင့်

လသာ(၁) ၁၉၇၈ ကျောင်းသားဟောင်း

YU Physics ၁၉၈၄ ကျောင်းသားဟောင်း

မြန်မာနိုင်ငံဗေဒင်ပညာရှင်များအသင်း

အပတ်စဉ်(၂၆)

### အသက်(၆၀)

(ဦးကျင်စွမ်-ဒေါ်ရှမ်းမ)၊ (ဦးခဲရှောင်-ဒေါ်ရင်)တို့၏ မြေးဦး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးစောလစ်ယုံ)-ဒေါ်အေးကြည်တို့၏ သားကြီး၊ ဦးနန်းဝင်း-ဒေါ်သီတာ၊ ဦးလှဝင်းအောင်-ဒေါ်ခင်ထွေးရီ၊ ဒေါ်စောနန်းထွေးတို့၏ အစ်ကိုကြီး၊ ဒေါ်ဥမ္မာ၏ ခင်ပွန်း၊ ကိုအောင်စည်ဖြိုးသိန်း၊ ဒေါက်တာကျော်မြင့်မြတ်သိန်း-မနန်းနွယ်နီအောင်၊ မဆုမြတ်အောင်လွင်၊ ဒေါက်တာ နေနေဝင်းတို့၏ဖခင် ဦးအောင်မြင့်သည် ၁၀-၈-၂၀၂၂(အင်္ဂါနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများကို အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး

## ဦးမင်းစံ

နာယက(ပေါ်ပြူလာပလတ်စတစ်လုပ်ငန်းစု)

Hotel POPULAR Myanmar, Summit Plastic

### အသက် (၉၂) နှစ်

ရန်ကုန်မြို့နေ ဦးကျင်ဦး (Chairman-POPULAR Group)-ဒေါ်ချောစုလွင် (Vice Chairman- POPULAR Group)တို့၏ ချစ်လှစွာသောဖခင်ကြီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ရေကန် ဒါယကာကြီး ဦးမင်းစံ အသက်(၉၂)နှစ်သည် ၁၈-၇-၂၀၂၂ (တနင်္ဂနွေနေ့) ည ၇:၃၀ နာရီတွင် ရန်ကုန်မြို့၌ (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Popular ရုံးခွဲ(ဟသ်ာတ)**

**POPULAR GROUP**

## ဦးမြင့်မောင်(ခ)ဦးစတား

**ကျောင်းဆရာ(ငြိမ်း)**

**ပျော်ဘွယ်တင်းနစ်အဖွဲ့ချုပ်နာယကကြီး**

### အသက် (၈၆)နှစ်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ မြို့မရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ ရွှေပန်းထိမ်ဆရာကြီး (ဦးသိန်းမောင်-ဒေါ်ခင်ငြိမ်း)တို့၏သား၊ အလယ်ကျွန်းကျေးရွာနေ (ဦးမြဒင်-ဒေါ်သိုင်းချို)တို့၏သားသမက်၊ (ဒေါ်သောင်း)၏ခင်ပွန်း၊ ကိုသန်းဆွေ (အကောက်ခွန်-ငြိမ်း)၊ ကိုသန်းငွေ၊ (မလှလှဝင်း)၊ ကိုအောင်ဝင်းဖေ၊ မအေးအေးမြင့်၊ ကိုသန်းမြင့်၊ ကိုကျော်ကျော်ဝင်း၊ ကိုရဲကျော်အောင်တို့၏ဖခင်၊ မြေး ၁၄ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၉-၈-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် အင်ကြင်းကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မြငွေ

**မူလတန်းပြ-ငြိမ်း၊ အ.မ.က(၉) စမ်းချောင်း**

### အသက် (၇၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ အမှတ်(၃၉)၊ ရန်ကင်းလမ်းနေ (ဦးချစ်-ဒေါ်ရီ)တို့၏သမီးထွေး၊ (ဦးစိန်မောင်-ဒေါ်အေးရင်)တို့၏သမီးချွေးမ၊ ဒေါက်တာဦးသာရ-ဒေါ်မြင့်မြင့်စိုးတို့၏ချစ်လှစွာသောညီမ၊ ဦးစိုးမြင့်(မန်နေဂျာ၊ အင်ဂျင်နီယာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း) ၏ချစ်ဇနီး၊ ဦးကျော်မိုးနိုင်မြင့်-ဒေါ်ထရေးဇာမု၊ ဒေါ်ခင်မိုးသူစိုး၊ ဦးပြည်စိုးနိုင်မြင့်၊ ဦးမျိုးမင်းထွန်းတို့၏ ချစ်လှစွာသောမိခင်၊ တူ/တူမ ခြောက်ယောက်တို့၏ အဒေါ်၊ မထက်ကေရီကျော်၊ မမြတ်ပေမာန်ကျော်တို့၏ ဘွားဘွားကြီးသည် ၆-၇-၂၀၂၂ (သောကြာနေ့) နံနက် ၉ နာရီတွင် ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၇-၇-၂၀၂၂ ရက်တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သိန်းသိန်းဦး

### အသက်(၆၉)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉-ဂ) ရပ်ကွက်၊ ဦးဘဝင်းလမ်း၊ အမှတ် (၅၃၂)နေ ဦးမြင့်စိန်၏ဇနီး၊ မညိမ်းဆုမိုး-ကိုဖေသီဟန်တို့၏ မိခင် ဒေါ်သိန်းသိန်းဦးသည် ၉-၈-၂၀၂၂ ရက် ညနေ ၆ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ၁၀-၈-၂၀၂၂ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်စန်းဝင်း

**မန်နေဂျာ(MICB)(ငြိမ်း)**

### အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်သိန်း-ဒေါ်ခင်ကြည်)တို့၏ သမီး၊ ဦးမျိုးတင့်၏ဇနီး၊ ဦးသက်လှိုင်-ဒေါ်ခိုင်ယမင်းတို့၏ မိခင် ဒေါ်ခင်စန်းဝင်းသည် ၈-၈-၂၀၂၂ (တနင်္ဂနွေနေ့) ညနေ ၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်ကို ၉-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် သန်လျင်မြို့၊ အမိုးနီသုသာန်၌ ကောင်းမွန်စွာ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသန်းလွင်(၄)

**လက်ထောက်အကောက်ခွန်မှူး(ငြိမ်း)**

**အကောက်ခွန်ဦးစီးဌာန**

### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ သီရိရတနာ (၃)လမ်း၊ (က/၉၄)နေ [ဦးသိန်းအောင်(အကောက်ခွန်ညွှန်ကြားရေးမှူး-ငြိမ်း-ဒေါ်ငွေ]တို့၏ သားသမက်၊ တောင်ငူမြို့နယ်နေ (ဦးမောင်လှ-ဒေါ်တင်အေး)တို့၏သား၊ ဦးဇေယျာသိန်း(တပ်ကြပ်ကြီး ခုတင်-၅၀၀၊ အမှတ်-၂၊ တပ်မတော်ဆေးရုံ-ရန်ကုန်)-ဒေါ်ဆွေဆွေသက်တို့၏အစ်ကို၊ ဦးတင်ဇော်လတ်-ဒေါ်ငြိမ်းအိလွင်၊ ဦးဇေယျာမင်း-ဒေါ်ခိုင်ဇာလွင်၊ ဒေါ်နေခြည်မိုးလွင်၊ ဦးမျိုးလှိုင်ဝင်း-ဒေါ်လွင်လွင်ဝတ်ရည်သန်းတို့၏ မွေးသဖခင်၊ မြေး လေးယောက်တို့၏အဘိုး၊ ဒေါ်မွှေးမွှေး၏ချစ်လှစွာသောခင်ပွန်း ဦးသန်းလွင်(၄)သည် ၂၅-၇-၂၀၂၂ (တနင်္ဂနွေနေ့) ၁၀:၄၇ နာရီတွင် (၉၆)ပါး ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၂၂ (တနင်္လာနေ့)တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရီရီ(ခ)ဒေါ်ခင်မေရီ(ခ)ဒေါ်ငုတ်ရီ

### အသက် (၉၁)နှစ်

မော်လမြိုင်မြို့နေ (ဦးမြရင်-ဒေါ်ထွဲရိမ်) တို့၏သမီး၊ (ဒေါ်အေးကြည်)၏ ညီမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂၈) ဦးဝိဇ္ဇာလမ်းနေ [ဦးအုန်းကြင်(ဒု/ညွှန်မှူး(ငြိမ်း)ဆလရ]၏ဇနီး၊ ဦးတင့်လွင်အုန်း-ဒေါ်ယမုန်ဝင်း၊ ဒေါက်တာဥမ္မာအုန်း (ပါမောက္ခ/ဌာနမှူး၊ သတ္တဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးကျော်စွာအုန်း-ဒေါ်အေးသက်မွန်တို့၏ ကျေးဇူးရှင်မွေးသမိခင်၊ မကေသူ၊ မမေသူ၊ မယွန်းမိုးသွန်း၊ မောင်ဟိဏ်းစွမ်းရည်တို့၏ဘွားဘွားကြီးသည် ၉-၈-၂၀၂၂ (တနင်္လာနေ့) နံနက် ၉ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁:၂၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်သန်း(ခ) ဒေါ်မော်လီမြင့်

**စက်မှု(၁)၊ စား/ကုန်(ငြိမ်း)**

### အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ (၆၈)လိပ်ကန်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးမြင့်-ဒေါ်ညွန့်)တို့၏ သမီး၊ (ဦးလှရွှေ-ဒေါ်လှလှဝင်း)တို့၏ သမီးချွေးမ၊ ဦးဇော်ဝင်း[CHIEF ENG; (F.G)]၏ချစ်လှစွာသောဇနီး၊ ဦးရဲမြတ်အောင်၊ ဦးအောင်စိုးမိုး-ဒေါက်တာယဉ်နွယ်အောင်၊ ဦးရဲမင်းအောင်-ဒေါ်မင်းမင်းမြတ်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မောင်စစ်လွင်၊ မမြင့်မြတ်ဝင်း၊ မောင်ကောင်းမြတ်ကျော်၊ မဆုလတ်မွန်တို့၏အဘွား ဒေါ်မြင့်မြင့်သန်းသည် ၉-၈-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁:၃၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်တင်လင်း

### အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁)ရပ်ကွက်၊ (၅၁)လမ်း၊ အလယ်ဘလောက်၊ အမှတ်(၁၁၂)၊ သုံးလွှာ(ဝဲ)နေ (ဦးအောင်ညွန့်)-ဒေါ်ရင်ရင်လှတို့၏ သမီးကြီး၊ (ကိုစံလင်း-ဒေါ်အုန်းကြိုင်)တို့၏ သမီးချွေးမ၊ (ဦးမြင့်ရွှေ)၏ ချစ်လှစွာသောဇနီး၊ ဒေါ်စန်းဦးလှိုင်-ဦးညီညီသိန်း၊ ဦးထွန်းတင့်ဇော်-ဒေါ်နွယ်နွယ်အောင်၊ ဦးထွန်းဝင်းဟန်၊ ဒေါ်နန္ဒာလင်းတို့၏ ချစ်လှစွာသောမိခင်၊ မအိချောစု၊ မယွေယမင်း၊ မောင်ယွေခေတ်တို့၏ ချစ်လှစွာသောအဘွားသည် ၉-၈-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးသောင်းဌေး

**ပြည်ကျော်ထူးရေယာဉ်**

**မအူပင်-အောက်တုံးကျေးရွာ**

### အသက်(၆၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ အောက်တုံးကျေးရွာနေ (ဦးစံတင့်-ဒေါ်တင်ထွေး)တို့၏ သား၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ အမှတ်(၃၁)၊ အောင်တံခွန်လမ်း၊ ဝါဆိုရပ်ကွက်နေ (ဦးရင်သိန်း)-ဒေါ်သန်းစိန်တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်ထွန်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုမင်းဇော်ဌေး-မတင်နီလာမျိုး၊ ကိုရန်နောင်စိုး-မမေဇင်ဌေး၊ မစုနန္ဒာဌေး၊ ကိုဝင်းလွင်ဌေးတို့၏ ချစ်လှစွာသောဖခင်၊ မောင်စစ်မင်းညီညီဌေး၊ မောင်မင်းဘုန်းခန့်တို့၏ ချစ်လှစွာသောအဘိုးသည် ၉-၈-၂၀၂၂ရက် ည ၉နာရီတွင် သန်လျင်ပြည်သူ့ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၂၂ ရက် မွန်းလွဲ ၁၂:၃၀နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူးပြီး ၁၅-၈-၂၀၂၂ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးသားချင်းများအား အသိပေး အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်မြင့်

### အသက်(၆၂)နှစ်

**Deputy General Manager (KBZ MS)**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ပုလဲလမ်းနေ (ဦးလှမြင့်-ဒေါ်သိန်းနွဲ့)တို့၏သား၊ (ဦးအုန်းစိန်- ဒေါ်သန်းမြ)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ (ဦးမြင့်စိုး)-ဒေါ်နီနီ၊ (ဒေါ်ညွန့်ညွန့်တင်)၊ ဦးအောင်ဝင်း-ဒေါ်နုနုတင်တို့၏ညီ/မောင်၊ (ဦးခင်မောင်မြင့်)-ဒေါ်စန္ဒာ၊ ဦးစိုးပိုင်-ဒေါ်မိုးမိုးတို့၏အစ်ကို၊ ရန်ကုန်မြို့၊ အမှတ်(၂၃၉)၊ (၁၂)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်မာချို၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမျိုးကိုကိုမောင်၊ ကိုမျိုးညီညီမောင်၊ ကိုအေးကျော်ညွန့်တို့၏ ချစ်လှစွာသော ဖခင်ကြီး၊ မောင်လင်းလွင်မောင်၏ ချစ်လှစွာသောအဘိုးသည် ၆-၈-၂၀၂၂ ရက် ညနေ ၆:၁၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၈-၂၀၂၂ ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၂၂(ကြာသပတေးနေ့)တွင် အမှတ်(၂၃၉)၊ (၁၂)လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**

**ဒု-ဗိုလ်မှူးကြီး ကိုလေး(ငြိမ်း)**

**OTS(၂၉)**

### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂၉/၃၇၂)နေ ဒေါ်ထားမြင့်၏ ခင်ပွန်း၊ (ဦးဘသင်-ဒေါ်စောလှဲ)တို့၏ သား၊ တာချီလိတ်မြို့နယ်၊ ဟောင်လိပ်ကျေးရွာနေ (ဦးဟိုဝမ်း-ဒေါ်ပါလျှန်)တို့၏ သားသမက်၊ (ဒု-ဗိုလ်မှူးကြီး စိန်လှ)၊ [အရာခံဗိုလ်ရန်နိုင်(ငြိမ်း)]၊ (ဦးအောင်မြင့်)တို့၏ညီ၊ ဒေါ်လှမြိုင်၏မောင်၊ (ဒေါ်မြမြသန်း)၊ ဒေါ်သန်းစိန်[စာရင်းစစ်မှူး(ငြိမ်း)]တို့၏ အစ်ကို၊ ဦးစိုးဝင်း၊ ဦးဝင်းကို၊ ဦးကျော်ထင်-ဒေါ်တင်တင်ကို၊ ဒေါ်သဇင်ကို၊ ဒေါ်နန္ဒာကိုတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသဖခင်ကြီး၊ မရည်မွန်ဦး၊ မောင်ဝေလင်းတို့၏ ဘိုးဘိုးကြီးသည် ၉-၈-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၂:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄:၄၅ နာရီတွင် ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ သိမ်၊ တန်ဆောင်း ဒါယကာကြီး**

## ဦးအုန်းမြင့် (LL.B) (ကျိုက်လတ်မြို့)

**တရားလွှတ်တော်ရှေ့နေ**

### အသက်(၆၉)နှစ်

ကျိုက်လတ်မြို့၊ အမှတ်(၁၈)၊ (၄)လမ်းနေ (ဦးဝက်စီ-ဒေါ်မမလေး)တို့၏ သား၊ အမှတ်(၁၀၀၁/ခ)၊ ဇဋ္ဌိလ (၁)လမ်း၊ (၁၆/၁)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်သန်းသန်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဝေမာအောင် (တွဲဖက်မြို့နယ်တရားသူကြီး၊ ခေတ္တ-ဂျပန်)၊ မောင်ဇင်ကိုခန့်(3rd year Law)တို့၏ ချစ်လှစွာသောဖခင် ဦးအုန်းမြင့်သည် ၁၀- ၈-၂၀၂၂ ရက် နံနက် ၃နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပြီးဖြစ်ပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးအောင်ထူး

**ညွှန်ကြားရေးမှူး(ငြိမ်း)**

### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဒေါ်လွင်လွင်ကြည်၏ ခင်ပွန်းဖြစ်သူ ဦးအောင်ထူးသည် ၉-၈-၂၀၂၂ ရက်(တနင်္လာနေ့) နံနက် ၆:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်သန်းသင်းနှင့် ဝန်ထမ်းမိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်(ငြိမ်း)သည် ၁၁-၇-၂၀၂၂ ရက်နေ့တွင် လည်းကောင်း၊ သူငယ်ချင်း ဗိုလ်ကြီးခင်မောင်စိုး (ရေ/ငြိမ်း)သည် ၁-၈-၂၀၂၂ ရက်နေ့တွင် လည်းကောင်း၊ သူငယ်ချင်း ဗိုလ်မှူးအောင်စိုး(ငြိမ်း)၏ဇနီး ဒေါ်ခင်ခင်ဌေးသည် ၁-၈-၂၀၂၂ ရက်နေ့တွင် လည်းကောင်း၊ သူငယ်ချင်း ဗိုလ်မှူးအောင်သန်း(ငြိမ်း)၏ဇနီး ဒေါ်ခင်နွယ်အေးသည် ၈-၈-၂၀၂၂ ရက်နေ့တွင် လည်းကောင်း မမျှော်လင့်ဘဲ ကွယ်လွန်သွားကြကြောင်း သိရသည့်အတွက် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ် (၁၆)မှ**

**သူငယ်ချင်းများနှင့် မိသားစုများ**

---

သင့်

သွေး

ဖြင့်

အသက်

ကယ်ပါ

အဂတိ ပယ်ရှား

ပြည်သာယာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

### ကြေးမုံ ယနေ့ ဖတ်စရာ

**ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဆေးဝါးအတုများ၊ အရည်အသွေးမပြည့်မီသော စံမညီဆေးဝါးများ ရောင်းချခြင်းများအား ဥပဒေအရ ထိရောက်စွာ အရေးယူမည်**

စာမျက်နှာ » ၁၄

**ကိုဗစ်-၁၉ ကြောင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ ဆက်လက်လည်ပတ်နိုင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့သို့ ထည့်ဝင်ကြေးများ ပေးသွင်းရာတွင် (၆)လနောက်ဆုတ် ပေးသွင်းခွင့်နှင့် ယင်းကာလများအတွက် ပျက်ကွက်ကြေးကင်းလွတ်ခွင့်ပြု**

စာမျက်နှာ » ၁၅

## တိုက်စစ်မှူး မက်ဆီ
## ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့

အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီဟာ စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းကနေ ထွက်ခွာခဲ့ပြီးနောက် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းဆီ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့ပြီဖြစ်ပါတယ်။

**စာချုပ်သစ်ချုပ်ဆိုဖို့ အခက်အခဲရှိခဲ့**

ယခုချုပ်ဆိုလိုက်တဲ့စာချုပ်အရ တိုက်စစ်မှူး မက်ဆီဟာ စာချုပ်သက်တမ်းကုန်ဆုံးချိန်မှာ ပီအက်စ်ဂျီအသင်း၌ နောက်ထပ်တစ်နှစ်ထပ်မံကစားနိုင်မယ့်အခွင့်အရေးတစ်ရပ်လည်း ပါရှိနေတယ်လို့ သိရပါတယ်။ အသက် ၃၄ နှစ်အရွယ်ရှိ တိုက်စစ်မှူး မက်ဆီဟာ စပိန်လာလီဂါရဲ့ ဘဏ္ဍာရေးစည်းမျဉ်းအောက်မှာ စာချုပ်သစ်ချုပ်ဆိုဖို့ အခက်အခဲရှိခဲ့တာကြောင့် ဘာစီလိုနာအသင်းကနေ ထွက်ခွာခဲ့ရတာဖြစ်ပါတယ်။

နည်းပြပိုချက်တီနိုရဲ့ ပီအက်စ်ဂျီအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ပြင်သစ်ပထမတန်းဖလားပြိုင်ပွဲမှာ အမှတ်ပေးဇယား ဒုတိယနေရာနဲ့သာ ကျေနပ်ခဲ့ရတာကြောင့် တိုက်စစ်ပိုင်းမှာ နေမာ၊ အမ်ဘတ်ပီ၊ မက်ဆီ စတဲ့တိုက်စစ်အတွဲကို အသုံးပြုဖို့အတွက် တိုက်စစ်မှူး မက်ဆီကို ခေါ်ယူခဲ့တာဖြစ်ပါတယ်။ စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❖






## အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်းများ ငါးနှစ်အတွင်း စံချိန်တင်မြင့်တက်

**မန္တလေး ဩဂုတ် ၁၀**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ယခုရက်ပိုင်းအတွင်း မန္တလေးပဲဈေးကွက်အတွင်း၌ အိန္ဒိယနိုင်ငံ၏ ဝယ်လိုအားကြောင့် မတ်ပဲနှင့် ပဲစင်းငုံများမှာ အရောင်းအဝယ်အထူးကောင်းမွန်လျက်ရှိပြီး ဈေးနှုန်းမှာလည်း ငါးနှစ်အတွင်း အမြင့်ဆုံးဈေးများရရှိကာ စံချိန်တင်မြင့်တက်လျက်ရှိကြောင်း သိရသည်။

**အရောင်းသွက်**

အဆိုပါ ပဲများမှာ မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးများအနေဖြင့် မတ်ပဲသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်း၊ ယခုနှစ်ထွက်ရှိသည့် ပဲစင်းငုံအသစ်မှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်းဖြင့် အရောင်းသွက်လျက်ရှိသည်။

“ပဲစင်းငုံပေါက်ဈေးကတော့ ငါးနှစ်အတွင်းမှာ မကြုံစဖူး ထူးထူးခြားခြားပဲ ထိပ်ဆုံးဈေးကို ရောက်ရှိလာတယ်။ ၂၀၁၇ ခုနှစ်တုန်းက အိန္ဒိယနိုင်ငံရဲ့ဝယ်ယူမှုက ကန့်သတ်ချက်တွေရှိခဲ့တာကြောင့် ဈေးကွက်ဘောင်ကျဉ်းလာလို့ သုံးတင်းဝင်တစ်အိတ်ကို သုံးသောင်းကျပ်အထိ ကျဆင်းခဲ့ရပြီး အဲဒီအချိန်က တောင်သူတွေနဲ့ ကုန်သည်တွေ ဆုံးရှုံးနစ်နာမှုတွေကြုံတွေ့ခဲ့ရတယ်။ ဒီနှစ်မှာတော့ အိန္ဒိယက ငါးနှစ်ဆက်တိုက်ဝယ်ယူမယ့် သတင်းတွေကြောင့် တောင်သူတွေအဖို့ အခြေအနေကောင်းကို မြင်တွေ့နေရပါပြီ”ဟု မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

ထို့ပြင် ပြည်တွင်း၌သာ အဓိကရောင်းချရသည့် ပဲအမျိုးအစားများဖြစ်သော ကုလားပဲ၊ ပဲကြီး၊ ပဲနီပြားနှင့် စားတော်ပဲများမှာ ယခုကိုဗစ်ကာလအတွင်း ပြည်တွင်းစားသုံးမှုများပြားသည့်အတွက် ဈေးနှုန်းများမြင့်တက်လျက်ရှိပြီး လက်ရှိတွင် မန္တလေးဈေးကွက်၌ ပဲကြီးသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၄၀၀၀ နှုန်း၊ စာမျက်နှာ ၂၀ ကော်လံ ၄ သို့ ✳